# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ပဉ္စမပုံမှန်အစည်းအဝေး

# (၂၁) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၆ | (က) မာန်အောင်မြို့နယ်၊ ရဲကျွန်းပေါ်ရှိ ပြည်သူများ လုံခြုံမှုအတွက် ရဲစခန်း သို့မဟုတ် ရဲကင်းချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | (ခ) ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာတွင် အမြဲတမ်းရဲစခန်းခွဲ သို့မဟုတ် ရဲကင်းအဖြစ် သတ်မှတ်ထားရှိပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | (ဂ) ပြည်သူ့ရဲတပ်ဖွဲ့များအား လုံလောက်သောလက်နက်ကိရိယာများ၊ ဆက်သွယ်ရေးစက်များ၊ နည်းပညာများ၊ မော်တော်ယာဉ်စက်သုံးဆီများ၊ ယူနီဖောင်းများ၊ ရိက္ခာများ ဖြည့်တင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | (ဃ) ရခိုင်ကမ်းလွန်မှ Gas ၁၂ ဘီလီယံကုဗပေကို တရုတ်နိုင်ငံသို့ နှစ်စဉ်ရောင်းချရန် စီမံကိန်းကာလ နှစ်(၃၀)အတွက် ကတိကဝတ်ပြုထားသော ၇၉၃ ကီလိုမီတာရှည်သည့် မြန်မာနှင့်တရုတ် သဘာဝဓာတ်ငွေ့သွယ်တန်းမှုနှင့်ပတ်သက်၍ တစ်နှစ်တွင် Gas ရောင်းရငွေ မည်မျှရှိပြီး အမြတ်မည်မျှ ရှိပါကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပြီးသော Gas ရောင်းရငွေအမြတ် ၅ ရာခိုင်နှုန်းကို ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ မည်သည့်အချိန်တွင် ထည့်သွင်းရေးဆွဲချမှတ်ပေးမည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၀ | (င) သာစည်မြို့နယ်၊ အုတ်တွင်းအုပ်စုအတွင်းရှိ ကျေးရွာများအား လျှပ်စစ်ဓာတ်အား ဆက်သွယ်တပ်ဆင်ဆောင်ရွက် ပေးနိုင်ရေးအတွက် ထရန်စဖော်မာနှင့် 11 KV လိုင်းတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၆ |

၁၁ (စ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ လက်ထောက်ကြီးကြပ်ရေးမှူး မြို့နယ်အဆင့်မှ အငယ်တန်း အင်ဂျင်နီယာ(၂)ရာထူးသို့ တိုးမြှင့်ပေးရန် ၂၀၁၆ ခုနှစ် ဇွန်လအတွင်းက လူတွေ့စစ်ဆေးမှုကို ဖြေဆိုထားသူ (၁၀၄) ဦးမှ အရည်အချင်းပြည့်မီသူကို ရာထူးတိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၈

၁၂ (ဆ) မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယနေ့ကောက်ယူနေသော လျှပ်စစ်မီတာခကို သင့်တင့်မျှတသော စျေးနှုန်းသို့ ပြောင်းလဲသတ်မှတ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၃၂

၁၃ (ဇ) ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ရန်ကင်းမြို့နယ် အပါအဝင် မြို့နယ်အချို့၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် လျှပ်စစ်ဓာတ်အားခ ကောက်ခံခြင်းလုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ပုဂ္ဂလိကသို့ ငှားရမ်းဝန်ဆောင်မှု ပေးနေခြင်းနှင့် ပတ်သက်၍ ကန်ထရိုက်စာချုပ်ပါ အချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစွာ ချပြနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၃၆

၁၄ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း ၄၀

၁၅ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း ၆၃

၁၆ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၇၃

၁၇ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၈၀

၁၈ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၉၉

၁၉ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၁၀၇

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး

## (၂၁)ရက်မြောက်နေ့ အစီအစဉ်

## [ ၂၆–၆–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်နု(ခ)ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်၊ ရဲကျွန်းပေါ်ရှိ ပြည်သူများလုံခြုံမှုအတွက် ရဲစခန်း သို့မဟုတ် ရဲကင်း ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **ကျွန်းစုမြို့နယ်၊ ညောင်ဘီး ကျေးရွာတွင် အမြဲတမ်းရဲစခန်းခွဲ သို့မဟုတ် ရဲကင်းအဖြစ် သတ်မှတ်ထားရှိပေးရန်အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၏ **ပြည်သူ့ရဲတပ်ဖွဲ့များအား လုံလောက်သော လက်နက်ကိရိယာများ၊ ဆက်သွယ်ရေးစက်များ၊ နည်းပညာများ၊ မော်တော်ယာဉ်စက်သုံးဆီများ၊ ယူနီဖောင်းများ၊ ရိက္ခာများ ဖြည့်တင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **ရခိုင်ကမ်းလွန်မှ Gas ၁၂ ဘီလီယံ ကုဗပေကို တရုတ်နိုင်ငံသို့ နှစ်စဉ်ရောင်းချရန် စီမံကိန်း ကာလ နှစ်(၃၀)အတွက် ကတိကဝတ်ပြုထားသော ၇၉၃ ကီလိုမီတာရှည်သည့် မြန်မာနှင့်တရုတ် သဘာဝဓာတ်ငွေ့ သွယ်တန်းမှုနှင့် ပတ်သက်၍ တစ်နှစ်တွင် Gas ရောင်းရငွေမည်မျှရှိပြီး အမြတ် မည်မျှရှိပါကြောင်း နှင့် ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပြီးသော Gas ရောင်းရငွေ အမြတ် ၅ % ကို ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ မည်သည့်အချိန်တွင် ထည့်သွင်းရေးဆွဲချမှတ်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်၊ အုတ်တွင်းအုပ်စု အတွင်းရှိ ကျေးရွာများအား လျှပ်စစ်ဓာတ်အား ဆက်သွယ်တပ်ဆင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ထရန်စဖော်မာနှင့် 11 KV လိုင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်အေး၊ နတ်တလင်း မဲဆန္ဒနယ်၏ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနရှိ လက်ထောက်ကြီးကြပ်ရေးမှူး မြို့နယ်အဆင့်မှ အငယ်တန်း အင်ဂျင်နီယာ(၂) ရာထူးသို့ တိုးမြှင့်ပေးရန် ၂၀၁၆ ခုနှစ်၊ ဇွန်လအတွင်းက လူတွေ့စစ်ဆေးမှုကို ဖြေဆိုထားသူ (၁၀၄)ဦးမှ အရည်အချင်း ပြည့်မီသူ များကို ရာထူးတိုးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယနေ့ ကောက်ယူနေသော လျှပ်စစ်မီတာခကို သင့်တင့်မျှတသော ဈေးနှုန်းသို့ ပြောင်းလဲသတ်မှတ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရန်ကင်းမြို့နယ် အပါအဝင် မြို့နယ်အချို့၏ လျှပ်စစ်**

**ဓာတ်အားဖြန့်ဖြူးရေးနှင့် လျှပ်စစ်ဓာတ်အားခ ကောက်ခံခြင်း လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ပုဂ္ဂလိကသို့ ငှားရမ်းဝန်ဆောင်မှု ပေးနေခြင်းနှင့် ပတ်သက်၍ ကန်ထရိုက်စာချုပ်ပါ အချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစွာ ချပြနိုင်ခြင်း ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"တရားခံ လွှဲပြောင်းရေး ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"တရားခံ လွှဲပြောင်းရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှု ရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၂။ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်က တင်သွင်းသည့် **"ရှမ်းပြည်နယ်၊ ညောင်ရွှေ မြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူ အားလုံးပါဝင်သော စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်သန်းငွေ၊ တောင်ကြီး မဲဆန္ဒနယ်၊

(ခ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၊

(ဂ) ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်၊ မိုးကုတ် မဲဆန္ဒနယ်၊

(ဃ) ဦးခင်ချို၊ လိှုင်းဘွဲ့ မဲဆန္ဒနယ်၊

(င) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(စ) ဒေါ်နန်းခင်စော၊ ကွန့်ဟိန်း မဲဆန္ဒနယ်၊

(ဆ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ဇ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

၁၃။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၂၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်
## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၂) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၂ ရက်၊

(၃) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန် ခွင့် ၁ ရက်၊

(၄) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ ခွင့် ၅ ရက်၊

(၅) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၅ ရက်၊

(၆) စဥ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် ခွင့် ၂ ရက်၊

(၇) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၈) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊

(၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၂ ရက်၊

(၁၀) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၁၁) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၂ ရက်၊

(၁၂) မိုင်းဆတ်မဲဆန္ဒယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၅ ရက်၊

(၁၃) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊

(၁၄) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် ၄ ရက်၊

(၁၅) ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် ခွင့် ၅ ရက်၊

(၁၆) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၁၇) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၁၈) ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၅ ရက်၊

(၁၉) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၅ ရက်၊

(၂၀) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၂၁) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၅ ရက်၊

(၂၂) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၂၃) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၂ ရက်၊

(၂၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၂၅) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊

(၂၆) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၂၇) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၃ ရက်၊

(၂၈) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၁ ရက်၊

(၂၉) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၅ ရက်၊

(၃၀) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊

(၃၁) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၃၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၃၃) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၁ ရက်၊

(၃၄) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၁ ရက်၊

(၃၅) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁ ရက်၊

(၃၆) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၃၇) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ခွင့် ၁ ရက်၊

(၃၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုး ခွင့် ၁ ရက်၊

(၃၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၁ ရက်၊

(၄၀) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဒေါက်တာတင်ဒွေးအောင် ခွင့် ၁ ရက်၊

(၄၁) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊

(၄၂) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊

(၄၃) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၄၄) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊

(၄၅) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဒွေးဝင်း ခွင့် ၁ ရက်၊

(၄၆) ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ခွင့် ၁ ရက်၊

(၄၇) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်နှင့်

(၄၈) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ၁ ခွင့်ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၈ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မာန်အောင်မြို့နယ်၊ ရဲကျွန်းပေါ်ရှိ ပြည်သူများ လုံခြုံမှုအတွက် ရဲစခန်း သို့မဟုတ် ရဲကင်းချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု (ခ) တင်နုအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်နု (ခ) တင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု (ခ) တင်နုအောင်

ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ မာန်အောင်မြို့နယ်အတွင်းရှိ ရဲကျွန်းပေါ်နေထိုင်ကြတဲ့ပြည်သူများရဲ့ လုံခြုံမှုအတွက် ရဲကျွန်းပေါ်တွင် ရဲစခန်း သို့မဟုတ် ရဲခင်းချထားပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူများရဲ့ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရခြင်းအကြောင်းအရင်းကို ကျွန်တော် တင်ပြပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ ရခိုင်ပြည်နယ်အတွင်းမှာရှိပြီး ဘင်္ဂလားပင်လယ်ထဲမှာရှိတဲ့ကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒုတိယအကြီးဆုံးကျွန်း ဖြစ်ပါတယ်။ ကျေးရွာအုပ်စု ၃၆ အုပ်စု၊ မြို့ရပ်ကွက်ငါးရပ်ကွက်နဲ့ ကျေးရွာပေါင်း ၁၃၇ ရွာရှိပါတယ်။ ကျေးရွာအုပ်စု ၃၆ အုပ်စုမှာ ရဲကျွန်းအုပ်စုလည်း ပါဝင်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲကျွန်းဟာ ကျွန်တော်တို့ မာန်အောင်မြို့နယ်ထဲမှာပါဝင်ပြီး မာန်အောင်ကျွန်းရဲ့အရှေ့ဘက် ရေမိုင် ၁၂ မိုင်ခန့်အကွာမှာ ရှိပါတယ်။ ဘင်္ဂလားပင်လယ်အော်ထဲမှာ သီးခြားတည်ရှိနေတဲ့ကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။ အဲဒီကျွန်းပေါ်မှာ ရဲကျွန်းမြောက်ရွာနှင့် ရဲကျွန်းတောင်ရွာလို့ခေါ်တဲ့ ရွာကြီးနှစ်ရွာ ရှိပါတယ်။ တောင်ရွာနဲ့မြောက်ရွာနှစ်ရွာပေါင်းဟာ အိမ်ခြေ ၆၀၀ ခန့်ရှိပြီး လူဦးရေ ၁၈၀၀ ကျော်နေထိုင်လျက်ရှိကြပါတယ်။ တွဲဖက်အစိုးရအထက်တန်းကျောင်းတစ်ကျောင်းနဲ့ ကျေးလက်ကျန်းမာရေးဌာနတစ်ခုဟာ ရဲကျွန်းမြောက်ရွာမှာ ရှိကြပါတယ်။ ရဲကျွန်းပေါ်မှာနေထိုင်ကြတဲ့ပြည်သူတွေဟာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင်ပြေကြပေမဲ့ လုံခြုံရေးနှင့်ပတ်သက်လို့ ဘဝင်မကျဖြစ်နေကြပါတယ်။ စီးပွားရေးအဆင်ပြေသူတချို့ဆိုရင် လုံခြုံရေးကိုစိတ်မချလို့ ရဲစခန်းရှိတဲ့၊ နီးစပ်တဲ့ မာန်အောင်မြို့နဲ့တောင်ကုတ်မြို့များကို ပြောင်းရွှေ့သွားတာကိုလည်း တွေ့နေကြရပါတယ်။ ရာသီဥတုဆိုးတဲ့မိုးရာသီရောက်ပြီဆိုရင် ရဲကျွန်းပေါ်မှာနေထိုင်ကြတဲ့ ပြည်သူတွေဟာ လုံခြုံမှုအတွက် ပိုပြီးစိတ်သောကရောက်ကြရပါတယ်။ ဘယ်နေ့ ဘယ်အချိန်မှာ ဒုက္ခပေးမယ့်လူဆိုး၊ ဓားပြတွေ ကျွန်းပေါ်ကိုရောက်လာပါ့မလဲဆိုတာ အမြဲတွေးပြီး ကြောက်လန့်နေကြရပါတယ်။ ကျွန်တော် ရဲကျွန်းကိုရောက်တိုင်း၊ ရောက်တိုင်း ရဲကျွန်းပေါ်မှာနေထိုင်ကြတဲ့ပြည်သူတွေက သူတို့ကျွန်းပေါ်မှာ ရဲစခန်း သို့မဟုတ် ရဲကင်းတစ်ခု ထားပေးဖို့အတွက် သက်ဆိုင်ရာကိုတင်ပြပေးဖို့ ကျွန်တော့်ကို အမြဲတင်ပြတောင်းဆိုကြပါတယ်။ ဒါကြောင့် ပြည်သူများရဲ့ ဘဝလုံခြုံဖို့အတွက် ရဲကျွန်းပေါ်မှာ ရဲစခန်း သို့မဟုတ် ရဲကင်းချထားပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက ဘယ်အချိန်မှာဆောင်ရွက်ပေးမယ်။ မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိရှိလိုသည့်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းပေးနိုင်ပါရန် ပြည်သူများရဲ့ကိုယ်စား တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု (ခ) တင်နုအောင် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် မှာ ပြည်ထဲရေးဝန်ကြီးကိုယ်စား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ် ဟာ အကျယ်အဝန်းအားဖြင့် ၂၀၂.၀၅ စတုရန်းမိုင်ကျယ်ဝန်းပြီး အရှေ့ဘက်မှာ ဘင်္ဂလားပင်လယ် အော်နှင့် ရမ်းဗြဲရေလက်ကြား၊ မြောက်ဘက်မှာ ရမ်းဗြဲကျွန်းနှင့်ရမ်းဗြဲရေလက်ကြား၊ အနောက်ဘက် နှင့်တောင်ဘက်တို့မှာ ဘင်္ဂလားပင်လယ်အော်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါတယ်။ မာန်အောင် မြို့နယ်မှာ ရေလယ်ကျွန်းများဖြစ်တဲ့ မာန်အောင်ကျွန်း၊ ရဲကျွန်း၊ တိုက်ကျွန်းတို့ရှိပြီးတော့ ရပ်ကွက်ငါး ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆ အုပ်စု၊ ကျေးရွာပေါင်း ၁၃၇ ရွာ၊ အိမ်ခြေ ၁၃၄၉၉ ခု၊ အိမ်ထောင်စုပေါင်း ၁၅၅၃၀ စုရှိပြီး လူဦးရေအားဖြင့် လက်ရှိစာရင်းဇယားများအရ ၅၃၈၂၇ ဦး နေထိုင်လျက်ရှိပါတယ်။ အဓိကစီးပွားရေးလုပ်ငန်းအနေဖြင့် ရေလုပ်ငန်းနှင့်စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက် လျက်ရှိပါတယ်။

မာန်အောင်မြို့နယ်ထဲမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတစ်ရုံး၊ မာန်အောင်မြို့မရဲစခန်းနှင့် ဆားချက် နယ်မြေရဲစခန်းတို့ရှိပြီးတော့ မာန်အောင်မြို့နယ်ရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံအင်အားမှာ အရာရှိ ၂၇ ဦး၊ အခြားအဆင့် ၁၁၄ ဦး စုစုပေါင်း ၁၄၁ ဦး ခွင့်ပြုထားပေမဲ့လည်း လက်ရှိမှာ အရာရှိ ၁၂ ဦး၊ အခြားအဆင့် ၈၉ ဦး စုစုပေါင်း ၁၀၁ ဦးနဲ့ လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိပါတယ်။ ဒါ့အပြင် ဆားချက်နယ်မြေရဲစခန်းရဲ့ ဖွဲ့စည်းပုံက အရာရှိရှစ်ဦး၊ အခြားအဆင့် ၃၇ ဦး စုစုပေါင်း ၄၅ ဦးရှိပြီး လက်ရှိမှာ အရာရှိတစ်ဦး၊ အခြားအဆင့် ၂၂ ဦး စုစုပေါင်း ၂၃ ဦးနဲ့ လုပ်ငန်းတာဝန်များကိုလည်း

ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မာန်အောင်မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု အခြေအနေကိုတင်ပြရရင် ၂၀၁၆ ခုနှစ်မှာ အမှုကြီးသုံးမှု၊ အခြားအမှု ၇၄ မှု၊ ၂၀၁၇ ခုနှစ် ဇွန်လအထိ အခြားအမှု ၃၃ မှုဖြစ်ပွားခဲ့ပါတယ်။ ဆားချက်နယ်မြေရဲစခန်းထဲမှာတော့ ၂၀၁၆ ခုနှစ်မှာ အခြားအမှု ခြောက်မှုနဲ့ ၂၀၁၇ ခုနှစ်၊ ဇွန်လအထိကိုတော့ အခြားအမှုခုနစ်မှု ဖြစ်ပွားခဲ့ကြောင်းလည်း သုံးသပ်တွေ့ရှိရပါတယ်။ ဆားချက်နယ်မြေရဲစခန်းအပိုင်နယ်မြေထဲမှာ ရဲကျွန်းပေါ်မှာရှိတဲ့ရဲကျွန်းကျေးရွာအုပ်စုဟာ အမှုဖြစ်ပွားမှုအနေနဲ့ကတော့ ၂၀၁၅ ခုနှစ်မှာ အခြားအမှုတစ်မှုဖြစ်ပွားခဲ့ပြီးတော့ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ဇွန်လအထိမှာတော့ မှုခင်းများဖြစ်ပွားမှုမရှိကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ရဲကျွန်းကျေးရွာအုပ်စုဟာ ရဲကျွန်းတောင်ရွာနှင့် ရဲကျွန်းမြောက်ရွာဟုရှိပြီးတော့ ကျေးရွာနှစ်ရွာမှာ အိမ်ခြေစုစုပေါင်း ၆၁၀ ခု၊ အိမ်ထောင်စု ၆၁၀ စုရှိပြီး လူဦးရေစုစုပေါင်းမှာ လက်ရှိ ၂၂၅၀ ဦး နေထိုင်လျက်ရှိပါတယ်။ အဓိကစီးပွားလုပ်ငန်းကတော့ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ကြပါတယ်။ ဆက်သွယ်မှုစနစ်အနေနဲ့ကတော့ လက်ရှိ ဂုင်းကျွန်းနှင့် MPT တယ်လီဖုန်းနဲ့ တယ်လီနောတယ်လီဖုန်းတွေကိုလည်း အသုံးပြုဆက်သွယ်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ရဲကျွန်းကျေးရွာအုပ်စုဟာ ဆားချက်နယ်မြေရဲစခန်းကနေ ရေမိုင် ၁၀ မိုင်ခန့်ကွာဝေးပြီး စက်လှေနဲ့ တစ်နာရီခန့် သွားရောက်ရပါတယ်။ ရဲကျွန်းကျေးရွာအုပ်စုသို့ ဆားချက်နယ်မြေရဲစခန်းမှာရှိတဲ့ တပ်ဖွဲ့ဝင်များက ရွာစင်ကျယ်လှည့်ကင်းအနေနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ဆက်သွယ်ပြီး နယ်မြေသတင်းစုံစမ်းမေးမြန်းခြင်းနဲ့ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့မာန်အောင်မြို့နယ်၊ ရဲကျွန်းပေါ်မှာရှိတဲ့ ရဲကျွန်းကျေးရွာအုပ်စုအတွင်းမှာ လူဦးရေအခြေအနေနှင့် မှုခင်းဖြစ်ပွားမှုနည်းပါးတဲ့အတွက်ကြောင့်မို့လို့ ဆားချက်နယ်မြေရဲစခန်းမှ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုလွှမ်းခြုံရေးလုပ်ငန်းတွေကို ပူးတွဲတာဝန်ထမ်းဆောင်ပေးလျက်ရှိတဲ့အတွက် ရဲကင်းစခန်းချထားပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဆားချက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များဖြင့် ရွာစင်ကျယ်လှည့်ကင်းများဆောင်ရွက်ပြီး လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာန ကျွန်းနာမည်က ရဲကျွန်း။ ရဲကျွန်းမှာ ရဲမရှိဘူး။ ရဲကင်းမရှိဘူးဆိုတော့ နည်းနည်းတော့ စဉ်းစားဖို့တော့ကောင်းပြီ။

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်တင်ရီ ခဏနေဦး။

**ဦးတင်နု(ခ)တင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့အခုလို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးတဲ့အတွက် အလွန်မှကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လို့ အထူးသဖြင့် မေလနဲ့ စက်တင်ဘာလပေါ့။ အဲဒီ ငါးလဟာ အလွန်အင်မတန်မှ ရာသီဥတုဆိုးရွားပါတယ်။ သွားဖို့လာဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အထူးသဖြင့်က ဒီ ငါးလအတွင်းမှာ ဒီရဲကျွန်းပေါ်မှာ လုံခြုံရေးချထားရင် ပိုပြီးကောင်းပါမယ်။ ဘာလို့လဲဆိုရင် အဲဒီမှာ ခဏခဏသတင်းထွက်တယ်။ သတင်းထွက်တယ်ဆိုတာက ကုလားဆိုးတွေ တက်လာပြန်ပြီ။ ဘာဖြစ်တယ်။ ညာဖြစ်တယ်ဆိုပြီး ကျွန်တော်တို့ မာန်အောင်ကရှိ တဲ့လူတွေကလည်း စိတ်မချမ်းသာဘူး။ ဘာဖြစ်လို့လဲဆိုရင် မသွားနိုင် မလာနိုင်ဘူး။ ဒီ ငါးလအတွင်းမှာ ဒီရဲတွေကို ကျွန်းပေါ်မှာ ထားပေးနိုင်၊ မထားပေးနိုင် ကျွန်တော် တစ်ဆက်တစ်စပ်တည်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။ မိုက်ပိတ်ပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားပါမယ်။ ကျွန်တော့်အနေနဲ့လည်း ကျွန်တော်တို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်မြို့နယ်အသီးသီးကနေပြီး ရဲကင်းတွေ၊ ရဲစခန်းတွေ တောင်းဆိုမှုတွေလည်း များစွာရှိပါတယ်။ ဒီလိုတောင်းဆိုတိုင်းမှာလည်း ကျွန်တော်တို့က နယ်မြေအခြေအနေပေါ်မူတည်ပြီးတော့ ဖွင့်ပေးနိုင်တဲ့ဘက်ကနေ ကျွန်တော်တို့ ဦးတည်ပြီး အမြဲတမ်း စဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။ ဘာကြောင့်လည်း နယ်မြေတွေမှာလည်း တကယ့်လိုအပ်ချက်တွေ ရှိလာနိုင်တယ်ဆိုတာကို ကျွန်တော်သုံးသပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဲဒီလို နယ်မြေတွေကို ရဲစခန်းတွေဖွင့်လှစ်ပေးဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့အခါမှာ ဒီနေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်အလိုက် မဖြစ်မနေဖွင့်လှစ်ဖို့အတွက် ကျွန်တော်တို့ ပြည်ထောင်စု အစိုးရကနေ အတည်ပြု ခွင့်ပြုထားပြီးသား မြို့မရဲစခန်း၊ နယ်မြေရဲစခန်း၊ ရဲကင်း စုစုပေါင်း ၁၂၅၁ ခု

ရှိပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ တကယ်ဖွင့်ပြီးနိုင်တာက ၁၁၂၆ ခုပဲ ဖွင့်လှစ်နိုင်ပါသေးတယ်။ နယ်မြေရဲ့လိုအပ်ချက်နဲ့ အစိုးရရဲ့ခွင့်ပြုချက်အရ ထပ်မံဖွင့်လှစ်ဖို့ကျန်တာက မြို့မရဲစခန်း ငါးခု၊ နယ်မြေရဲစခန်း ၂၇ ခုနဲ့ ရဲကင်း ၉၃ ခု စုစုပေါင်း ၁၂၅ ခုဟာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုချက်အရ ဆက်လက်ပြီးဖွင့်လှစ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရဲကင်းတွေ တောင်းဆိုတိုင်းမှာ ကျွန်တော်တို့ လက်ရှိခွင့်ပြုပြီးသားတောင်မှ မဖွင့်လှစ်ပေးနိုင်သေးတဲ့အတွက်ကြောင့် အခြေအနေ အချိန်အခါကိုကြည့်ပြီး ကျွန်တော်တို့လည်း မဖွင့်သေးနိုင်ကြောင်း ပြန်လည်တင်ပြခြင်းဖြစ်ပါတယ်။ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ရာသီဥတုဆိုးရွားတဲ့ကာလတွေမှာလည်း ကျွန်တော်တို့ နယ်မြေရဲ့လုံခြုံရေး၊ ဒေသရဲ့လုံခြုံရေးအတွက် တောင်းဆိုတာလည်း မှန်ပါတယ်ခင်ဗျ။ ဒါကြောင့်လည်း ကျွန်တော်ခုနတင်ပြခဲ့သလို ကျွန်တော်တို့ ဆက်သွယ်မှုစနစ်လည်း ကောင်းပါတယ် ခင်ဗျ။ ဒါကြောင့် မြေပြင်လိုအပ်ချက် အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ကျွန်တော်တို့ပေါင်းစပ်ပြီး နယ်မြေ လှည့်ကင်းတွေလည်း ပုံမှန်ဆောင်ရွက်လျက်ရှိပါတယ်။ အကယ်၍ နယ်မြေသတင်းတွေအရ လိုအပ် ချက်ရှိတဲ့အချိန်မှာလည်း လိုအပ်တဲ့လှည့်ကင်းတွေကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာတွင် အမြဲတမ်းရဲစခန်းခွဲ သို့မဟုတ် ရဲကင်းအဖြစ် သတ်မှတ်ထားရှိ ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းမှာ ကျွန်းစု မြို့နယ်၊ ညောင်ဘီးကျေးရွာအုပ်စု၊ ညောင်ဘီးကျေးရွာတွင် အမြဲတမ်းရဲစခန်း သို့မဟုတ် ရဲကင်းတစ်ခု ထားရှိပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးမြန်းရခြင်းအကြောင်းအရင်းမှာ ညောင်ဘီး အ.ထ.က ကျောင်းတွင် စာစစ်ဌာနရရှိရေးအတွက်ဆောင်ရွက်ရာ ညောင်ဘီးအုပ်စု၊ မောင်းလှော်အုပ်စု၊ ပန်းဇင်အုပ်စု၊ ကျွဲခရံအုပ်စု လေးခုမှာ ကျောင်းသားပေါင်း ၃၁၇ ဦးအား အုပ်ထိန်းသူ ၂၀၀ လိုက်ပါလျှင် လူဦးရေ ၅၀၀ ကျော်၊ စက်လှေငါးစင်းဖြင့် ရေမိုင် ၄၂ မိုင်ဝေးကွာ သည့် ကျွန်းစုမြို့သို့ လှိုင်းဒဏ်၊ လေဒဏ်နှင့်သွားရောက်၍ အထက်တန်းစာမေးပွဲကို သွားရောက်ဖြေဆို နေကြရာ ခရီးပန်းနွမ်းနယ်ခြင်း၊ အလုပ်အကိုင်ပျက်စီးခြင်း၊ တည်းခိုနေထိုင်ရေးအခက်အခဲ၊ ငွေရေး

ကြေးရေးအခက်အခဲနဲ့ ရေရှားပါးမှုနဲ့ရင်ဆိုင်နေရပါသည်။ သို့ဖြစ်၍ ညောင်ဘီး အ.ထ.က စာစစ်ဌာန ရရှိရေးအတွက် လိုအပ်ချက်များကို အဘက်ဘက်မှ စနစ်တကျ ပြည့်စုံလုံလောက်အောင် ဆောင်ရွက်ထားရှိပြီးဖြစ်သော်လည်း ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အထက်တန်းစာစစ်ဌာနဖွင့်လှစ်ရန် အမှုတွဲများ ဆောင်ရွက်ခြင်း၊ လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း ဆောင်ရွက်ထားရှိခဲ့သော်လည်း နောင်တွင် စာစစ်ဌာနချထားရာတွင် ပါဝင်ခွင့်ရရှိစေရန် လုံခြုံရေးအတွက်လိုအပ်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစခန်းရရှိရေးကို ညှိနှိုင်းဆောင်ရွက်ထားရှိသင့်ကြောင်းနှင့် နောင်လာမည့်နှစ်တွင် သတ်မှတ်ချက် ပြည့်စုံအောင် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးမှ အကြံပြုခဲ့ပါသည်။ အဲဒါ ညောင်ဘီးကျောင်းရဲ့မြေပုံဖြစ်ပါတယ်ရှင့်။ ဒါ ညောင်ဘီးကျောင်းကို စာစစ်ဌာနရရှိရန် မေးခွန်းဘဏ်တိုက်ကို ဆောက်လုပ်ထားပြီးသားဖြစ်ပါတယ်။ အဲဒါ ညောင်ဘီးကျောင်းပါ။ အဲဒါ ညောင်ဘီးစာစစ်ဌာနရရှိရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ထားမှု အခြေအနေဖြစ်ပါတယ်။ အဲဒါလည်း ညောင်ဘီးကျောင်းရဲ့ အကျယ်အဝန်းနေရာပုံစံပြမြေပုံ ဖြစ်ပါတယ်ရှင်။ စာစစ်ဌာနထားရှိဖို့ ကြိုတင်ပြင်ဆင်ထားတဲ့စာစစ်ဌာနအခန်းတွေ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒီဟာလည်း ညောင်ဘီးကျောင်းရဲ့ အနေအထားဖြစ်ပါတယ်။ ဒီမှာ သန့်စင်ခန်းအပါအဝင် အိမ်သာတွေနဲ့ သန့်ရှင်းရေးအခန်းတွေနဲ့ လုံခြုံရေး၊ စစ်ဆေးရေးအခန်းတွေကို ထားရှိထားပြီးသား ဖြစ်ပါတယ်။ ဒီမှာ ညောင်ဘီးရွာကနေပြီးတော့ ကျွန်းစုမြို့နယ်ကိုသွားဖို့ ကျောင်းသားတွေနဲ့ ကျောင်းသားမိဘတွေဟာ ကမ်းနားကို ထော်လာဂျီနဲ့ဆင်းလာပြီး စက်လှေတွေနဲ့ကျွန်းစုကိုသွားဖို့ ပြင်ဆင်နေတဲ့ပုံဖြစ်ပါတယ်။ ဒီမှာ စားနပ်ရိက္ခာ ဆန်အိတ်တွေသယ်ဆောင်ပြီးတော့ ကျွန်းစုမြို့နယ်ကိုထွက်ခွာဖို့ ပြင်ဆင်နေတဲ့ပုံဖြစ်ပါတယ်။ အဲဒါလေးမှာ ကျွန်းစုမြို့နယ်ကို သွားတဲ့ပုံဖြစ်ပါတယ်။ ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေ၊ အုပ်ထိန်းသူတွေ ကျွန်းစုမြို့နယ်ကို သွားနေတဲ့ပုံဖြစ်ပါတယ်ရှင်။ နောက် ကျွန်းစုတံတားပေါ်မှာ ရိက္ခာတွေသယ်ပြီးတော့ ကျွန်းစုမြို့နယ်ကို တက်သွားတဲ့ပုံဖြစ်ပါတယ်။ သို့ပါ၍ ညောင်ဘီး အ.ထ.က အထက်တန်းစာစစ်ဌာနရရှိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း သို့မဟုတ် ရဲကင်းတစ်ခုကို ထားရှိပေးနိုင်ခြင်း ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းပေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ မေးမြန်းခဲ့တဲ့ မေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားပါမယ်။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်ဟာ ၁၈၃၈.၄၈ စတုရန်းမိုင်ကျယ်ဝန်းပြီးတော့ အရှေ့ဘက်မှာ မြိတ်မြို့နယ်၊ အနောက်ဘက်မှာ ကပ္ပလီပင်လယ်၊ တောင်ဘက်မှာ ဘုတ်ပြင်းမြို့နယ်၊ မြောက်ဘက်မှာ ပုလောမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါတယ်။ ကျွန်းစုမြို့နယ်ဟာ ကျွန်းပေါင်း ၂၀၁ ကျွန်းနဲ့ဖွဲ့စည်းထားပြီးတော့ ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀၊ ကျေးရွာပေါင်း ၁၅၂ ရွာ၊ အိမ်ခြေစုစုပေါင်း ၂၇၂၄၁ အိမ်၊ အိမ်ထောင်စု ၃၀၆၇၈ စုရှိပြီး လူဦးရေအားဖြင့် ၁၇၅၀၃၈ ဦးရှိပါတယ်။ အဓိကစီးပွားရေးလုပ်ငန်းကတော့ ရေလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါတယ်။ လက်ရှိကျွန်းစုမြို့နယ်ထဲမှာတော့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး တစ်ရုံး၊ မြို့မရဲစခန်း တစ်ခုနဲ့ သဇင်နယ်မြေရဲစခန်းတစ်ခု၊ ကံမော်နယ်မြေရဲစခန်းတစ်ခု၊ ရှော်တောမော်နယ်မြေရဲစခန်းတစ်ခုနှင့် တောပြားရဲစခန်းတစ်ခုတို့ကို ကျွန်တော်တို့ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။

ကျွန်းစုမြို့နယ်၊ သဇင်နယ်မြေရဲစခန်းဟာ ကျွဲခရံကျေးရွာအုပ်စု၊ သဇင်ကျေးရွာအုပ်စုတွင် တည်ရှိပြီးတော့ ဖွဲ့စည်းပုံအားဖြင့် အရာရှိ ရှစ်ဦး၊ အခြားအဆင့် ၃၇ ဦး စုစုပေါင်း ၄၅ ဦးရှိပြီး လက်ရှိမှာ တော့ အရာရှိ နှစ်ဦး၊ အခြားအဆင့် ၁၀ ဦး စုစုပေါင်း ၁၂ ဦးနှင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက် ရှိပါတယ်။ သဇင်နယ်မြေရဲစခန်းပိုင်နယ်မြေထဲမှာတော့ ကျေးရွာအုပ်စု ခုနစ်စု၊ ကျေးရွာပေါင်း ၂၉ ရွာ၊ အိမ်ခြေ ၄၅၅၆ အိမ်၊ အိမ်ထောင်စု ၄၉၉၇ စု၊ လူဦးရေအားဖြင့် ၄၀၈၄၃ ဦးတို့ ရှိပြီးတော့ သဇင်နယ်မြေရဲစခန်းအပိုင်တွင် အမှုဖြစ်ပွားမှုအနေနဲ့ ၂၀၁၅ ခုနှစ်မှာ ၂၀၁၇ ခုနှစ် မေလအထိ အမှုကြီးဖြစ်ပွားမှုမရှိဘဲနဲ့ အခြားအမှုဖြစ်ပွားမှုအနေနဲ့ကတော့ ၂၀၁၅ ခုနှစ်မှာ ငါးမှု၊ ၂၀၁၆ ခုနှစ်မှာ ငါးမှုနှင့် ၂၀၁၇ ခုနှစ် ဇွန်လအထိ တစ်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရပါတယ်။ ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာဟာ သဇင်နယ်မြေရဲစခန်းအပိုင်နယ်မြေအတွင်းမှာတည်ရှိပြီး သဇင်နယ်မြေရဲစခန်းကနေပြီး ရေမိုင် ခြောက်မိုင်ကွာဝေးပြီး စက်လှေနဲ့ မိနစ် ၃၀ ခန့်သွားရတဲ့နယ်မြေလည်းဖြစ်ပါတယ်။ လက်ရှိ ဆက်သွယ်ရေးအနေနဲ့ MPT နဲ့ Telenor တယ်လီဖုန်းများကိုလည်း ဆက်သွယ်အသုံးပြုနိုင်ပါတယ်။ ညောင်ဘီးကျေးရွာအုပ်စုမှာ ညောင်ဘီးရွာ၊ ပဲယာရွာ၊ အညှင်းရွာတို့ ပါရှိပြီးတော့ အိမ်ခြေ ၇၉၁ အိမ်ရှိပြီး အိမ်ထောင်စုပေါင်း ၈၅၇ အိမ်၊ လူဦးရေ ၄၈၀၄ ဦးနေထိုင်ကြ

ပါတယ်။ ညောင်ဘီးမှာ မှုခင်းဖြစ်ပွားမှုအနေနဲ့ကတော့ ၂၀၁၅ ခုနှစ်အတွင်းမှာ အခြားအမှု တစ်မှုသာ ဖြစ်ပွားခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ် ဇွန်လအထိကိုတော့ မှုခင်းဖြစ်ပွားမှုမရှိကြောင်းလည်း သုံးသပ်တွေ့ရှိရပါတယ်။ လက်ရှိ သဇင်နယ်မြေရဲစခန်းဟာ ညောင်ဘီးကျေးရွာကို ရေမိုင် ခြောက်မိုင်ခန့်သာ ကွာဝေးတဲ့အတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုလည်း သဇင်နယ်မြေရဲစခန်းကပဲ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်းစုမြို့နယ်မှာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနလေးခုဖွင့်လှစ်ပေးခဲ့ပါတယ်။ ၎င်းစာစစ်ဌာနတွေကတော့ ကျွန်းစုမြို့အထက်တန်းကျောင်း၊ ကတ္တလူရွာအထက်တန်းကျောင်း၊ စခန်းသစ်ရွာအထက်တန်းကျောင်းနှင့် ကံမော်ရွာအထက်တန်းကျောင်းတို့ဖြစ်ပါတယ်။ ကျွန်းစုမြို့နယ်အထက်တန်းကျောင်းစာစစ်ဌာနတွင် ကျွန်းစုမြို့နယ်အထက်တန်းကျောင်း၊ ကမ်းကြီးရွာအထက်တန်းကျောင်းခွဲနှင့် ညောင်ဘီးအထက်တန်းကျောင်း၊ ပန်းဇင်အထက်တန်းကျောင်းခွဲ၊ သဇင်အထက်တန်းကျောင်းခွဲ၊ မောင်းလျှော်အထက်တန်းကျောင်းခွဲတွေက ကျောင်းသားကျောင်းသူများ နှစ်စဉ်သွားရောက်ဖြေဆိုခဲ့ကြပါတယ်။ သို့သော်လည်း ယခုအခါမှာတော့ ညောင်ဘီးကျေးရွာနှင့် ခြောက်မိုင်သာကွာဝေးတဲ့ သဇင်မှာ ကျွန်တော်တို့ အထက်တန်းကျောင်းခွဲအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်သတ်မှတ်ပြီးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် သဇင်နယ်မြေရဲစခန်းလည်း တည်ရှိပြီးဖြစ်တဲ့အတွက် စာစစ်ဌာနအဖြစ် ဖွင့်လှစ်ခွင့်လည်း လျှောက်ထားနိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ညောင်ဘီးကျေးရွာအုပ်စုမှာ လူဦးရေနှင့် မှုခင်းဖြစ်ပွားမှုနည်းပါးခြင်း၊ သဇင်နယ်မြေရဲစခန်းမှ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး လွှမ်းခြုံဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ညောင်ဘီးကျေးရွာမှာ အမြဲတမ်းရဲစခန်း သို့မဟုတ် ရဲကင်းဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်သူ့ရဲတပ်ဖွဲ့များအား လုံလောက်သောလက်နက်ကိရိယာများ၊ ဆက်သွယ်ရေးစက်များ၊ နည်းပညာများ၊ မော်တော်ယာဉ်စက်သုံးဆီများ၊ ယူနီဖောင်းများ၊ ရိက္ခာများ ဖြည့်တင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်တဲ့မေးခွန်းကတော့ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့

ပြည်သူ့ ရဲတပ်ဖွဲ့များအား လုံလောက်တဲ့လက်နက်ရိက္ခာများ၊ ဆက်သွယ်ရေးစက်များ၊ နည်းပညာများ၊ မော်တော်ယာဉ်၊ စက်သုံးဆီများ၊ ယူနီဖောင်းများ၊ ရိက္ခာများဖြည့်တင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက မည်သို့စီမံထားကြောင်း၊ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်ပါသလဲဆိုတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီမိုကရေစီနိုင်ငံတွေမှာ နိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ဆောင်တဲ့နေရာမှာ နိုင်ငံအေးချမ်းတည်ငြိမ်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံဖို့က အလွန်အရေးကြီးပါတယ်။ ဒီလုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ တရားဥပဒေစိုးမိုးမှုက ကပ်လျက်ပါလာပါတယ်။ တရားဥပဒေစိုးမိုးမှုအောက်မှာ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် အရည်အချင်းပြည့်ဝပြီး အင်အားတောင့်တင်းခိုင်မာတဲ့ ရဲတပ်ဖွဲ့ဝင်တွေလိုအပ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ အထူးနှင့်အထွေထွေဥပဒေ၊ ဒေသန္တရဥပဒေနဲ့ ရဲအက်ဥပဒေ စသည်များနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ကြရသလို တရားစီရင်ရေးကဏ္ဍနဲ့လည်း ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရပါတယ်။ ဒါကြောင့် လုံလောက်တဲ့ရဲတပ်ဖွဲ့အင်အားနဲ့ ဒီရဲတပ်ဖွဲ့ဝင်တွေကို လိုအပ်တဲ့နည်းပညာပိုင်း၊ လက်နက်တပ်ဆင်မှုပိုင်း၊ ဆက်သွယ်ရေးစက်ကိရိယာပိုင်း စတာတွေအပြင် တပ်ဖွဲ့ဝင်တွေအတွက် လုံလောက်တဲ့ရိက္ခာနဲ့ ဝန်ဆောင်မှုအပိုင်းတွေကလည်း မလွဲမသွေလိုအပ်လာပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၆ ခုနှစ်စာရင်းအရ ရဲ့တပ်ဖွဲ့အင်အား ၇၂၀၀၀ သာရှိလို့ ပြည်သူကိုထိရောက်တဲ့ဝန်ဆောင်မှုပေးနိုင်ဖို့ဆိုရင် ရဲဝန်ထမ်း ၇၀၀၀၀ ကျော် လိုနေပါတယ်။ နိုင်ငံတကာမှာ ရဲတစ်ဦးကို ပြည်သူ ၄၀၀ နဲ့အချိုးကျလုံခြုံရေးဆောင်ရွက်ပေမဲ့ မြန်မာနိုင်ငံမှာတော့ ပြည်သူ ၁၂၇၄ ဦးကို တာဝန်ယူနေရလို့ လုံလောက်တဲ့ကူညီမှုကို မပေးနိုင်ပါဘူး။ အခုပဲ ရဲကင်းစခန်းတွေ၊ ရဲတပ်ဖွဲ့တွေလိုလို့ ကိုယ်စားလှယ်တွေတောင်းဆိုနေတာ လက်တွေ့ပါပဲ။ ဒီလိုလိုအပ်နေတဲ့ ရဲတပ်ဖွဲ့တွေ တိုးချဲ့ဖို့အတွက် ရဲတပ်သား၊ အရာရှိ၊ အရာခံ၊ တပ်သားတွေ အများကြီးလိုအပ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်ကို ဝင်ရောက်အမှုထမ်းနိုင်ဖို့အတွက် ကျွန်မတို့ ပြည်သူတွေကို ဆွဲဆောင်စည်းရုံးနိုင်ရပါမယ်။ အခု လက်ရှိမြင်နေရတဲ့ အနေအထားအရဆိုရင် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပေမဲ့ ရဲတပ်ဖွဲ့က လစာ၊ ရိက္ခာ၊ ယူနီဖောင်းတွေ လုံလောက်အောင် ရရှိမှုတွေ မရှိဘူးလို့ မဲဆန္ဒနယ်ရှင် ပြည်သူ့ရဲ့တပ်ဖွဲ့တွေရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

ဒါ့အပြင် ရဲတပ်ဖွဲ့တွေအနေနဲ့ ကြီးမားတဲ့တာဝန်တစ်ခုက တရားခံကို လိုက်လံဖမ်းဆီးရတာပါပဲ။ အဲဒီလိုဖမ်းလာတဲ့အခါကျလို့ရှိရင် တရားခံကို ဖမ်းဖို့အတွက် ခရီးစရိတ်၊ တည်းခိုစရိတ် စသဖြင့် အဲဒါတွေကို တာဝန်ကျတဲ့ အမှုစစ်အရာရှိက စိုက်ပြီးတော့ သုံးစွဲရပါတယ်။ တရားခံကိုရုံးပေါ်တင်ပြီး

တဲ့အခါမှသာ ဒီစရိတ်တွေပြန်ရတယ်ဆိုပေမဲ့ ပြန်ရတဲ့စရိတ်ကလည်း လုံလောက်ကာမိတဲ့စရိတ်တစ်ခု မဟုတ်ပါဘူး။ အဲဒီတော့ လာဘ်စားဖို့ တွန်းပို့နေသလိုပါပဲ။ နောက်ပြီးရဲတပ်ဖွဲ့ဝင်တွေမှာ လုံလောက်တဲ့ယာဉ်နဲ့ စက်သုံးဆီတွေလည်း လိုအပ်ပါတယ်။ ဥပမာ - နယ်ထိန်းတွေဆိုလို့ရှိရင် ဆိုင်ကယ်လိုအပ်ပါတယ်။ တစ်ခါတရံ အရေးပေါ်အခြေအနေတွေအရ လုံခြုံရေးလမ်းကြောင်းလိုက်ရတဲ့အခါတွေမှာ သက်သေခံအဖြစ် သိမ်းထားတဲ့လိုင်စင်မဲ့ကားတွေကို လိုအပ်ချက်အရ ယူသုံးတာတွေရှိတယ်။ ဒါကြောင့် ပြည်သူတွေအမြင်မှာလည်း မတင့်တယ်ပါဘူး။ ရဲတပ်ဖွဲ့တွေမှာ တပ်ဆင်ပေးတဲ့ လက်နက်တွေကလည်း ခေတ်မီမှုမရှိတော့ဘဲနဲ့ တချို့လက်နက်တွေဆိုရင် ချက်ချင်းအသုံးပြုလို့မရနိုင်တဲ့ အခြေအနေတွေဖြစ်နေပါတယ်။ အဲဒီတော့ သူတို့ကိုင်ထားတဲ့သေနတ်နဲ့ အရေးနဲ့အကြောင်းနဲ့ ပစ်ရမယ်ဆိုရင် အဲဒီသေနတ်နဲ့ ပစ်ပေါက်ရုံပဲရမှာပါ။ ဒီလိုလက်နက်ခေတ်မမီတာရယ်၊ မလုံလောက်တာရယ်ကြောင့် ကျွန်မတို့ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေ မသေသင့်ဘဲ အသက်ဆုံးရှုံးခဲ့ရသလို ပြည်သူတွေအတွက် လုံခြုံရေးအတွက်လည်း စိုးရိမ်စရာပါ။ လုံခြုံရေးအတွက် ရဲစခန်းတွေမှာ CCTV တွေ တပ်ဆင်ဖို့ လိုပါတယ်။ ဒါပေမဲ့ အဲဒီလိုအပ်ချက်တွေကိုလည်း သက်ဆိုင်ရာစခန်းက စခန်းမှူးက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းရတယ်လို့ သိရပါတယ်။

ခေတ်မီတဲ့ ဆက်သွယ်ရေးစက်ကိရိယာ၊ စကားပြောစက်တွေ လုံလောက်အောင် တပ်ဆင်ပေးသင့်ပါတယ်။ ဒါမှလည်း မှုခင်းဖြစ်ပွားတာကို အချိန်နှင့်တစ်ပြေးညီ သိရှိရပြီး ပြည်သူတွေကို ကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီမြို့နယ်ရဲစခန်းတွေမှာဆိုရင် အဆင့်ဆင့်နဲ့ အုပ်ချုပ်ရေးအဖွဲ့တွေက လုံခြုံရေးစီမံချက်တွေ၊ မှုခင်းဖြစ်ပွားမှုအခြေအနေတွေကို တောင်းဆို Report တောင်းတဲ့အခါမှာ စာတွေ၊ မိတ္တူတွေက တစ်ပုံတစ်ပင်ရိုက်ပြီးတော့ ပေးပို့ရတဲ့အတွက် Stationary နဲ့ မိတ္တူကူးခတွေက ခွင့်ပြုရန်ပုံငွေထက် အမြဲတမ်းကျော်ပြီး သုံးစွဲနေရတာဖြစ်တဲ့အတွက် ရဲစခန်းတွေကို ကွန်ပျူတာ၊ မိတ္တူကူးစက်တွေလည်း စီစဉ်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီနေ့ လက်ရှိအခြေအနေမှာ ပြည်သူတွေ လုံခြုံမှုကို စိန်ခေါ်နေမှုတွေ ရှိပါတယ်။ ဒီပုံမှန်ဖြစ်နေကျအမှုတွေအပြင် မူးယစ်ဆေးဝါးအန္တရာယ်၊ ပုံစံမျိုးစုံနဲ့ ကျူးလွန်တဲ့ပြစ်မှုတွေ၊ Organized Crime အုပ်စုဖွဲ့ပြီး ကျူးလွန်မှုတွေ၊ အစွန်းရောက်အကြမ်းဖက်မှုတွေကို ထိရောက်စွာ နှိမ်နင်းနိုင်ဖို့အတွက် ပြည်သူ့ရဲတပ်ဖွဲ့ကြီး တောင့်တင်းခိုင်မာစေရန် အထက်မှာတင်ပြခဲ့သလို မလွဲမသွေဖြည့်ဆည်းဖို့ လိုအပ်တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**မှုကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားပါမယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ဟာ ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးများကို အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကြေးအခြေအနေ၊ ခွင့်ပြုတဲ့ရန်ပုံငွေနဲ့ အဆောက်အဦများ၊ လက်နက်ခဲယမ်းများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့်ယာဉ်များ၊ စက်သုံးဆီများ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာမှာ လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းများ၊ ခေတ်မီနည်းပညာသုံးဆက်သွယ်ရေးစက်များ၊ မှုခင်းဖော်ထုတ်ရေးဆိုင်ရာစက်ကိရိယာများ၊ လုံခြုံရေးစစ်ဆေးမှုဆိုင်ရာစက်ပစ္စည်းများ၊ မှုခင်းများ စုံစမ်းစစ်ဆေးရာမှာ ကုန်ကျစရိတ်များကိုလည်း စဉ်ဆက်မပြတ်ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့များဟာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ဆောင်ရွက်နေသူများဖြစ်တဲ့အတွက် နယ်စပ်ဒေသတွေမှာ တပ်မတော်နှင့်ပူးပေါင်းပြီး လုံခြုံရေးတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိပါတယ်။ လက်ရှိ ရဲတပ်ဖွဲ့ဝင်တွေမှာအသုံးပြုနေတဲ့ ခေတ်မမီတော့တဲ့လက်နက်တွေကို အစားထိုးပြုပြင်မှုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေနဲ့ကိုက်ညီတဲ့ ခေတ်မီမောင်းပြန်လက်နက်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လူစုလူဝေးများကို လူစုခွဲရာမှာ အသုံးပြုတဲ့အခါ အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ဝယ်ယူပြီး ခေတ်ကာလနှင့်အညီ ပြောင်းလဲတပ်ဆင်ပေးခြင်းကိုလည်း လက်ရှိအချိန်မှာ အဆင့်သုံးဆင့်နဲ့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပထမအဆင့်အနေနဲ့ကတော့ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စတင်ဆောင်ရွက်မှုကို ကချင်ပြည်နယ်ရဲတပ်ဖွဲ့၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နှင့် ရဲလေ့ကျင့်ရေးကျောင်းများအတွက် ပထမအဆင့်အနေဖြင့် စတင်ပြင်ဆင် တပ်ဆင်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယ

အဆင့်အနေနဲ့က ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းမှာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများအတွက်ကိုလည်း ပြင်ဆင်တပ်ဆင်ပေးထားပြီးဖြစ်ပါတယ်။ တတိယအဆင့်ဖြစ်တဲ့ ၂၀၁၇ ခုနှစ် မတ်လမှာတော့ ကယားပြည်နယ်ရဲတပ်ဖွဲ့၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့၊ ချင်းပြည်နယ်ရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့တွေမှာလည်း ခေတ်မီမောင်းပြန်လက်နက်များ ပြောင်းလဲတပ်ဆင်ပေးထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျန်ရှိနေတဲ့ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များကိုလည်း ပြောင်းလဲတပ်ဆင်ဖို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လိုအပ်တဲ့ အဓိကရုဏ်းနှိမ်နင်းရေးဆိုင်ရာလက်နက်များ၊ အဓိကရုဏ်းနှိမ်နင်းရေးဆိုင်ရာဝတ်စုံနဲ့ ဆက်စပ်ပစ္စည်းများကိုလည်း နှစ်စဉ်ဝယ်ယူဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဆက်သွယ်ရေးနှင့် နည်းပညာတိုးတက်လာတာနှင့်အမျှ လုံခြုံရေးနှင့် ဖြစ်ပေါ်လာတဲ့မှုခင်းများ ထိရောက်စွာဖော်ထုတ်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီဆက်သွယ်ရေးစက်များနှင့် ဆက်သွယ်ရေးနည်းပညာများလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးရာမှာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများ၊ မြို့မရဲစခန်း၊ နယ်မြေရဲစခန်း၊ ရဲခင်းစခန်း၊ တပ်ဖွဲ့များ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ သင်တန်းကျောင်းများမှာ ၂၀၁၂-၂၀၁၃ ခုနှစ်က ခရီးဝေးဆက်သွယ်နိုင်တဲ့ ဆက်သွယ်ရေးစက် ၁၀၂ လုံးပဲ တပ်ဆင်ပေးနိုင်ခဲ့ရာမှာ ၂၀၁၅-၂၀၁၆ ခုနှစ်မှာတော့ ခရီးဝေးဆက်သွယ်ရေးစက် ၈၆၉ လုံးအထိ ဖြည့်တင်းပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ခရီးတိုဆက်သွယ်ရေးစက် ၂၈၃၈ လုံးကိုလည်း ဖြည့်တင်းပေးနိုင်ခဲ့ပါတယ်။ လိုအပ်တဲ့ဆက်သွယ်ရေးစက်များ ဆက်လက်ဖြည့်တင်းနိုင်ရေးအတွက်ကိုလည်း ဖွဲ့စည်းပုံရဲ့လိုအပ်ချက် ၁၀ ရာခိုင်နှုန်းကို နှစ်စဉ်ဘဏ္ဍာငွေ တင်ပြတောင်းခံဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ဆက်သွယ်ရေးပစ္စည်းအမျိုးအစားပေါင်း ခုနစ်မျိုး စုစုပေါင်း ၈၁၆ စုံကိုလည်း တင်ပြပါအရေအတွက်အတိုင်း ဝယ်ယူဖြည့်တင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ လုံခြုံရေးကွပ်ကဲမှုအဖွဲ့ရုံးများ၊ တပ်ဖွဲ့များ၊ သင်တန်းကျောင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများအထိ EDMS စနစ်များ ချိတ်ဆက်ထားပြီးတော့ Version-2 နဲ့လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်သွယ်ရေးစက်များကို အသုံးပြုရာမှာ လုံခြုံမှုစနစ်ပါတဲ့ Trunking Radio ဆက်သွယ်ရေးစနစ်တွေကိုလည်း ပြင်ဆင်ပြောင်းလဲအသုံးပြုဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**မှုကြမ်း**

ဒါ့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့ဟာ မှုခင်းစုံစမ်းစစ်ဆေးခြင်းအတွက် တိကျတဲ့ အဖြေများရရှိစေဖို့ သိပ္ပံနှင့်နည်းပညာဆိုင်ရာပစ္စည်းများကိုလည်း စဉ်ဆက်မပြတ်ဖြည့်တင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာတော့ လက်နက်နှင့် ဆက်စပ် ပစ္စည်းများ၊ ပေါက်ကွဲယမ်းပစ္စည်းများ၊ သေးငယ်တဲ့ပစ္စည်းများ၊ ငွေတု စသည်တို့ကို စစ်ဆေးနိုင်တဲ့ စက်တွေအပါအဝင် Computer Forensic ၊ Network Forensic ၊ Video Forensic အမျိုးအစား ခုနစ်မျိုး စုစုပေါင်း ၁၀ လုံးကိုလည်း ကျွန်တော်တို့ တင်ပြပါအတိုင်း ဝယ်ယူဖြည့်တင်းထားရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာတော့ လက်ဗွေရာစနစ်၊ Social Forensic ၊ ပုံရိပ်ကို လျင်မြန်စွာဖော်ထုတ်နိုင်တဲ့ Protable X-Ray စက်၊ Hand Held Explosive Sniffer ၊ Drone ပျံသန်းမှုကို ရပ်တန့်နိုင်တဲ့ Skynet Anti-Drone System ၊ Video Pole Camera ၊ Bullet Catcher Collection Chamber တို့ကိုလည်း ကျွန်တော်တို့ တင်ပြပါအတိုင်း ဝယ်ယူဖြည့်တင်းပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် ဓာတုဗေဒဝန်ရုံး(ရန်ကုန်)ဟာ ယခင်ကတော့ ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိခဲ့ ပြီးတော့ ၁၉၈၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်ကစပြီး ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ကိုရောက်ရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့မှူးရုံးရဲ့ အောက်မှာထား ရှိပြီး ၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှာတော့ ဓာတုဗေဒဝန်ရုံးခွဲ(မန္တလေး)ကိုလည်းကောင်း၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာတော့ ဓာတုဗေဒစစ်ဆေးရေးဌာန(နေပြည်တော်)ကို လည်းကောင်း အသစ်ဖွင့်လှစ်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဓာတုဗေဒစစ်ဆေးရေးဌာန ဖွဲ့စည်းပုံအင်အား တိုးချဲ့ခြင်းနှင့် လိုအပ်တဲ့ အထောက်အကူပြုစက်ပစ္စည်းများဖြည့်တင်းခြင်းကိုလည်း ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဓာတုဗေဒစစ်ဆေးရေးဌာနမှာ မူးယစ်ဓာတ်ခွဲခန်း၊ အဆိပ်အတောက်ဓာတ်ခွဲခန်း၊ အစွန်းအထင်း ဓာတ်ခွဲခန်းနှင့် အထွေထွေဓာတ်ခွဲခန်းများကိုလည်း ဖွင့်လှစ်ထားပြီး ရဲစခန်းအသီးသီးနဲ့ ဆေးရုံများမှပေးပို့လာတဲ့ သက်သေခံနမူနာပစ္စည်းများကိုလည်း လက်ခံစမ်းသပ်စစ်ဆေးပေးလျက်ရှိတဲ့ ခေတ်မီစက်ကိရိယာများကိုလည်း စဉ်ဆက်မပြတ်ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဓာတုဗေဒစစ်ဆေးရေးဌာနမှာ ၂၀၁၅ ခုနှစ်မှာ ဓာတ်ခွဲခန်းသုံးကိရိယာ ၁၀၆ လုံးဖြင့် ဆောင်ရွက်ခဲ့ရာကနေပြီး ၂၀၁၇ ခုနှစ်မှာတော့ ဓာတ်ခွဲခန်းသုံးကိရိယာ ၁၅၃ လုံးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်ခွဲခန်းသုံးစက်ကိရိယာ ၄၇ လုံး၊ ထပ်မံဖြည့်တင်းပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ GCMS စက်သုံးလုံးနဲ့ ၎င်းတို့နဲ့တွဲဖက်အသုံးပြုရတဲ့ PAL 3 System စက်သုံးလုံးကိုလည်း ထပ်မံဝယ်ယူဖြည့်တင်ပေးနိုင်ခဲ့ပါတယ်။

ဝန်ထမ်းများရဲ့ လုပ်ငန်းစွမ်းရည်တိုးတက်စေရေးအတွက်ကို ၂၀၁၅ ခုနှစ်၊ မတ်လမှ ဧပြီလအထိ ဓာတုဗေဒစစ်ဆေးရေးဌာနက အရာထမ်းငါးဦးနဲ့ မှုခင်းတပ်ဖွဲ့မှအရာရှိသုံးဦး စုစုပေါင်းရှစ်ဦးကိုလည်း အင်္ဂလန်နိုင်ငံ Cellmark Forensic Services မှာ DNA ဓာတ်ခွဲမှုဆိုင်ရာသင်တန်းများလည်း တက်ရောက်စေခဲ့ပါတယ်။ ဒါ့အပြင် DNA ဓာတ်ခွဲခန်းကို နေပြည်တော်မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့ လက်တွေ့သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိပါတယ်။ ဓာတုဗေဒစစ်ဆေးရေးဌာနမှာရှိတဲ့ မှုခင်းဆိုင်ရာ ဓာတ်ခွဲခန်းတွေနဲ့ DNA ဓာတ်ခွဲခန်းတွေဟာ တရားဥပဒေစိုးမိုးရေးအတွက် တစ်ဖက်တစ်လှမ်းမှ နည်းပညာဆိုင်ရာဖော်ထုတ်မှုများအပြင် အထောက်အကူပြုနေတဲ့အဖွဲ့အစည်းတွေဖြစ်နေတဲ့အတွက် ယင်းဓာတ်ခွဲခန်းများကို International Organization for Standardization လက်မှတ်ရရှိနိုင်ဖို့အတွက်ကိုလည်း ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်နှင့်အညီ တိုးချဲ့ဖွဲ့စည်းခဲ့တဲ့အခါမှာ ရဲတပ်ဖွဲ့ဝင်အင်အားနှင့် နေအိမ်လိုင်းခန်းများအရေအတွက် လုံလောက်မှုမရှိတဲ့အတွက် လိုအပ်နေတဲ့ နေအိမ်လိုင်းခန်းတွေ ဖြည့်ဆည်းပေးနိုင်ဖို့ကိုလည်း ဦးစားပေးသတ်မှတ်ပြီး စီမံချက်တွေနဲ့ ဘဏ္ဍာငွေတင်ပြတောင်းခံ ဆောင်ရွက်လျက်ရှိပါတယ်။ သက်တမ်းကြာမြင့်ပြီး လူနေထိုင်ရန်မသင့်တော်တဲ့ အဆောက်အဦ စုစုပေါင်း ၁၅၉၈ လုံးရှိပါတယ်။ ဒီနေရာမှာ စံသတ်မှတ်ထားတဲ့ အဆောက်အဦ ၆၃၂ လုံးကို အဆင့်သုံးဆင့်ခွဲပြီး ပြန်လည်ဆောက်လုပ်ပေးနိုင်ဖို့ကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ပါအဝင် အဆင့်ဆင့် တင်ပြပြီး နှစ်စဉ်ဘဏ္ဍာငွေတင်ပြတောင်းခံဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့များကို နေအိမ်အခမဲ့နေထိုင်ခွင့်၊ နေအိမ်မပေးနိုင်တဲ့အတွက် အိမ်ငှားခစရိတ်များ ခွင့်ပြုပေးထားခဲ့သော်လည်းပဲ အိမ်ငှားခစရိတ်တွေဟာ ယခင်ခေတ်ကာလနှင့် သတ်မှတ်ခဲ့တာဖြစ်တဲ့ အတွက် လက်ရှိအခြေအနေနဲ့မကိုက်ညီတော့တဲ့အတွက် လက်ရှိနှုန်းထားအသစ်များပြင်ဆင်သတ်မှတ် ခွင့်ပြုနိုင်ရေးကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် ယာဉ်ယန္တရားပိုင်းဆိုင်ရာအနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ၂၀၁၀ ခုနှစ်က မော်တော်ယာဉ် ၁၈၄၄ စီးရှိခဲ့ပြီး ၂၀၁၁ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်ကြားမှာ မော်တော်ယာဉ် ၂၆၄၈ စီး ထပ်မံဖြည့်တင်းနိုင်ခဲ့တဲ့အတွက် လက်ရှိမှာ မော်တော်ယာဉ်စုစုပေါင်း ၄၄၉၂ စီး ဖြန့်ခွဲအသုံးပြုလျက်ရှိ

ကြောင်း တင်ပြအပ်ပါတယ်။ မော်တော်ယာဉ်များအတွက် စက်သုံးဆီခွင့်ပြုမှုအနေနဲ့လည်း ၂၀၁၀ ခုနှစ်အထိ တစ်လလျှင် ဂါလန် ၅၀၀၀၀ ခန့်သာရရှိခဲ့ပေမဲ့ ယခု လက်ရှိမှာတော့ တစ်လလျှင်ဂါလန် ၁၇၃၆၀၉ ဂါလန်အထိ တိုးမြှင့်ခွင့်ပြုချက်ရရှိတဲ့အတွက် သက်ဆိုင်ရာနယ်မြေစခန်းများအထိ ဖြန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ အရာရှိ/အခြားအဆင့်တပ်ဖွဲ့ဝင်များအတွက် ၂၀၁၄ ခုနှစ်ကနေစပြီး ၂၀၁၆ ခုနှစ်အထိ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ယူနီဖောင်းပိတ်စတစ်စုံ(ချုပ်ခအပါအဝင်)နဲ့ အခြားရဲဝတ်တန်ဆာများကိုလည်း ဖြည့်ဆည်းပေးနိုင်ခဲ့ပေမဲ့ ၂၀၁၇ ခုနှစ်ကစပြီးတော့ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို နှစ်စဉ် ယူနီဖောင်းပိတ်စနှစ်စုံ(ချုပ်ခအပါအဝင်)နဲ့ အခြားရဲဝတ်တန်ဆာများကိုလည်း တိုးမြှင့်ဖြည့်တင်းပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ တပ်ဖွဲ့ဝင်များရဲ့ ရိက္ခာထောက်ပံ့ငွေရရှိမှုက ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ရဲတပ်ဖွဲ့ဝင်ဦးဟာ တစ်ရက်ကို ငါးကျပ်နှုန်းပဲ ရခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တာဝန်ထမ်းဆောင်နေတဲ့ တပ်ဖွဲ့ဝင်တစ်ဦးစီကို ကျွန်တော်တို့ တစ်ရက်ကို ၂၀ နှုန်း ရရှိခဲ့ရာကနေပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကစပြီး တင်ပြပါအတိုင်း အဆင့်ဆင့်ပြောင်းလဲလာခဲ့တာမှာ ယခု ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်ကစပြီး တစ်ရက်ကိုက် တစ်ဦးလျှင် ၁၈၀၀ ကျပ်နှုန်းအထိ တိုးမြှင့်ခံစားခွင့်ရရှိရေးကိုလည်း အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ တပ်ဖွဲ့ဝင်များရဲ့ တာဝန်အရ ခရီးသွားစရိတ်များနှင့် အရပ်ရပ်ခရီးသွားဝရမ်းသုံးစွဲစရိတ်များကိုလည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ နှစ်စဉ်ကျပ်သန်း ၄၀၀ ခန့်ပေးချေသုံးစွဲလျက်ရှိပါတယ်။ ဝရမ်းအသုံးမပြုနိုင်တဲ့အခြေအနေရှိတဲ့ နေရာဒေသတွေမှာ တာဝန်အရသွားလာရင်လည်း ခရီးစရိတ်များအတွက်လည်း ရန်ပုံများခွဲဝေသုံးစွဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ယခင်က အမှုစုံစမ်းခြင်းဆိုင်ရာခရီးစရိတ်အဖြစ် ခွင့်ပြုခဲ့ခြင်းမရှိပေမဲ့လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကစပြီး ရဲစခန်းများဖွင့်လှစ်တဲ့ အမှုတစ်မှုလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ခွင့်ပြုခဲ့ရာကနေ ၂၀၁၆-၂၀၁၇ ခုနှစ်ကနေစပြီး အမှုတစ်မှုအတွက် ကျပ် ၁၀၀၀၀ နှုန်းအထိ တိုးမြှင့်ခွင့်ပြုထားပြီးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် တရားခံသယ်ယူပို့ဆောင်ခအဖြစ် ယခင်က ခွင့်ပြုခဲ့ခြင်းမရှိပေမဲ့လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အမှုကြီးတစ်မှုကို ၅၀၀၀၀ နှုန်း၊ အခြားအမှုတစ်မှုလျှင် ၃၀၀၀၀ နှုန်း၊ ကြိုတင်ကာကွယ်မှုတစ်မှုအတွက် ၁၀၀၀၀ နှုန်းဖြင့် ခွင့်ပြုခဲ့ပြီး ဘဏ္ဍာရေးနှစ်အလိုက် တင်ပြပါနှုန်းထားများအတိုင်း အသီးသီးခွင့်ပြုခဲ့ကြောင်းလည်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

ဒါ့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များနှင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့တို့ ကွပ်ကဲမှုအောက်ရှိ မြို့မစခန်းနှင့် နယ်မြေစခန်းတွေမှာ ဆောင်ရွက်လျက်ရှိတဲ့ ရဲလုပ်ငန်းများအတွက် အသုံးစရိတ်များအနေဖြင့် ရဲစခန်းများရဲ့ အမှုဖြစ်ပွားမှုအခြေအနေအပေါ် မူတည်ပြီး မြို့မစခန်းတစ်ခုလျှင် အများဆုံးကျပ် ၁၈ သိန်းမှ အနည်းဆုံးတစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ နယ်မြေရဲစခန်းတစ်ခုကို အများဆုံး ၁၂ သိန်းမှ အနည်းဆုံး ၃၀၀၀၀ နှုန်းအထိလည်းကောင်း ကြိုတင်ငွေများဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ၎င်းတို့အနေဖြင့် စိုက်ထုတ်သုံးစွဲရန်လည်း မလိုအပ်တော့ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လုပ်ငန်းဆောင်ရွက်ရာမှာ လိုအပ်တဲ့အင်အားဖြည့်တင်းနိုင်ရေး၊ လက်နက်ကိရိယာများ၊ ဆက်သွယ်ရေးစက်များ၊ နည်းပညာများ၊ မော်တော်ယာဉ်နှင့် စက်သုံးဆီများ၊ ယူနီဖောင်းနှင့် ရိက္ခာများ၊ ခရီးစရိတ်များကို လက်ရှိကာလအခြေအနေနှင့်ကိုက်ညီအောင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် နှစ်စဉ်ဘဏ္ဍာငွေခွင့်ပြုချက် တင်ပြတောင်းခံပြီး ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း နှစ်စဉ်ခွင့်ပြုရန်ပုံငွေကိုလည်း ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျခွဲဝေသုံးစွဲလျက်ရှိပါကြောင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာရေးနှင့် လုပ်ငန်းမှန်ကန်ချောမွေ့စေရေးအတွက်ကိုလည်း အသွင်သဏ္ဌာနှင့် အနှစ်သာရပြောင်းလဲရေးကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ကမ်းလွန်မှ Gas ၁၂ ဘီလီယံကုဗပေကို တရုတ်နိုင်ငံသို့ နှစ်စဉ်ရောင်းချရန် စီမံကိန်းကာလနှစ်(၃၀)အတွက် ကတိကဝတ်ပြုထားသော ၇၉၃ ကီလိုမီတာရှည်သည့် မြန်မာနှင့်တရုတ် သဘာဝဓာတ်ငွေ့သွယ်တန်းမှုနှင့်ပတ်သက်၍ တစ်နှစ်တွင် Gas ရောင်းရငွေမည်မျှရှိပြီး အမြတ်မည်မျှရှိပါကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်တွင် အတည်ပြုပြီးသော Gas ရောင်းရငွေအမြတ် ၅ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ မည်သည့်အချိန်တွင် ထည့်သွင်းရေးဆွဲချမှတ်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ့်တူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ့်တူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းနဲ့ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား သွယ်တန်းထားတဲ့ရေနံပိုက်လိုင်းဟာ ၇၇၁ ကီလိုမီတာရှိပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းဟာ ၇၉၃ ကီလိုမီတာရှိပါတယ်။ အခြားနိုင်ငံရဲ့စီးပွားရေးအတွက် မိမိနိုင်ငံအတွင်းကနေ ဖြတ်သန်းသွားရတဲ့အတွက်ကြောင့် မြန်မာနိုင်ငံကရရှိတဲ့ ခံစားခွင့်တွေဟာ ပိုက်လိုင်းလမ်းကြောင်းဖြတ်သန်းခ၊ မြန်မာနိုင်ငံမှ ဖြတ်သန်းပို့ဆောင်ရတဲ့အတွက် ပို့ဆောင်ခ၊ ပြည်တွင်းသုံးရန်အတွက် သဘာဝဓာတ်ငွေ့နှင့် ရေနံပမာဏအချို့အစားတစ်ရပ်ကို ရရှိရမှာဖြစ်ပါတယ်။ အဲဒါအပြင် အကယ်၍ စစ်မက်ဖြစ်ပွားရာဒေသကို ပိုက်လိုင်းသွယ်တန်း၊ ဖြတ်သန်းရမယ်ဆိုလို့ရှိရင် Insurance အတွက်က ဘယ်လောက်၊ Dangerous Fees ကဘယ်လောက်ဆိုပြီးတော့ ထပ်မံရရှိပါတယ်။ ပိုက်လိုင်းသွယ်တန်းရာတစ်လျှောက်မှာ ဒေသခံတွေရဲ့ဆုံးရှုံးမှုများ၊ နစ်နာမှုများနှင့် ပိုက်လိုင်းလမ်းကြောင်းဖြတ်သန်းခကို နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် နည်းပါးနေတဲ့အတွက်ကြောင့် ပြန်လည်သုံးသပ်သင့်ပါတယ်။ မေလ ၁၉ ရက်နေ့မှာထုတ်တဲ့ ဆင်ဟွာသတင်းဖော်ပြချက်အရ ဤစီမံကိန်းမှရရှိနိုင်တဲ့အကျိုးအမြတ်မှာ နိုင်ငံတော်အခွန်ဝင်ငွေ နှစ်စဉ် Right way Fee အမေရိကန်ဒေါ်လာ ၁၃.၈၁ သန်းတို့ဖြစ်ပြီးတော့ စီမံကိန်းရဲ့အစုရှယ်ယာဝင်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုမှ အမြတ်ဝင်ငွေ၊ Training ရန်ပုံငွေနှင့် လူမှုစီးပွားပံ့ပိုးငွေတို့ကိုလည်း နှစ်(၃၀)ကြာခံစားနိုင်ကြောင်း သိရှိရပါတယ်။ ဤပိုက်လိုင်းနဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားတဲ့ Gas ပိုက်လိုင်းအတွက် Gas ရောင်းရငွေရဲ့အမြတ် ၅ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးပါရန်နှင့် Gas မှ ဖြစ်ပေါ်လာတဲ့အကျိုးအပြစ်တွေအတွက် နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ထားသင့်သည်ဆိုတာကို ရှမ်းပြည်နယ်အစိုးရမှ တိကျစွာတောင်းဆိုပေးပါရန် ဆိုတဲ့အဆိုကို ၂၆-၁၀-၂၀၁၂ ရက်နေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအဆိုနှင့်ပတ်သက်ပြီးတော့ ယေဘုယျအားဖြင့် နိုင်ငံတော်မှ ထွက်ရှိတဲ့ သယံဇာတတစ်မျိုးမျိုးကိုဖြစ်စေ၊ ပြည်ထောင်စုအတွင်းမှာရှိတဲ့ နယ်မြေအပိုင်းအခြားတစ်ခုခုကိုဖြစ်စေ၊ ပြည်ထောင်စုရဲ့ အကျိုးစီးပွားအတွက် အသုံးပြုပါက သက်ဆိုင်ရာဒေသအား သင့်တင့်မျှတသော ခိုင်ကြေးသတ်မှတ်ပေးရန် နိုင်ငံတော်မှ စဉ်းစားထားလျက်ရှိပါတယ်။ မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းနဲ့ မြန်မာနိုင်ငံအတွင်း ပိုက်လိုင်းဖြတ်သန်းခကိုလည်း နိုင်ငံတော်မှ ရယူထားပြီးဖြစ်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွက် ထိုက်သင့်တဲ့အချိုးတစ်ရပ်ကို ရှမ်းပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်ရန် နိုင်ငံတော်မှ စဉ်းစားသုံးသပ်လျက်ရှိပါကြောင်းနှင့် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်မှုတိုးတက်မှုအခြေအနေတွေကို အနီးဆုံးကျင်းပမယ့်လွှတ်တော်ကို အသိပေးတင်ပြသွားမယ်လို့ ပြည်ထောင်စုဝန်ကြီးရဲ့ဖြေကြားချက်ကို ရှမ်းပြည်နယ် လျှပ်စစ်ဝန်ကြီးက ကိုယ်စားဖြေကြားခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဒသမပုံမှန်အစည်းအဝေးမှာ ကျွန်မမေးခွန်းထပ်မံမေးမြန်းခဲ့ပါတယ်။ Gas မှ ဖြစ်ပေါ်လာတဲ့ အကျိုးအမြတ်တွေအတွက် ဘယ်လိုဆောင်ရွက်ထားရမယ်ဆိုတာကို စွမ်းအင်ဝန်ကြီးဌာနမှ ဖြေကြားခဲ့ပြီး အဲဒီလုပ်ငန်းတွေကို လုပ်ဆောင်ပေးနေရတဲ့အတွက်ကြောင့် ရှမ်းပြည်နယ်ရန်ပုံငွေကို နှစ်စဉ်ပေးအပ်ရန် တင်ပြထားတဲ့ကိစ္စနှင့်ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လတ်တလောမှာ ဆောင်ရွက်ထားတဲ့အခြေအနေမရှိသေးကြောင်းနှင့် လက်ရှိဘဏ္ဍာရေးနှစ် ဘဏ္ဍာရန်ပုံငွေစာရင်းမှာ ထည့်သွင်းရေးဆွဲထားခြင်းမရှိသေးကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်တိုဘာလ ၄ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြထားတဲ့စာဖြစ်ပါတယ်။ အဲဒါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အကြားမှာ ဘက်ညီမျှတစွာ ခွဲဝေသုံးစွဲနိုင်စေမယ့်အခွင့်အလမ်းများ ဖန်တီးပြီး လူ့စွမ်းအားအရင်းအမြစ်တိုးမြှင့်စေရေးဆောင်ရွက်ဖို့အတွက် ဒီစီမံကိန်းမှ ရသင့်ရထိုက်တဲ့ငွေတွေကို ရှမ်းပြည်နယ်ဘဏ္ဍာငွေကို အပြည့်အဝပေးဖို့ လိုအပ်နေပါပြီ။ အဲဒါကြောင့် မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့်ပတ်သက်ပြီး တစ်နှစ်မှာ Gas ရောင်းရငွေမည်မျှရှိ၍ အမြတ်မည်မျှ ရရှိပါကြောင်းနှင့် လွှတ်တော်မှအတည်ပြုပြီးတဲ့ Gas ရောင်းရငွေရဲ့အမြတ် ၅ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်ဘဏ္ဍာငွေသို့ မည်သည့်အချိန်မှာ စတင်ရေးဆွဲချမှတ်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဟာ ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချရန်နှင့် မြန်မာနိုင်ငံအတွင်း အသုံးပြုရန်အတွက် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များသို့ ဖြတ်သန်းတည်ဆောက်ထားသော ပိုက်လိုင်းစီမံကိန်းဖြစ်ပါတယ်။ အဆိုပါ ၇၉၃ ကီလိုမီတာရှည်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကြီးအား ရင်းနှီးမြှုပ်နှံ တည်ဆောက်ရာတွင် တရုတ်နိုင်ငံ CNPC ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှု ၅၀.၉ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံမှ Daewoo ကုမ္ပဏီက ၂၅.၀၄၁ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံမှ ONGC ကုမ္ပဏီက ၈.၃၄၇ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ GAIL ကုမ္ပဏီမှ ၄.၁၇၃၅ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံ KOGAS ကုမ္ပဏီမှ ၄.၁၇၃၅ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ၇.၃၆၅ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုပမာဏများပါဝင်ကာ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ သဘာဝဓာတ်ငွေ့စတင်ပို့လွှတ်ခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ထည့်ဝင်စိုက်ထုတ်ရင်းနှီးမြှုပ်နှံခဲ့သည့် ရာခိုင်နှုန်းအရ သဘာဝဓာတ်ငွေ့ပိုက်လိုင်းက ရရှိသော ဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၁၂၁ သန်းကျော်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား(၁) ပြည်ထောင်စုဥပဒေပြုစာရင်း အပိုဒ် ၆ အပိုဒ်ခွဲငယ်(က)အရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ နှစ်စဉ်ရရှိငွေများအား ပေးသွင်းခဲ့ရတာ ဖြစ်ပါတယ်။

အဆိုပါပိုက်လိုင်းစီမံကိန်းအား မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ပါဝင်ရင်းနှီးမြှုပ်နှံရာတွင် China Development Bank ထံမှ ချေးငွေ ယူရို ၈၆.၁၆ သန်းဖြင့် ၂၀၁၀ ခုနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးကာလမှာ သုံးနှစ်ခန့်ကြာမြင့်ခဲ့တာဖြစ်ပါတယ်။ အဆိုပါပိုက်လိုင်းစီမံကိန်းအတွက် ချေးယူငွေအနက် အတိုးအရင်းပေါင်း ယူရိုငွေ ၁၀၃.၆၄ သန်းအား ပေးဆပ်ရန်ကျန်ရှိနေသေးတာ ဖြစ်ပါတယ်။ အဆိုပါချေးငွေအား ပြန်လည်ပေးဆပ်နေဆဲကာလဖြစ်ပြီး အကျိုးအမြတ်အနေဖြင့် ရရှိခြင်းမရှိသေးပါ။ သဘာဝဓာတ်ငွေ့ရောင်းရသောဝင်ငွေများနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ရရှိသောဝင်ငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ နှစ်စဉ်တိုက်ရိုက်ပေးသွင်းခဲ့ရတာဖြစ်ပြီး အခွန်အခများကောက်ခံမှုနှင့် အခွန်အခများအပေါ် စီမံခန့်ခွဲမှုများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၃ အရ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ဇယား(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများဥပဒေစာရင်းတွင် ပါရှိသော အပိုဒ် ၁၉ ၏နောက်တွင် ထပ်မံဖြည့်စွက်သည့် အပိုဒ် ၂၉ အရ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာအခွန်အခများကိုသာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်နေသည့် သဘာဝဓာတ်ငွေ့ ရောင်းရငွေ၏ အမြတ် ၅ ရာခိုင်နှုန်းကို ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းပေးရန်မေးခွန်းနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ အပိုဒ်ခွဲ(ဃ)အရ နှစ်စဉ်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏လိုငွေများအား ဖြည့်ဆည်းပေးရခြင်းကြောင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ထည့်သွင်းပေးရန် အစီအစဉ်မရှိသေးပါကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အား ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းခမ်းအေး(နမ့္တူမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါရှင်။ Power Point သုံးခွင့်ပြုပါရှင်။ ကျွန်မအဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်မ ပြည်ထောင်စုဝန်ကြီးရဲ့ ဖြေကြားချက်ကို ပြန်သုံးသပ်မယ်ဆိုလို့ရှိရင် ပြည်ထောင်စုရဲ့အကျိုးစီးပွားအတွက် အသုံးပြုလို့ရှိရင် နိုင်ငံတော်က ပေးဖို့အတွက် စဉ်းစားထားလျက်ရှိပါတယ်ဆိုပြီး မြင်ရမယ်။ နောက်တစ်ခုက သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွက် ထိုက်သင့်တဲ့အချိုးတစ်ရပ်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို လွှဲပြောင်းပေးရန် နိုင်ငံတော်မှစဉ်းစားသုံးသပ်လျက်ရှိပါတယ်ဆိုတာတွေဟာ စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားချက်တွေဖြစ်ပါတယ်။ အဲဒီမှာပြထားတဲ့အတိုင်း စာအမှတ်တွေလည်း ရှိနေပါတယ်။ နောက်ပြီးတော့ ဖြေကြားသွားတဲ့အထဲမှာဆိုလို့ရှိရင် Gas အကျိုးအပြစ်အတွက် ဆောင်ရွက်နေပါတယ်ဆိုတဲ့ အခြေအနေတွေရှိနေတဲ့အတွက်ကြောင့် လက်ရှိဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်စာရင်းမှာ ထည့်သွင်းခြင်း မရှိသေးပါဘူးဆိုတာ ပါရှိထားပါတယ်။ အဲဒါတွေက Gas အတွက်ဖြစ်မယ့် အကျိုးအပြစ်တွေ၊ နောက်ပြီးတော့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆိုတာတွေဟာ ကျွန်မတို့ရသင့်ရထိုက်တဲ့ သီးသန့်ငွေတွေသာ ဖြစ်ပါတယ်။ ဆင်ဟွာသတင်းဌာနကနေပြီးတော့လည်း ကျွန်မတို့မြန်မာနိုင်ငံဟာ နှစ်(၃၀)ကြာ ခံစားရမယ်ဆိုတာလည်း ပါရှိထားပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ဒေသတွေအတွက် ပြုလုပ်ပေးနေတဲ့

ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆိုတာဟာလည်း ကုမ္ပဏီကလှူဒါန်းငွေဆိုတာဖြစ်ပြီးတော့ ကျွန်မတို့ ရသင့်ရထိုက်တဲ့၊ နိုင်ငံတော်အတွက် အကျိုးပြုသွားတဲ့ဒေသရသင့်ရထိုက်တဲ့ ခိုင်ကြေးတွေမဟုတ်ပါဘူး။ ပြီးတော့ ရရှိမယ့်အမြတ်ငွေနဲ့ လုံးဝအဓိပ္ပာယ်ကွဲပြားနေတာကိုလည်း သတိပြုစေချင်ပါတယ်။ ပြီးတော့ ချေးငွေနဲ့ပတ်သက်ပြီးတော့ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကိုလည်း ရေးဆွဲအတည်ပြုထားပြီးဖြစ်တဲ့အတွက်ကြောင့် ချေးငွေအတွက်လည်း စိုးရိမ်စရာမရှိနိုင်ပါဘူး။ အဲဒါကြောင့် ကျွန်မတို့ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘဝကို စတေးပြီးတော့ နိုင်ငံအကျိုးအတွက် အနစ်နာခံတဲ့ဒေသတွေကို သူတို့ရသင့်တဲ့အကျိုးအမြတ်တွေကို တရားမျှတစွာနဲ့ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းမရှိဘူးဆိုတာထက် ဘယ်အချိန်မှာ ထည့်သွင်းရေးဆွဲမယ်ဆိုတာကို ဖော်ပြသင့်ပါတယ်။ ပြီးတော့ မြန်မာ့အချုပ်အခြာအာဏာအတွင်းမှာ တစ်ပြေးညီအခွင့်အရေးရရှိရေးနဲ့ တစ်ပြေးညီစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ နိုင်ငံရဲ့အနာဂတ်အခင်းအကျင်းတစ်ခုကို ဒီအစိုးရက ဖော်ဆောင်ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီစီမံကိန်းနဲ့ပတ်သက်တဲ့အမြတ်ငွေကို ရှမ်းပြည်နယ်ဘဏ္ဍာကို ထည့်သွင်းပေးရန်နှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်ကာ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် မည်သို့ဆက်လက်ဆောင်ရွက်ပေးမှာကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တစ်စပ်တည်းနဲ့ပတ်သက်တဲ့ မေးခွန်းကိုပဲ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ပထမကနဦးဖြေကြားစဉ်ကာလကတည်းက ပါဝင်ဖြေကြားခဲ့တာဖြစ်ပါတယ်။ ဝင်ငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရတာဖြစ်ပြီး အဆိုပါနိုင်ငံ့ဘဏ္ဍာရန်ပုံငွေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက နှစ်စဉ် ပြည်ထောင်စုဝန်ကြီးဌာနများအားလုံးကိုသော်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများရဲ့ဖွံ့ဖြိုးရေးရန်ပုံငွေများကိုသော်လည်းကောင်း ဘတ်ဂျက်တွေခွဲဝေချထားပေးတာဖြစ်တဲ့အတွက်ကြောင့် ဤစီမံကိန်းမှရရှိတဲ့ အကျိုးအမြတ်များဟာ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအတွက် ဖြည့်ဆည်းပေးနေတဲ့ အနေအထားရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**သာစည်မြို့နယ်၊ အုတ်တွင်းအုပ်စုအတွင်းရှိ ကျေးရွာများအား လျှပ်စစ်ဓာတ်အားဆက်သွယ်တပ်ဆင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ထရန်စဖော်မာနှင့် 11 KV လိုင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာစည်မြို့နယ်အတွင်းရှိ 11 KV လိုင်းမှ နှစ်မိုင်ပတ်လည်ရှိ ကျေးရွာများမီးရရှိရေးကိစ္စမေးခွန်းမေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ရပ်ကွက်ခုနစ်ခု၊ ကျေးရွာအုပ်စု ၈၀၊ ကျေးရွာပေါင်း ၂၄၉ ရွာရှိပါတယ်။ တချို့ရွာတွေဟာ ကိုယ်ထူကိုယ်ထလျှပ်စစ် ဓာတ်အားတပ်ဆင်ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ကျေးရွာအများစုမှာ မီးလင်းရေးဆောင်ရွက်ပေးရန်လိုပါ သေးတယ်။ အထူးသဖြင့် 11 KV လိုင်းမှ နှစ်မိုင်အတွင်းရှိကျေးရွာများအား လျှပ်စစ်မီးသွယ်တန်း တပ်ဆင်ပေးရန် တော်တော်များများလိုအပ်နေပါသေးတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်အတွင်းရှိ 11 KV လိုင်းမှ နှစ်မိုင်ပတ်လည်အတွင်းကျရောက်နေသော အုတ်တွင်းကျေးရွာအုပ်စုရှိ ဆင်ရွာ၊ မြိုင်သာယာ၊ အုတ်တွင်း၊ နန်းတော်ကုန်း၊ သာယာကုန်း၊ ရေတွင်းကြီးအင်း၊ အင်တိုင်းသာ ကျေးရွာပေါင်းခုနစ်ရွာမှာ လျှပ်စစ်မီးသွယ်တန်းရန် ကျန်ရှိနေပါတယ်။ ဆင်ရွာ၊ မြိုင်သာယာ၊ အုတ်တွင်း၊ နန်းတော်ကုန်းကျေးရွာ အနီးမှ ရွှေကျောင်းကုန်းဘုန်းတော်ကြီးကျောင်းသို့ လှိုင်းတက်ဓာတ်အားပေးစက်ရုံ 11 KV လိုင်းအား ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကျေးရွာများမှာ ကျေးရွာအတွင်း ၄၀၀ ဗို့လိုင်းများကိုလည်း ကိုယ့်အားကိုယ်ကိုးသွယ်တန်းလျက်ရှိပါတယ်။ ဒါပေမဲ့ မီးလင်းနိုင်ရေး အတွက် ထရန်စဖော်မာနဲ့ 11 KV လိုင်းတည်ဆောက်ရန်အခက်အခဲများ တွေ့ရှိနေရပါတယ်။ အဆိုပါ ကျေးရွာများအား လျှပ်စစ်ဓာတ်အားဆက်သွယ်တပ်ဆင်ပေးပါက ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေအနေများ လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ သာစည်မြို့နယ် အတွင်းရှိ အုတ်တွင်းကျေးရွာအုပ်စုရှိ ကျေးရွာများအား လျှပ်စစ်ဓာတ်အား ဆက်သွယ်တပ်ဆင်

ဆောင်ရွက်ပေးနိုင်ရန်အတွက် ထရန်စဖော်မာနှင့် 11 KV လိုင်းတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ ကို ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ လှိုင်းတက်တိုက်နယ်ကျေးရွာအတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် သာစည်မြို့မှ ၁၀ မိုင်ခန့်အကွာမှာတည်ရှိတဲ့ လှိုင်းတက်ကျေးရွာမှာ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးပေးခဲ့တာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ လှိုင်းတက်တိုက်နယ်အတွင်းရှိ တောကင်း၊ ဇီးပင်တွင်း၊ ထူးတွင်း၊ သီးကုန်း၊ ရွှေတုတ်ကုန်း၊ ဒဟက်ကျင်း၊ ကုက္ကိုကုန်း၊ ထနောင်းကုန်း၊ ရှမ်းရွာ၊ တောင်ပုစာ၊ သက်သော့၊ ကန်ကြီးအောက်၊ မင်းကုန်း၊ ညောင်ကန်းကျေးရွာ ၁၄ ရွာအား မန္တလေးတိုင်းဒေသကြီးအစိုးရ၏ရန်ပုံငွေဖြင့် 11.4 KV ထရန်စဖော်မာများနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများကို တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး မေးမြန်းချက်တွင်ပါရှိသော အုတ်တွင်းကျေးရွာအုပ်စုမှ ကျေးရွာခုနစ်ရွာသည် လှိုင်းတက်ခွဲရုံ ဖီဒါ(၃) ဓာတ်အားလိုင်းမှ ကိုယ်ထူကိုယ်ထသွယ်တန်းထားသော ရွှေကျောင်းကုန်း ဘုန်းတော်ကြီးကျောင်း ဓာတ်အားလိုင်းနှင့် ၂ မိုင်အတွင်း တည်ရှိသော ကျေးရွာများဖြစ်သည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးရန် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ လက်ထောက်ကြီးကြပ်ရေးမှူး မြို့နယ်အဆင့်မှ အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးသို့ တိုးမြှင့်ပေးရန် ၂၀၁၆ ခုနှစ် ဇွန်လအတွင်းက လူတွေ့စစ်ဆေးမှုကို**

**ဖြေဆိုထားသူ(၁၀၄)ဦးမှ အရည်အချင်းပြည့်မီသူကို ရာထူးတိုးပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်အေး(နတ်တလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နတ်တလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ အစိုးရသစ်လက်ထက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ လက်ထောက်ကြီးကြပ်ရေးမှူး မြို့နယ်အဆင့်ရာထူးမှ အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးတိုးမြှင့်ပေးရန် ၂၀၁၆ ခုနှစ် ဇွန်လအတွင်းက ဌာနတွင်းလူတွေ့စစ်ဆေးမှုကို ဖြေဆိုထားသူ(၁၀၄)ဦးထဲက အရည်အချင်းပြည့်မီသူများကို ရာထူးတိုးပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ရာထူးတိုးမြှင့်ပေးမည်ကို သိရှိလိုသည့်အတွက် ဝန်ထမ်းများကိုယ်စား မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရလက်ထက် ၂၀၁၁ ခုနှစ်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက လက်ထောက်ကြီးကြပ်ရေးမှူး မြို့နယ်အဆင့်ဝန်ထမ်း ၁၀၀ ခန့်ကို အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးတိုးမြှင့်ပေးရန်အတွက် ဌာနတွင်းရာထူးတိုးစာမေးပွဲနှင့် လူတွေ့စစ်ဆေးမှုများပြုလုပ်ပြီး အရည်အချင်းမီသူ ၁၇ ဦးကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ ၁၉ ဦးကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း ရာထူးတိုးပေးခဲ့သည့် အစဉ်အလာရှိပါတယ်။ ယခုအစိုးရသစ်လက်ထက်တွင်လည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုမှ လက်ထောက်ကြီးကြပ်ရေးမှူး မြို့နယ်အဆင့်ဝန်ထမ်း ၁၀၄ ဦးကို အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးတိုးပေးရန် ဌာနတွင်းလူတွေ့စစ်ဆေးမှုကို ၂၀၁၆ ခုနှစ် ဇွန်လအတွင်းက ပြုလုပ်ခဲ့သည်ဟုသိရပါသည်။ လူတွေ့ဖြေဆိုထားသောဝန်ထမ်းများက ယနေ့အထိ မိမိတို့ရာထူးတိုးမြှင့်ခြင်းအခြေအနေကို မသိရသေးသည့်အတွက် သိရှိလိုကြပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ လူတွေ့ဖြေဆိုထားကြသူများသည် လက်ရှိရာထူးတွင် လုပ်သက် ၂၀ အထက်ရှိသူများဖြစ်ကြပြီး အချို့ဆိုလျှင် လုပ်သက် ၃၀ ကျော်များလည်း ပါဝင်ပါတယ်။

ငွင်းပုဂ္ဂိုလ်များဟာ မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ခဲ့ကြသူများဖြစ်ကြပါတယ်။ ယခင်အစိုးရလက်ထက်နှင့် ယခုအစိုးရသစ်လက်ထက်တွင်လည်း ဓာတ်အားခွဲရုံများတည်ဆောက်ခြင်း၊ ကျေးရွာများသို့ လျှပ်စစ်မီးအားလိုင်းများ တိုးချဲ့တပ်ဆင်သွယ်တန်းသည့်လုပ်ငန်းများကိုလည်း ကြိုးစားဆောင်ရွက်ခဲ့ကြသူများ ဖြစ်ကြပါတယ်။ ထို့အပြင် မြို့နယ်နှင့်မြို့နယ်ခွဲများ၏ လျှပ်စစ်ပေးရေးနှင့်သက်ဆိုင်သော စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် တစ်မြို့လုံးမီတာခကောက်ခံရေးစသည့် ငွေရေးကြေးရေးကိစ္စများကိုလည်း စနစ်တကျဆောင်ရွက်ခဲ့ကြသူများဖြစ်ကြပါတယ်။ ထိုဖော်ပြပါ ဝန်ထမ်းများအနေနဲ့ မိမိတို့လုပ်သက် ၂၀ ကျော်အတွင်း ရာထူးတိုးမြှင့်ပေးခြင်းကိုတစ်ကြိမ်မျှလောက်တော့ ခံစားလိုတဲ့ဆန္ဒများ ရှိကြပါတယ်။ သို့ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အထက်ဖော်ပြပါဌာနတွင်း ရာထူးတိုးလူတွေ့စစ်ဆေးမှုကို ဖြေဆိုထားသူများထဲမှ အရည်အချင်းမီသူများအား ရာထူးတိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ရာထူးတိုးမြှင့်ပေးမည်ကို သိရှိလိုပါ၍ ဝန်ထမ်းများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ မြို့၊ မြို့နယ်ခွဲများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရာတွင် နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်မှ တိုက်ရိုက်ဓာတ်အားပေးသောနေရာများ တည်ရှိသကဲ့သို့ နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်နှင့် အလှမ်းကွာဝေးသည့် မြို့၊ မြို့နယ်ခွဲများနှင့်ကျေးရွာများအား ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားပေးခြင်းများကို ဆောင်ရွက်ရတာဖြစ်ပါတယ်။

အဆိုပါကဲ့သို့ ဒီဇယ်စက်များဖြင့် ဓာတ်အားပေးသည့် မြို့၊ မြို့နယ်ခွဲများတွင် မီးသုံးစွဲသူလူဦးရေ

နည်းပါးခြင်း၊ ဒီဇယ်ခါတ်အားပေးစက်ကို ခါတ်အားဖြန့်ဖြူးပေးသည့် မြို့ငယ်လေးများသာဖြစ်သည့် အတွက် တာဝန်ခံကြီးကြပ်သူအဖြစ် သာမန်ဘွဲ့ရသူများအား လက်ထောက်ကြီးကြပ်ရေးမှူး မြို့နယ် ရာထူးအဆင့်အဖြစ် တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။ မေးခွန်းတွင် မေးမြန်းထားသည့် လက်ထောက် ကြီးကြပ်ရေးမှူး မြို့နယ်တာဝန်ထမ်းဆောင်နေကြသူများသည် ဝိဇ္ဇာဘွဲ့အမျိုးမျိုး၊ သိပ္ပံဘွဲ့များ အမျိုးမျိုးဖြင့် အောင်မြင်ထားကြသူများဖြစ်ကာ ဌာနသို့အလုပ်ဝင်ရောက်ရာတွင် အငယ်တန်းစာရေး သို့မဟုတ် စာရင်းကိုင်(၄)ရာထူးမှစတင်ကာ အလုပ်ဝင်ရောက်ခဲ့ကြသူများဖြစ်ပါတယ်။ တဖြည်းဖြည်း ရာထူးမြင့်လာတာနှင့်အမျှ ၎င်းတို့ကို အကြီးတန်းစာရေး၊ စာရင်းကိုင်(၃)၊ စာရင်းကိုင်(၂)စသည့် အဆင့်များ ရောက်ရှိလာကြတာဖြစ်ပါတယ်။ ထိုသို့ရောက်ရှိလာတဲ့အခါမှာ ဒီဇယ်စက်များနှင့် မီးပေးသည့်မြို့များမှာ ၎င်းတို့ကိုတာဝန်ခံအဖြစ် တာဝန်ပေးထားတာဖြစ်ပြီး အင်ဂျင်နီယာလုပ်ငန်း များကို ၎င်းတို့ကလုပ်ကိုင်ရတာမဟုတ်ပါ။ အကယ်၍ ရာထူးဒီထက်ပိုပြီးမြင့်လာတာနှင့်အမျှ ပို့အားမြှင့်ခါတ်အားလိုင်းစနစ်များကို ကိုယ်တိုင်ကိုယ်ကျဝင်ရောက်လုပ်ကိုင်ကြရမှာ ဖြစ်သလို စီမံခန့်ခွဲကြီးကြပ်ရမယ့်တာဝန်တွေလည်း ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ တာဝန်ယူရမယ် ဆိုရင် လျှပ်စစ်အင်ဂျင်နီယာဘာသာရပ်ကို အခြေခံကျကျသင်ယူတတ်မြောက်ထားသူများမဟုတ်ပါက လုပ်ငန်းခွင်အတွင်းမှာ ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ အခြားသောလျှပ်စစ်ဝန်ထမ်းများကိုဖြစ်စေ၊ အများ ပြည်သူကိုဖြစ်စေ အသက်သေဆုံးသည်အထိ မှားယွင်းသောဆုံးဖြတ်လုပ်ကိုင်မှုများ ကျရောက်လာ နိုင်မှာဖြစ်သလို တန်ဖိုးမြင့်မားတဲ့လျှပ်စစ်ပစ္စည်းများ ပျက်စီးချို့ယွင်းမှုများကိုလည်း ရင်ဆိုင် ရနိုင်တာ ဖြစ်ပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ခါတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေနဲ့ ယခင်ခေတ် အဆက်ဆက်က လက်ထောက်ကြီးကြပ်ရေးမှူး မြို့နယ်တာဝန်ထမ်းဆောင်နေသူများမှ လုပ်ငန်း အတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိတဲ့ လုပ်သက်ရင့်ဝန်ထမ်းများကို အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူး သို့ မီးသုံးစွဲသူနည်းသော ဒီဇယ်ခါတ်အားပေးစက်နဲ့ ခါတ်အားပေးထားတဲ့မြို့နဲ့ မြို့နယ်မှာ တိုးမြှင့်ပေးခဲ့တဲ့ အစဉ်အလာရှိခဲ့ပါတယ်။ ထိုသို့ရှိခဲ့တဲ့ဥစ္စာဟာလည်း ယခင်ကာလက စီမံခန့်ခွဲမှုကိစ္စ မှာ မှားယွင်းစွာလုပ်ကိုင်မှုဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ ထို့ကြောင့် ယခုအခါမှာ အဆိုပါမှားယွင်းတဲ့ လုပ်ကိုင်မှုမျိုး မဖြစ်ပေါ်စေအောင် အဆင့်ဆင့်စိစစ်ကြီးကြပ်ဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ အင်ဂျင်နီယာလုပ်ငန်းကို သာမန်သိရှိရုံဖြင့် လုံလောက်မှုမရှိဘဲ အင်ဂျင်နီယာဘာသာရပ်ကို အမှန်တကယ်ပိုင်နိုင်ကျွမ်းကျင်မှုရှိမှသာ တိုးတက်ပြောင်းလဲလာတဲ့

ခေတ်နှင့်အညီ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစနစ်အား စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားထုတ်လုပ်ကိုင်ရမှာဖြစ်တဲ့အတွက်ကြောင့် အင်ဂျင်နီယာတွဲ့ရမဟုတ်သော လက်ထောက်ကြီးကြပ်ရေးမှူး မြို့နယ်များအား အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးများသို့ တိုးမြှင့်ပေးရန်အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်အေး(နတ်တလင်းမဲဆန္ဒနယ်)**။ ။ ဝန်ကြီးဖြေပေးတဲ့အတွက်ကြောင့် ကျွန်တော်ကျေးဇူးတင်ပါတယ်။ ဝန်ထမ်းတွေလည်း အခု ဒီမှာလွှတ်တော်ကပြောတာ နားထောင်ပြီးသူတို့ကြားမှာဖြစ်ပါတယ်။ ဒါပေမဲ့ စခေါ်တုန်းက ဒီရာထူးတိုးပေးမယ်ဆိုပြီးတော့ လူတွေ့ ဘာဖြစ်လို့ခေါ်သလဲ ကျွန်တော်ပြောတာ။ ဒီလိုအစီအစဉ်ရှိရင် ဒါ ဒီအစိုးရသစ်လက်ထပ်မှာခေါ်တာ အခုကြမှ ဒီလိုခေါ်တွေ့ပြီး တစ်နှစ်လောက်ကြာမှ ဒီရာထူးနဲ့မဖြစ်လို့ဆိုပြီးတော့ ဒီလိုဖြေတာကတော့ တကယ်ဆိုရင် အစတကည်းက မခေါ်ရင်ကောင်းမယ်။ အခု ဒီလူတွေက ဘယ်လိုလဲဆိုတော့ စိတ်ဓာတ်တွေကျနေတယ်။ တစ်နှစ်ကျော်နေပြီ။ သူတို့ဒီအလုပ်ကိုကြိုးကြိုးစားစားလုပ်ခဲ့တာ အနှစ် ၂၀ ကျော်နှစ် ၃၀ တွေ ဖြစ်နေပါပြီ။ ကျွန်တော်ပြောချင်တာကတော့ လုပ်ငန်းအရနဲ့တော့ ကျွန်တော်မပြောလိုပါဘူး။ သို့သော် အစတုန်းကဘာဖြစ်လို့ အဲဒီလိုမပေးနိုင်ဘဲ ခေါ်သလဲ။ ခေါ်ပြီးမှ အခုကျမှ ဒါကြောင့်မပေးနိုင်ပါဘူးဆိုတော့ ဒီဝန်ထမ်းတွေကို စိတ်ဓာတ်ကျအောင်လုပ်တာနဲ့အတူတူပဲ။ အဲဒါလေးကို ကျွန်တော်သိချင်ပါတယ်။ ဘာဖြစ်လို့ခေါ်သလဲ။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးအနေနဲ့ ဆက်စပ်တဲ့မေးခွန်းကိုပဲ ဖြေပါ။ အစတုန်းကဘာလို့ခေါ်သလဲ ဆိုတာကတော့ အဲဒီခေါ်တဲ့လူကိုသွားမေးမှရမယ်။ ဒါလက်ရှိက လက်ရှိမှုကိုပြောပြီးပြီ။ ဆက်စပ်တာပဲ ဖြေပါ။ မဆက်စပ်တာမဖြေပါနဲ့။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့အနေနဲ့ လျှပ်စစ်ဓာတ်အား ပေးလုပ်ငန်းတွေကို ပြုပြင်ပြောင်းလဲနေတဲ့အချိန်ရောက်နေပါပြီ။ ဒီအတွက် အငယ်တန်းအင်ဂျင်နီယာ (၂)ရာထူးဟာ အင်ဂျင်နီယာများ၊ အင်ဂျင်နီယာပညာရပ်၊ ဘွဲ့ရများကို တာဝန်ပေးရတာဖြစ်တဲ့ အတွက်ကြောင့် ဆောင်ရွက်ရန်မသင့်တဲ့ကိစ္စရပ်ကို အမြန်ဆုံးအမှားပြင်တဲ့ အနေနဲ့ ဆက်လက်ဆောင်ရွက်မှုမရှိတဲ့အကြောင်း ဖြေကြားလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ဆက်စပ်မေးခွန်းမေးတဲ့အခါမှာ သတိထားပါ။ ဝန်ကြီးဌာနက လက်ရှိအစိုးရရဲ့ မူဝါဒအတိုင်းဖြေပြီးပြီ။ အဲဒါအစကဟာကို ပြန်ကောက်ပြီးတော့ ဘာလို့ခေါ်လဲဆိုရင်တော့ ဘယ်လိုဆက်စပ်မှုရှိမှာလဲ။ ဘယ်လိုပတ်သက်မှုရှိမှာလဲ။ တစ်ဆက်တစ်စပ်တည်း ဘယ်လိုဖြစ်မှာလဲ။ စဉ်းစားဖို့ကောင်းပါတယ်။

**မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယနေ့ကောက်ယူနေသော လျှပ်စစ်မီတာခကို သင့်တင့်မျှတသော ဈေးနှုန်းသို့ပြောင်းလဲသတ်မှတ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် မေးမြန်းဖို့ပါတယ်။

**ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဂုဏ်သရေရှိလူကြီးမင်းအပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင် ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ယနေ့ကောက်ယူနေတဲ့လျှပ်စစ်မီတာခကို သင့်တင့်မျှတတဲ့ဈေးနှုန်းသို့ ပြောင်းလဲသတ်မှတ်ဖို့ အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ ဆင်းရဲခြင်းတွေကို လေ့လာကြည့်တဲ့အခါမှာ အသိဉာဏ်ပညာနိမ့်ပါးတာတွေ၊ အုပ်ချုပ်သူနဲ့ပြည်သူပြည်သားတို့ရဲ့ ကိုယ်ကျင့်သီလပျက်ယွင်းတာတွေ၊ အခြေခံအဆောက်အဦပြည့်စုံခြင်းကြောင့် ဖြစ်ရတာတွေ မတွေ့ရပါဘူး။ ဒါကြောင့် တစ်ဖက်က အခြေခံအသိပညာတွေမြင့်မားအောင် ကြိုးစားနေရင်းနဲ့လည်းပဲ နောက်တစ်ဖက်ကလည်းပဲ အကျင့်ပျက်ခြစားမှုတွေကို တိုက်ဖျက်နေရပါတယ်။ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စွမ်းအင်လုံလောက်မှုကိုလည်း ဖြည့်ဆည်းဖို့ လိုလာပါတယ်ခင်ဗျား။ စွမ်းအင်ဆိုတဲ့နေရာမှာလည်း ပိုပြီးအဓိကကျတာကတော့ လျှပ်စစ်စွမ်းအင်ပဲဖြစ်ပါတယ်။ လူသားတိုင်းနှင့်လည်း သက်ဆိုင်ပတ်သက်ပါတယ်။ နိုင်ငံတကာကိုကြည့်လိုက်ရင် တစ်ဦးချင်းပျမ်းမျှလျှပ်စစ်ယူနစ် အများဆုံးသုံးတဲ့နိုင်ငံတွေကပဲ ဖွံ့ဖြိုးမှုအမြင့်ဆုံးနိုင်ငံတွေစာရင်းမှာ တွေ့ရပါတယ်။ နိုင်ငံတကာဈေးနှုန်းကို ကြည့်ပြန်တော့လည်းပဲ စင်ကာပူ၊ အီတလီ၊ ဂျပန်အစရှိတဲ့ ဖွံ့ပြီးတဲ့နိုင်ငံတွေမှာကျတော့ တစ်ယူနစ်ကို အမေရိကန်ဒေါ်လာ ၀.၂၀ ဒေါ်လာကနေပြီးတော့ ၀.၂၂ ဒေါ်လာ၊ ၀.၂၃ ဒေါ်လာအစရှိတဲ့ ကျသင့်တာကို တွေ့ရပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာကျတော့ ပျမ်းမျှခြင်း အမေရိကန်ငွေနဲ့တွက်ရင် ၀.၀၈ ဒေါ်လာကနေပြီးတော့ ၀.၁ ဒေါ်လာကျသင့်တာကို တွေ့ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားခကကျတော့ တစ်ယူနစ်ကို ၃၅ ကျပ်နဲ့

တွက်မယ်ဆိုလို့ရှိရင် အမေရိကန်ဒေါ်လာနဲ့တွက်ရင် ၀.၀၂၅ ဒေါ်လာခန့်ပဲကျသင့်တာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်ပစ္စည်းတို့ရဲ့ သဘောတရားဆိုတာက ရောင်းလိုအားနဲ့ ဝယ်လိုအားရှိပါတယ်။ ရောင်းလိုအားများရင် ဈေးလျော့မယ်။ ဝယ်လိုအားများရင် ဈေးကြီးမယ်ဆိုတဲ့ ရောင်းလိုအား၊ ဝယ်လိုအားဈေးနှုန်းတို့ရဲ့ တစ်ခုကိုတစ်ခု တည်မှီနေတဲ့သဘောသဘာဝရှိပါတယ်။ တစ်နည်းပြောရမယ်ဆိုလို့ရှိရင် ဈေးသက်သာရင်များများဝယ်သုံးကြမယ်။ ဈေးကြီးရင် ချွေတာပြီးတော့ လျှော့ပေါ့သုံးမယ်ဆိုတဲ့ သဘောပါခင်ဗျား။ နောက်တစ်မျိုးကျတော့ နည်းရင်မျှတပြီးသုံးမယ်။ ပေါများရင်တော့ အပြည့်အဝသုံးမယ်ဆိုတဲ့ သဘောပါ။ ဒါပေမယ့် ကျွန်တော်တို့မြန်မာပြည်မှာ အခုဖြစ်နေတာက အချို့ဒေသခပ်များများတွေမှာ ဈေးအပေါဆုံးက တစ်ယူနစ်ကို ၃၅၀ ကျပ်ဈေးပေးရပါတယ်။ ဈေးကြီးရင် ၆၅၀ ကျပ်ပေးရပါတယ်။ ဒီလူတွေဟာ ပိုက်ဆံပေါလို့တော့ မဟုတ်နိုင်ပါဘူး။ အလင်းရောင်ရဖို့ မဖြစ်မနေဝယ်သုံးကြတဲ့သဘောပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ ရေခဲသေတ္တာတို့၊ အဝတ်လျှော်စက်တို့ အဲယားကွန်းတို့ဆိုတာတွေကို အလကားပေးမယ်ဆိုတောင်မှ ဝယ်သုံးတဲ့လူ ရှားရှားပါ။ ဘာဖြစ်လဲဆိုတော့ လျှပ်စစ်မီတာခကို ကြောက်လို့မသုံးရဲကြပါဘူး။ အိမ်မှာသုံးတဲ့မီးတွေကိုလည်းပဲ မီးသုံးအနည်းဆုံးပစ္စည်းတွေဖြစ်တဲ့ LED ပစ္စည်းတွေကိုပဲ တတ်နိုင်သလောက် ဝယ်သုံးကြပါတယ်။ ချွေတာတဲ့ သဘောပေါ့ခင်ဗျား။ ကျွန်တော်တို့ တစ်နိုင်ငံသားချင်းအတူတူပဲ စွမ်းအင်ကိုဝတဲ့သူက အရမ်းဝ၊ စွမ်းအင်ကိုငတ်တဲ့သူက အရမ်းကိုငတ်ကြီးကျနေတာမျိုးတော့ မဖြစ်သင့်ဘူးပေါ့ခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ရေအားလျှပ်စစ်တို့၊ ဘာတို့အစရှိသဖြင့် ထုတ်နိုင်တဲ့နေရာတွေများစွာကျန်နေပါသေးတယ်။ ထုတ်လုပ်တည်ဆောက်ဖို့ဆိုတာကလည်း ငွေပိုကလည်း ရှိအုံးမှကို။ ငွေကဘာလို့အပိုမရှိတာလဲဆိုတော့ ရှုံးနေလို့ပါ။ ရှုံးလို့တိုးမထုတ်နိုင်။ တိုးမထုတ်နိုင်လို့ ပိုက်ဆံကမပိုလာ။ ဒါပေမယ့် တိုးသာ မထုတ်နိုင်ပေမယ့်လည်းပဲ လူဦးရေက နေ့စဉ်တိုးလာနေတယ်။ ဒီလိုတိုးလာနေလျက်နဲ့ပဲ အဆိုး သံသရာလည်နေတာမျိုးတော့ မဖြစ်သင့်တော့ပါဘူးခင်ဗျား။ အခုကျွန်တော်တို့နိုင်ငံမှာ ဆိုလို့ရှိရင် နှစ်စဉ်နှစ်စဉ်တစ်နှစ်ကို ဘီလီယံ ၁၀၀၀ လောက်အရှုံးပေါ်နေတာလည်း ကျွန်တော်တို့ သိရပါတယ်။ အဲဒီလို မျိုးဖြစ်နေမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံက ဘယ်လိုဖြစ်နေမလဲဆိုတော့ နူရာဝဲစွဲသလိုဖြစ်နေမလား စဉ်းစားမိလို့ပါခင်ဗျား။

အခုနောက်ဆုံး တနင်္သာရီတိုင်းဒေသကြီးမှာရတဲ့ သတင်းအရဆိုရင် ကျွန်တော်တို့ တနင်္သာရီတိုင်းရဲ့ မြို့တော်ထားဝယ်မှာ တစ်နေ့ကို ၂၁၀ ကျပ်နဲ့ ပေးဖို့စီစဉ်နေတယ်ဆိုတဲ့ သတင်းကြားရပါတယ်။ ကျွန်တော်တို့ ဒေသကလူတွေကတော့ ဒီသတင်းကြားရတော့ ဘယ်လိုဖြစ်နေလဲဆိုတော့ ကမ္ဘာဦးကာလကလူတွေနေလမြင်သလိုဝမ်းသာကြပါတယ်ခင်ဗျား။ အဲ့ဒါကြောင့် မြန်မာ တစ်နိုင်ငံလုံးမှာ ဘတ်ဂျက်လိုငွေလည်း လျော့နည်းသက်သာသွားလေအောင် အလွန်တရာချိုသာတဲ့ ဈေးနှုန်းနဲ့ မနိုင်မနင်းပေးနေရတဲ့လူတွေကြားမှာ ပြေလည်မှုတွေရရှိသွားနိုင်အောင် လျှပ်စစ်မီတာခကို တစ်နိုင်ငံလုံးမှာ ။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အားခကို အိမ်သုံးနှင့်စီးပွားရေးသုံး သို့မဟုတ် စက်မှုလုပ်ငန်းသုံးဟူ၍ နှစ်မျိုးခွဲခြားပြီး ကောက်ခံလျက်ရှိပါတယ်။ အိမ်သုံးဓာတ်အားတစ်ယူနစ်လျှင် အနိမ့်ဆုံး ၃၅ ကျပ်မှ အမြင့်ဆုံး ၅၀ ကျပ်ဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် စက်မှုလုပ်ငန်းသုံးဓာတ်အားတစ်ယူနစ်လျှင် အနိမ့်ဆုံး ၇၅ ကျပ်မှ အမြင့်ဆုံး ၁၅၀ ကျပ်ဖြင့်လည်းကောင်း သုံးစွဲသောဓာတ်အားယူနစ်အလွှာအလိုက်နှုန်းထားများ သတ်မှတ်ကာကောက်ခံလျက်ရှိပါတယ်။

ဓာတ်အားထုတ်လုပ်မှုကဏ္ဍမှာ နိုင်ငံပိုင်ဓာတ်အားပေးစက်ရုံအသစ်များ တည်ဆောက်ပြီးစီးမှု မရှိခြင်းကြောင့် ပုဂ္ဂလိကမှ စုစုပေါင်းဓာတ်အားထုတ်လုပ်မှု၏ ၅၁ ရာခိုင်နှုန်းအထိ ပါဝင်ဆောင်ရွက်မှုဟာ များပြားလာတာဖြစ်ပါတယ်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်သောဓတ်အားပေးစက်ရုံများထံမှ ဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားဝယ်ယူရတဲ့ စရိတ်ဟာလည်း များလာတာဖြစ်ပါတယ်။ ပုဂ္ဂလိကရေအားစက်ရုံများမှ တစ်ယူနစ်လျှင် ပျမ်းမျှ ၆၈ ကျပ်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကသဘာဝ

ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများထံမှ ဓာတ်အားတစ်ယူနစ်လျှင်ပျမ်းမျှ ၁၅၈ ကျပ်ခန့်ဖြင့်လည်းကောင်း ဝယ်ယူရတာဖြစ်ပါတယ်။ အဆိုပါ ပုဂ္ဂလိကဓာတ်အားပေးစက်ရုံများထံမှ တစ်ယူနစ်ဓာတ်အားဝယ်ယူစရိတ်မှာ နိုင်ငံပိုင်ဓာတ်အားစက်ရုံများက ထုတ်လုပ်သော ကုန်ကျစရိတ်များထက်များပြားတာဖြစ်ပါတယ်။ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကဓာတ်အားပေးစက်ရုံများအားလုံးက ထုတ်လုပ်တဲ့ဓာတ်အားစရိတ်များရဲ့ ပျမ်းမျှကုန်ကျစရိတ်ဟာ ၉၁.၉၂ ကျပ်ခန့်ဖြစ်ပါတယ်။ ဓာတ်အားကို ပြန်လည်ရောင်းချတဲ့အခါမှာ ဓာတ်အားတစ်ယူနစ်အတွက် ကောက်ခံရရှိငွေဟာ ပျမ်းမျှအားဖြင့် ၆၉.၂၆ ကျပ်ခန့်သာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ဘတ်ဂျက်ကနေပြီးတော့ ဓာတ်အားတစ်ယူနစ်တိုင်းအတွက်ကို ၂၂.၆၆ ကျပ်ခန့် စိုက်ထုတ်ပေးနေရတဲ့ အခြေအနေဖြစ်ကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်း ၃၃၇ ဘီလီယံကျပ်ခန့် အရှုံးခံစိုက်ထုတ်ခဲ့ရတာဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏဟာ နှစ်စဉ် မဂ္ဂါဝပ် ၄၀၀ မှ ၅၀၀ အထိ တိုးတက်မြင့်မားလာတာဖြစ်ပြီး၊ ထိုကဲ့သို့ နှစ်စဉ်တိုးတက်လာလေ နိုင်ငံတော်မှ နှစ်စဉ်အရှုံးခံစိုက်ထုတ်မှုဟာလည်း ပိုမိုမြင့်မားလာတာဖြစ်ပါတယ်။ လက်ရှိဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲခွင့်ရရှိနေသူ ၃၈ ရာခိုင်နှုန်းသော အိမ်ထောင်စုအတွက် ဓာတ်အားခသက်သာမှုရှိရန် နိုင်ငံတော်က နှစ်စဉ် ၃၃၇ ဘီလီယံကျပ်ကျော် အရှုံးခံစိုက်ထုတ်ပေးနေရတဲ့အတွက်ကြောင့် ဓာတ်အားရယူသုံးစွဲခွင့်မရရှိသေးသော ကျန် ၆၂ ရာခိုင်နှုန်းသော အိမ်ထောင်စုတို့က ၎င်းတို့နှင့်သက်ဆိုင်တဲ့ ပြည်သူ့ဘဏ္ဍာရန်ပုံငွေမှ မျှဝေကျခံပေးနေရသကဲ့သို့ အခြေအနေဖြစ်နေတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဓာတ်အားရရှိသူများက သင့်လျော်သောဓာတ်အားခကို ပေးဆောင်နိုင်မှသာ နှစ်စဉ်အရှုံးခံရသည့်ငွေများ သက်သာလာပြီး နိုင်ငံတော်ရဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မှာဖြစ်ကာ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်မရရှိသေးသော ဒေသများသို့ ဓာတ်အားလိုင်းများ တည်ဆောက်ပေးနိုင်ရန်အတွက်လည်း မြန်မြန်ဆန်ဆန် စီစဉ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ယခုအခါမှာ ကမ္ဘာ့လောင်စာစရိတ် မတည်ငြိမ်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်မားလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်ဟာလည်း ပို၍၊ ပို၍တိုးတက်မြင့်မားလာတာဖြစ်တဲ့အတွက်ကြောင့် ဓာတ်အားခနှုန်းထားများကို ပြင်ဆင်ကောက်ခံရန် လိုအပ်လာခြင်း၊ အသုံးစရိတ်များကို နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်စိုက်ထုတ်သုံးစွဲနေရခြင်းဟာ တိုင်းပြည်ရဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမည့်ကိစ္စရပ်များမှာ ဘဏ္ဍာငွေသုံးစွဲနိုင်မှုအားနည်းသွားကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းသလောက် မအောင်မြင်နိုင်သောကြောင့် ကုန်ကျစရိတ်

ကို ကာမိတဲ့သင့်လျော်သော ဓာတ်အားခနှုန်းထားကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်လျက်ရှိတာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနက လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်က စိုက်ထုတ်ကုန်ကျမှု လျော့ကျရေးအတွက် သင့်လျော်သော ဓာတ်အားခနှုန်းထားတစ်ခုသတ်မှတ်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ Tariff Policy ရေးဆွဲခြင်းကိုလည်း၊ ဆောင်ရွက်နေပြီး လျှပ်စစ် ဓာတ်အားခနှုန်းထားများနှင့်ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲများကို ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ အဖွဲ့များမှ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိ သူများ၊ တက်ကျွမ်းကျင်သူများအားဖိတ်ခေါ်၍ ၂၀-၄-၂၀၁၇ ရက်နေ့တွင် ပထမအကြိမ်၊ ၈-၅-၂၀၁၇ ရက်နေ့တွင် ဒုတိယအကြိမ်ကျင်းပကာ တက်ရောက်ဆွေးနွေးသူများ၏ အကြံပြုချက်များကိုလည်း ရယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကင်းမြို့နယ်အပါအဝင် မြို့နယ်အချို့၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် လျှပ်စစ်ဓာတ်အားခ ကောက်ခံခြင်းလုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ပုဂ္ဂလိကသို့ ငှားရမ်းဝန်ဆောင်မှုပေးနေခြင်းနှင့်ပတ်သက်၍ ကန်ထရိုက်စာချုပ်ပါအချက်အလက်များကို ပွင့်လင်း မြင်သာမှုရှိစွာ ချပြနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်မ ဒီနေ့မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး အတွင်းက မြို့နယ်တွေရဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနဲ့ လျှပ်စစ်ဓာတ်အားခ ကောက်ခံခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့ဟာ လူဦးရေ ၅.၁ သန်းကျော်ရှိပြီးတော့ နိုင်ငံ့လူဦးရေ စုစုပေါင်းရဲ့ ၁၀ ရာခိုင်နှုန်းနီးပါး မှီတင်းနေထိုင်ကြတဲ့မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏဟာ ၉၀၀ မဂ္ဂါဝပ်ရှိပြီးတော့ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏရဲ့ ၆၀ ရာခိုင်နှုန်းခန့်ဖြစ်တယ်လို့ ၂၀၁၃ ခုနှစ် စာရင်းဇယားများအရ သိရှိရပါ တယ်။ ရန်ကုန်မြို့ဟာ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနဲ့ လူမှုစီးပွားဘဝတွေအတွက် အချက်အချာကျတဲ့မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြို့နေလူဦးရေသိပ်သည်းဆဟာ

တစ်နေ့တစ်ခြား တိုးတက်လျက်ရှိ နေတာဖြစ်ပါတယ်။ ဒီလိုတစ်နေ့တခြားမြို့နေလူဦးရေတိုးတက်များပြားလာခြင်း၊ လူနေမှုပုံစံများ ပြောင်းလဲလာခြင်းနှင့်အမျှ မြို့နေလူထုရဲ့လျှပ်စစ်မီးရရှိမှုအပေါ်မှာ မှီခိုရမှုကလည်း ပိုမိုပြီးတော့များပြားလာတာ ဖြစ်ပါတယ်။ လျှပ်စစ်မီးလိုအပ်ချက်ဟာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေအတွက် အရေးကြီးတဲ့အခြေခံလိုအပ်ချက်ဖြစ်သလို သာမန်ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝအတွက်လည်းပဲ အခြေခံလိုအပ်ချက် ဖြစ်နေပါတယ်။ မြို့နေပြည်သူတွေအဖို့ လျှပ်စစ်မီးပြတ်တောက်မှုဟာ သူ့ချည်းသက်သက်သာမက နောက်ဆက်တွဲသောက်သုံးရေ ပြတ်တောက်မှုလည်းဖြစ်သလို ပူပြင်းခြောက်သွေ့တဲ့နွေရာသီမှာ လျှပ်စစ်မီးပြတ်တောက်ပြီဆိုရင်တော့ လှောင်ပိတ်မဲမှောင်နေတဲ့ ရန်ကုန်မြို့တိုက်ခန်းတွေထဲက မြို့ပြလူထုရဲ့ လူမှုဘဝမွန်းကျပ်မှုတွေဟာ နောက်ဆက်တွဲလူမှုရေး၊ ကျန်းမာရေးဆိုးကျိုးတွေထိပါ ရိုက်ခတ်မှုတွေ ရှိလာတတ်ပါတယ်။ ဒီတော့ ရန်ကုန်မြို့ဟာလျှပ်စစ်မီးပျက်ပြီးတော့ မီးပြန်လာမယ်ဆိုလို့ရှိရင် လက်ခုပ်လက်ဝါးတီးပြီးတော့ကို ပျော်ရတဲ့မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ လျှပ်စစ်မီးပြတ်တောက်တဲ့ အခါတိုင်းမှာ စောဒကတက်ခံရတာကတော့ ခုနက သက်ဆိုင်ရာမြို့နယ်က လျှပ်စစ်ရုံးတွေရယ်၊ တာဝန်ရှိသူတွေရယ်၊ ပြည်သူလူထုနဲ့ တိုက်ရိုက်ထိတွေ့နေရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေပဲဖြစ်ပါတယ်။ ဒီလျှပ်စစ်မီတာခကိုတော့ မှန်မှန်ပေးဆောင်ရတယ်။ လျှပ်စစ်မီးကျတော့ မှန်မှန်မသုံးစွဲရတဲ့ အပေါ်မှာ စောဒကတက်ကြ တာဟာလည်းသဘာဝကျပါတယ်။ ဒါပေမဲ့ ကျွန်မတို့မြို့နယ်အပါအဝင် တခြားမြို့နယ်တွေမှာလည်း ဒီလျှပ်စစ်ဓာတ်အားခကောက်ခံမှုနဲ့ပတ်သက်ပြီးတော့ ပုဂ္ဂလိကကုမ္ပဏီတွေကို ငှားရမ်းဝင်ဆောင်မှုပေးနေတယ်ဆိုတာကိုတော့ သိရှိသူနည်းလှပါတယ်။ ကျွန်မသိလိုတာကတော့ ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း၊ လျှပ်စစ်မီတာခကောက်ခံခြင်းတွေနဲ့ ပတ်သက်ပြီးတော့ ပုဂ္ဂလိကကုမ္ပဏီတွေနဲ့ ချုပ်ဆိုထားတဲ့ သဘောတူစာချုပ်တွေနဲ့ပတ်သက်ပြီးတော့ သိရှိလိုခြင်းဖြစ်ပါတယ်။ အဲဒီပုဂ္ဂလိကကုမ္ပဏီတွေနဲ့ YESB နဲ့ချုပ်ဆိုထားတဲ့စာချုပ်တွေမှာ နိုင်ငံတော်က ဘယ်လောက်အကျိုးအမြတ်ရရှိပြီးတော့ဘယ်လိုတာဝန်ယူမှု၊ တာဝန်ခံမှုတွေကို ထည့်သွင်းထားပါသလဲ။ ထို့အတူ ကုမ္ပဏီဘက်ကနေပြီးတော့လည်း ဘယ်ကိစ္စတွေမှာတော့ ဘယ်လိုတာဝန်ယူမှု၊ တာဝန်ခံမှုတွေရှိမယ်ဆိုတာ ထည့်သွင်းထားတာမျိုးတွေ ရှိပါလိမ့်မယ်။ အဲဒါတွေကို ကျွန်မတို့သိရှိရမှသာလျှင် ဥပမာ-လျှပ်စစ်မီးကြိုးတွေ၊ အရည်အသွေးမပြည့်မီလို့ မီးပျက်တာဆိုလို့ရှိရင်တော့ ဘယ်သူ့တာဝန်၊ လေတိုက်လို့၊ မိုးကြီးလို့၊ ဓာတ်တိုင်လဲလို့ မီးပျက်လို့ရှိရင်ဖြင့် ပြင်ရမှာကဘယ်သူ့တာဝန်ရှိမယ်စသဖြင့် မြေအောက် Cable ကြိုးတွေပြင်ဆင်တာကတော့ ဘယ်စာချုပ်အရ၊ ဘယ်စီမံကိန်းအရစသဖြင့် ပွင့်လင်းမြင်သာစွာ

သိမှသာလျှင် ပြည်သူလူထုရဲ့ငြိုငြင်မှုကိုလျှော့ချနိုင်ပြီးတော့ ယုံကြည်မှု၊ နားလည်မှုကိုတည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မမေးလိုတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကင်းမြို့နယ်အပါအဝင် မြို့နယ်တွေမှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနဲ့ လျှပ်စစ်ဓာတ်အားခကောက်ခံခြင်းလုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ပုဂ္ဂလိကသို့ ငှားရမ်းဝန်ဆောင်မှုပေးနေခြင်းနှင့်ပတ်သက်ပြီး ကန်ထရိုက်စာချုပ်ပါအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစွာ ချပြနိုင်ခြင်းရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့ ပြည်သူလူထုသိအောင်ဆောင်ရွက်မည်နည်း။ မရှိပါက အဘယ့်ကြောင့်နည်းဆိုသည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကင်းမြို့နယ်အပါအဝင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းနှင့် လက်လီရောင်းချခြင်းလုပ်ငန်းများ ထပ်ဆင့်ဆောင်ရွက်မှုများကို ဌာနကိုယ်စားလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းဆောင်ရွက်ခွင့်အား ၂၀၁၄ ခုနှစ်မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) လက်အောက်မှာရှိတဲ့ လုပ်ငန်းများတွင် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းတွင်ပါရှိသော ရန်ကင်းမြို့နယ်အပါအဝင် မြို့နယ် ၁၉ မြို့နယ်အား အဆိုပါလုပ်ငန်းဆောင်ရွက်ခွင့် ခွင့်ပြုထားသော ကုမ္ပဏီ ၁၂ ခုရှိတာ ဖြစ်ပါတယ်။ အဆိုပါ ကုမ္ပဏီ ၁၂ ခုအား လျှပ်စစ်ဓာတ်အားခကောက်ခံခြင်းလုပ်ငန်းအတွက် ကန်ထရိုက်ပေးထားခြင်းမဟုတ်ပါ။ YESC ကိုယ်စား ဓာတ်အားဖြန့်ဖြူးရောင်းချခြင်း ပဋိညာဉ်စာချုပ်ဖြင့် ဓာတ်အား

ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့် လက်လီရောင်းချခြင်းလုပ်ငန်းထပ်ဆင့်ဆောင်ရွက်မှု(Franchise) ခွင့်ပြု ပေးထားတာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့် ကုမ္ပဏီများရဲ့လုပ်ငန်း တာဝန်တွေကတော့ မြို့နယ်အတွင်းရှိ ၁၁ ကေဗွီ၊ ၄၀၀ ဗို့ဓာတ်အားဖြန့်ဖြူးရေးလိုင်းများအား ထပ်မံ တိုးချဲ့တည်ဆောက်ရမှာဖြစ်ပါတယ်။ မူလက ဌာနကတည်ဆောက်ထားပေးခဲ့ပြီးသော ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းလည်း ဆောင်ရွက်ရမှာပါ။ ဓာတ်အားလိုင်းများနဲ့ မလွတ်ကင်းတဲ့သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းတွေကိုလည်း ကုမ္ပဏီကဆောင်ရွက်ရပါတယ်။ ၁၁.၄ ထရန်စဖော်မာများကို လိုအပ်သလိုတိုးချဲ့တည်ဆောက်ခြင်း၊ မူလရှိပြီး ထရန်စဖော်မာများအား ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်အားသုံးစွဲသူများအား ဓာတ်အားမပြတ်ရရှိအောင် ဆောင်ရွက်ရန်နှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းအောင်ဆောင်ရွက်ရန်၊ ဗို့အားပြည့်အောင်ဆောင်ရွက်ရန်၊ လျှပ်စစ် အန္တရာယ်ကင်းရှင်းမှုရှိအောင် ဓာတ်အားလိုင်းများအား နေ့စဉ် စစ်ဆေးပြုပြင်ထိန်းသိမ်းရန်၊ ဓာတ်အားပြတ်တောက်ချိန်မှာ ၎င်းကုမ္ပဏီတို့၏ ဓာတ်အားပေးစက်များဖြင့် အစားထိုးဓာတ်အားပေး ရန်၊ ပြည်သူကို ကောင်းမွန်သောဝန်ဆောင်မှုပေးရန် စတဲ့တာဝန်များရှိတာဖြစ်ပါတယ်။ YESC ဌာန အနေနဲ့ ၎င်းကုမ္ပဏီများက တာဝန်ယူဆောင်ရွက်နေတဲ့မြို့နယ်များကို ဓာတ်အားပေးရမယ့် အရင်းခံ ခွဲရုံများဖြစ်တဲ့ ၆၆ ကေဗွီခွဲရုံများ၊ ၃၃ ကေဗွီခွဲရုံများ၊ ၆၆ ကေဗွီဓာတ်အားလိုင်းများ၊ ၃၃ ကေဗွီ ဓာတ်အားလိုင်းများအား အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို YESC ဘက်က တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းအား မြို့နယ်များအလိုက် ပုဂ္ဂလိကကုမ္ပဏီများက ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ရန် လျှပ်စစ်ဥပဒေ ၂၀၁၄ နှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းနှင့် လက်လီရောင်းချခြင်းလုပ်ငန်း ထပ်ဆင့်ဆောင်ရွက်ခြင်းဆိုင်ရာ ပဋိညာဉ်စံပုံစံစာချုပ်ကို နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီစေရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၏ နည်းပညာဆိုင်ရာအကူအညီဖြင့် တာဝန်ပေးအပ်ထားသော အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့(DFDL) ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ကာ စတင်ပြုစုခဲ့တာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အဆိုပါစာချုပ်(မူကြမ်း)အား ပုဂ္ဂလိကကုမ္ပဏီများသို့ အကြိမ်ကြိမ်ချပြရှင်းလင်းခဲ့တာဖြစ်ပါတယ်။ ပုဂ္ဂလိကကုမ္ပဏီများက ပြန်လည်ဆွေးနွေးတဲ့အချက်အလက်များကိုဖြင့် ပေါင်းစပ်ညှိနှိုင်းပြုစုထား သော စာချုပ်(မူကြမ်း)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု

စာရင်းစစ်ချုပ်ရုံးတို့ထံပေးပို့ကာ သဘောထားမှတ်ချက်များ တောင်းခံခဲ့ပါတယ်။ အဆိုပါဌာနကြီးများက ပြန်ကြားလာတဲ့သဘောထားမှတ်ချက်များနှင့်အညီ စာချုပ်(မူကြမ်း)ကို ပြန်လည်ပြင်ဆင်ကာ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချုပ်ဆိုခဲ့ခြင်းဖြစ်ရာ စာချုပ်ပါအချက်အလက်များအား ပွင့်လင်းမြင်သာစွာ ချပြခဲ့ပြီးမှ ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါတယ်။ Franchise စာချုပ်ပါအချက်အလက်များအား ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိပါကြောင်းနှင့် စံပြုထားသော ပဋိညာဉ်စာချုပ်အား အများပြည်သူသိရှိရန် အလို့ငှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Website တွင် ဖော်ပြထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မြင့်(ဥက္ကဋ္ဌ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ တစ်နှစ်တာဆောင်ရွက်ချက်အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၊ တိုက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်မြင့်က ကော်မတီကိုယ်စား တင်သွင်းသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်များထံ အစီရင်ခံစာများဖြန့်ဝေပြီးဖြစ်တဲ့အတွက် အစီရင်ခံစာကောက်နုတ်ချက်အကျဉ်းကိုသာ တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သည် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ ဖြင့်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ ဖြင့်လည်းကောင်း ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ပြည်သူ့လွှတ်တော်၏ ၁၇-၂-၂၀၁၆ ရက်နေ့ပါ အမိန့်ကြော်ငြာစာအမှတ်(၂၁/၂၀၁၆)ဖြင့် မဲဆန္ဒနယ်အသီးသီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးပါဝင်၍ စတင်ဖွဲ့စည်းခဲ့ပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်နှင့် ပြည်သူ့လွှတ်တော်ရုံး၏ ၇-၃-၂၀၁၆ ၇က်စွဲပါအမိန့်ကြော်ငြာစာအမှတ်( ၃၈/၂၀၁၆) တို့အရ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အမည်အား တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဟု ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ယင်းနောက် ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ်(၁၁၈/၂၀၁၆)ဖြင့် ကော်မတီဝင်များ ပြောင်းလဲဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇)ဖြင့် ကော်မတီဝင်များ ထပ်တိုးခြင်းကိုလည်းကောင်း၊ အမိန့်အမှတ်(၁/၂၀၁၇) ဖြင့် ကော်မတီတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်၏သက်တမ်းသည် ၁၆-၂-၂၀၁၇ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ပြီးဖြစ်သည့်အတွက် ၁၅-၂-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၁၃)အရ ကော်မတီကို နောက်ထပ်သက်တမ်း တစ်နှစ်ထပ်မံတိုးမြှင့်သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ကော်မတီမှာ ပြည်သူ့လွှတ်တော်က သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန် ကိုးရပ်၊ လုပ်ပိုင်ခွင့် ငါးရပ်နှင့် ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးသုံးရပ်တို့အပေါ် အခြေခံပြီး တောင်သူလယ်သမားနှင့် အလုပ်သမားများ၏ အကျိုးစီးပွားနှင့် ရပိုင်ခွင့်များကို ကူညီဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီဝင်များသည် ချမှတ်ထားသောလမ်းညွှန်ချက်များနှင့်အညီ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ထဲထဲဝင်ဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အစီရင်ခံသည့်ကာလအတွင်း ကော်မတီအစည်းအဝေး ၁၇ ကြိမ်ပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက် ၄၇ ခုကို ချမှတ်နိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီကိုစတင်ဖွဲ့စည်းပြီးသည့် အချိန်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ လယ်ယာမြေသိမ်းဆည်းခံရသော တောင်သူလယ်သမားများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများ၊

အလုပ်သမားရေးရာနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများ၊ အခြားမြေကိစ္စများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများသည် ကော်မတီသို့ ရောက်ရှိလာပါတယ်။ ကော်မတီသို့ ၁၆-၂-၂၀၁၇ ရက်နေ့အထိ တောင်သူလယ်သမားနှင့်ပတ်သက်သည့် တိုင်ကြားစာပေါင်း ၅၀၆၇ စောင်၊ အလုပ်သမားနှင့်ပတ်သက်သည့်တိုင်ကြားစာပေါင်း ၄၇ စောင်၊ ကော်မတီလုပ်ပိုင်ခွင့်နှင့်မသက်ဆိုင်သည့် ထူးခြားသည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် တိုင်ကြားစာပေါင်း ၂၆ စောင် စုစုပေါင်းတိုင်ကြားစာပေါင်း ၅၁၄၀ ရောက်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ ယင်းတိုင်ကြားစာများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံတင်ပြပြီး လမ်းညွှန်မှုကိုခံယူခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ကော်မတီကိုရောက်ရှိလာသော တိုင်ကြားစာများကို လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံးလွှဲပြောင်းပေးပို့နိုင်ရေးအတွက် ကော်မတီဝင်များအနေဖြင့်လည်းကောင်း၊ ကော်မတီဝင်များအနေဖြင့် ၎င်းတိုင်ကြားစာများကို ဖတ်ရှုလေ့လာစိစစ်ပြီး အကြံပြုခြင်းများ၊ မှတ်ချက်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြပါတယ်။ တိုင်ကြားစာများကို မြန်ဆန်ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကော်မတီဝင်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်များခွဲဝေချမှတ်ပေးပြီးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီဝင်များသည် လွှတ်တော်ရပ်နားချိန်များအတွင်း မိမိတို့၏ မဲဆန္ဒနယ်များတွင် ပြည်သူများအား လွှတ်တော်၏ တာဝန်ဝတ္တရားများနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားခြင်း၊ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါတယ်။ နိုင်ငံရေးပါတီများ၊ CSO များနှင့် အစည်းအဝေးများ၊ Workshop များ ဆောင်ရွက်ခဲ့ပြီး ပြည်သူတို့၏လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြပါတယ်။ ကော်မတီဝင်များဟာ ကော်မတီကပြဋ္ဌာန်းထားသော တာဝန်၊ ဝတ္တရားများနှင့်အညီ တောင်သူလယ်သမားများ၏လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်များကို ဖိတ်ကြားကာ၊ လယ်ယာမြေဥပဒေများ၊ နည်းဥပဒေများပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးနှင့် မတရားသိမ်းဆည်းခံလယ်ယာမြေပြဿနာများကို မှန်ကန်မျှတစွာဖြေရှင်းနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး နှစ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းပြင်ဆင်ချက်နှင့် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ပါ

ရငွေ၊ သုံးငွေများ၊ ၂၀၁၆-၂၀၁၇ ခုနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း စိစစ်ပူးပေါင်းရေးအဖွဲ့(၄)တွင် ကော်မတီဝင် ခုနစ်ဦးပါဝင်၍ ကော်မတီဥက္ကဋ္ဌသည် ပူးပေါင်းအဖွဲ့(၄)ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအတွက် စိစစ်ရေးပူးပေါင်းအဖွဲ့(၄)အနေဖြင့် မိမိတို့ကော်မတီတွင် ဘတ်ဂျက်အစည်းအဝေးတစ်ကြိမ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်စီမံကိန်းလုပ်ငန်းများနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းများစိစစ်ရေးအတွက် ပူးပေါင်းအဖွဲ့(၄)မှတာဝန်ယူစစ်ဆေးရသော ဝန်ကြီးဌာနများဖြစ်သည့် (၁) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်းအားဝန်ကြီးဌာန၊ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ဘတ်ဂျက်အစည်းအဝေး လေးကြိမ် စုစုပေါင်းဘတ်ဂျက် ညှိနှိုင်းအစည်းအဝေး ငါးကြိမ်ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ကော်မတီဝင်များသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး၊ တတိယပုံမှန်အစည်းအဝေးအထိ အဆို တင်သွင်းခြင်းနှစ်ကြိမ်၊ မေးခွန်းမေးမြန်းခြင်းအကြိမ် ၉၀ နှင့် ထောက်ခံဆွေးနွေးခြင်း ၃၉ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အစီရင်ခံစာတစ်နှစ်အတွင်း ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးချက်အရ တောင်သူလယ်သမား၊ အလုပ်သမားနှင့်သက်ဆိုင်သော လွှတ်တော်ပြင်ပအလုပ်ရုံဆွေးနွေးပွဲ ၃၆ ကြိမ်၊ လွှတ်တော်ပြင်ပ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကိုးကြိမ်၊ ကော်မတီသို့ ဖိတ်ကြားသောအခမ်းအနားရှစ်ကြိမ်၊ ကော်မတီသက်တမ်းတစ်နှစ်အတွင်း ကော်မတီ ပြင်ပတွင်စုစုပေါင်း ၅၃ ကြိမ်တက်ရောက်ခဲ့ပြီး နိုင်ငံခြားခရီးစဉ်များအတွင်းအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ အိန္ဒိယနိုင်ငံလေ့လာရေးခရီးစဉ်တစ်ကြိမ်၊ ကိုးရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် တစ်ကြိမ်၊ အမေရိကန် ပြည်ထောင်စုဝါရှင်တန်ဒီစီ၌ကျင်းပပြုလုပ်သော HDP ဥပဒေရေးရာအလုပ်ရုံဆွေးနွေးပွဲခရီးစဉ်တစ်ကြိမ် စုစုပေါင်း သုံးကြိမ် သွားရောက်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီဥက္ကဋ္ဌသည် ဒိန်မတ်နိုင်ငံသံအမတ်ကြီးနှင့်နှစ်ကြိမ်၊ UK နိုင်ငံ WFD ၏နည်းပညာအကြံပေးနှင့်တစ်ကြိမ်၊ အမေရိကန်ဝါရှင်တန်ဒီစီအခြေစိုက် နန်မတီအဖွဲ့နှင့်တစ်ကြိမ် စုစုပေါင်းလေးကြိမ်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာလုပ်ငန်းစဉ်များနှင့် လွှတ်တော်မှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခန်းကဏ္ဍများကို တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ ကော်မတီ၏ အစည်းအဝေးကျင်းပမှုနှင့်ပတ်သက်၍ တစ်နှစ်တာသက်တမ်းကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၃ ကြိမ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်စီမံကိန်းများနှင့် အရအသုံးခန့်

မှန်းခြေငွေစာရင်းများစိစစ်နိုင်ရေးအတွက် ကော်မတီမှ စိစစ်ရမည့်ဝန်ကြီးဌာနနှင့် ဘတ်ဂျက်အစည်းအဝေး ငါးကြိမ်၊ ကော်မတီအစည်းအဝေးစုစုပေါင်း ၁၈ ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်းအားဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေ ၂၆ ခုနှင့်ပတ်သက်၍ သက်ဆိုင်သည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီဝင်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ဥပဒေများရေးဆွဲနိုင်ရေး၊ ပြင်ဆင်နိုင်ရေးတို့ကို ဆောင်ရွက်ခြင်း၊ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ဖြင့် တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာတို့၏ အကျိုးစီးပွားကို လွှတ်တော်မှတစ်ဆင့် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကော်မတီများသည် လွှတ်တော်ကြီးထဲတွင် လွှတ်တော်ငယ်ကလေးများဖြစ်သည့်အတွက် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ မိမိတို့၏တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**

**တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏**

**လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ**

**နိဒါန်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် အစည်းအဝေးစတင်ခေါ်ယူခဲ့ပြီး တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို ၁၇-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာ စာအမှတ်

၂၁/၂၀၁၆အရ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ (၁၁)ဦး၊ ရှမ်းတိုင်းရင်းသား များ ဒီမိုကရေစီအဖွဲ့ချုပ်မှ(၁)ဦး၊ ရခိုင်အမျိုးသားပါတီမှ(၁)ဦး၊ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ(၁)ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁)ဦးတို့ဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမပုံမှန် အစည်းအဝေး၊ ဆဋ္ဌမမြောက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို စတင်ဖွဲ့စည်းချိန် ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ စ၍ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ ကော်မတီ၏ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ရန် ရည်ရွယ်၍ ပြုစုတင်ပြ ခြင်း ဖြစ်ပါသည်။

**ဖွဲ့စည်းခြင်း**

၃။ ပြည်သူ့လွှတ်တော်သည် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီကို ၂၀၁၂ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ပြည်သူ့လွှတ်တော်ရုံး၏ ၁၇-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၆ ဖြင့် မဲဆန္ဒနယ် အသီးသီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးပါဝင်၍ အောက်ပါအတိုင်း စတင်ဖွဲ့စည်းခဲ့ပါသည်-

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| (က) | ဦးစိန်ဝင်း | မအူပင် | ဥက္ကဋ္ဌ |
| (ခ) | ဦးစောတင်ဝင်း | ကြာအင်းဆိပ်ကြီး | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာစိုးမိုးသူ | မြောင်းမြ | အဖွဲ့ဝင် |
| (ဃ) | ဦးလဂန်ဇယ်ဂျုံး | ဝိုင်းမော် | အဖွဲ့ဝင် |
| (င) | ဦးကျော်မြင့် | တိုက်ကြီး | အဖွဲ့ဝင် |
| (စ) | ဦးကျော်မျိုးမင်း | မိုးညှို | အဖွဲ့ဝင် |

မူကြမ်း

| | | | |
|---|---|---|---|
| (ဆ) | ဦးမြတ်လေးဦး | ထီးလင်း | အဖွဲ့ဝင် |
| (ဇ) | ဦးထွန်းထွန်းနိုင် | ကနီ | အဖွဲ့ဝင် |
| (ဈ) | ဦးဇော်မင်းလွင် | မတ္တရာ | အဖွဲ့ဝင် |
| (ည) | ဦးအောင်မြင့်ရှိန် | မဘိမ်း | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းဘသိန်း | လင်းခေး | အဖွဲ့ဝင် |
| (ဌ) | ဒေါ်နီနီမေမြင့် | တောင်ကုတ် | အဖွဲ့ဝင် |
| (ဍ) | ဦးဖေသန်း | မြေပုံ | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီးအောင်သီဟ | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဦးသိန်းထွန်း | ကျောင်းကုန်း | အတွင်းရေးမှူး |

တို့ဖြစ်ပါသည်။

**ကော်မတီအမည်ပြောင်းလဲခြင်း**

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့တွင် လွှတ်တော်၏အတည်ပြုချက်နှင့် ပြည်သူ့လွှတ်တော်ရုံး၏ ၇-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၈/၂၀၁၆)တို့အရ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ အမည်အား တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဟု ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

**ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြောင်းလဲဖွဲ့စည်းခြင်း**

၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး သတ္တမ မြောက်နေ့တွင် ကော်မတီဝင်များဖြစ်ကြသည့် ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)နှင့် ဒေါက်တာစိုးမိုးသူ (မြောင်းမြမဲဆန္ဒနယ်)တို့၏အစား ဦးဇော်မင်းသိန်း (လေးမျက်နှာမဲဆန္ဒနယ်)နှင့် ဦးရွှေလှကြိုင် (ကန်ကြီးထောင့်မဲဆန္ဒနယ်)တို့ကိုလည်းကောင်း၊ ထို့ပြင် ကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)အစား ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)အား ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော်၏ ၂၈-၁၁-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၁၈/၂၀၁၆)ဖြင့် အစားထိုးပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။

**မူကြမ်း**

**ကော်မတီအဖွဲ့ဝင်များနှင့် လေ့လာသူများ ထပ်မံထည့်သွင်းဖွဲ့စည်းခြင်း**

၆။ ထို့ပြင် ကော်မတီလုပ်ငန်းများ ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် ထပ်မံ၍ (၁၆-၂-၂၀၁၇) ရက်စွဲပါ ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ ဖြင့် ကော်မတီအဖွဲ့ဝင်များအဖြစ် ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)၊ ဦးစိုင်းထွန်းအောင် (မိုင်းယောင်းမဲဆန္ဒနယ်)နှင့် နိုင်သောင်းညွန့်(မော်လမြိုင်မဲဆန္ဒနယ်) တို့ကိုလည်းကောင်း၊ ၁၆-၂-၂၀၁၇ ရက်စွဲပါ ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ်(၁/၂၀၁၇)ဖြင့် ကော်မတီတွင် လေ့လာသူများအဖြစ် ကြည်း၂၁၈၈၀ ဒုတိယဗိုလ်မှူးကြီး သိမ်းထွဋ်နှင့် ကြည်း ၂၅၈၀၄ ဒုတိယဗိုလ်မှူးကြီးမျိုးခိုင် တို့ကိုလည်းကောင်း ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

**ကော်မတီသက်တမ်း**

၇။ ကော်မတီသည် ၂၀၁၂ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မ ခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

၈။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ် ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန် ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၉။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

၁၀။ သို့ဖြစ်ပါ၍ ကော်မတီ၏ သက်တမ်းသည် ၁၆-၂-၂၀၁၇ ရက်နေ့တွင် (၁)နှစ် ပြည့်မြောက်ပြီးဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်၏ ၁၅-၂-၂၀၁၇ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် (၁၃/၂၀၁၇)အရ ကော်မတီကို ၁၇-၂-၂၀၁၇ မှ ၁၆-၂-၂၀၁၈ အထိ နောက်ထပ် သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ထားပါသည်။

**ကော်မတီ၏ တာဝန်များ**

၁၁။ ကော်မတီသည်-

(က) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

(ဂ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်ရမည်။

(ဃ) အလုပ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

(င) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင် ရွက်ရမည်။

(စ) လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေး နှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက် ရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံး လျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဇ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန် သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေ များနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့် ထိန်းညှိ ကူညီရမည်။

(ဈ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိ သည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၁၂။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့်တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအား

လည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထား များကို တင်ပြစေခြင်းပြုနိုင်သည်။

၁၃။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၁၄။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၁၅။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့် မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီက ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၆။ ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၇။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များ ဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၈။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ် ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၁၉။ ကော်မတီဝင်များသည် ချမှတ်ပြဋ္ဌာန်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ပေါင်းစပ်ကာ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ထဲထဲဝင်ဝင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အစီရင်ခံသည့် ကာလအတွင်း ကော်မတီအစည်းအဝေး (၁၇)ကြိမ် ပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်(၄၇)ခု ချမှတ်နိုင်ခဲ့ပါသည်။

၂၀။ ထို့ပြင် ကော်မတီအနေဖြင့် တောင်သူလယ်သမားရေးရာကိစ္စများနှင့်စပ်လျဉ်းသည့် မြေယာပြဿနာများအား လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်စေရန် ဥပဒေနှင့်အညီ လိုအပ်သည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ခဲ့ပါသည်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ၂၀၁၆ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးနိုင်ရေး ဖိတ်ကြားမှုအပေါ် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်း တက်ရောက်ခဲ့ပါသည်။ လယ်ယာမြေပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းနိုင်ရန်နှင့် မူဝါဒ၊ လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းများအား အတည်ပြုသတ်မှတ်နိုင်ရန် ရည်ရွယ်ပြုလုပ်သည့် ယင်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌအနေဖြင့် "ကော်မတီ အဆင့်ဆင့်တွင် လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်း၊ အလားတူ တောင်သူလယ်သမား ကိုယ်စားလှယ်များ ပါဝင်သင့်ပြီး တောင်သူလယ်သမား စစ်စစ်ကိုသာ ထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်း၊ မြေကိစ္စများနှင့်ပတ်သက်၍ ယခင်အစိုးရအဖွဲ့လက်ထက်တွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ စိစစ်တွေ့ရှိမှု၊ အကြံပြုချက်၊ သုံးသပ်ချက်များကို တင်ပြထားပါကြောင်း၊ အဆိုပါအကြံပြုချက်များကိုလည်း လေ့လာ ဆောင်ရွက်သင့်ပါကြောင်း" ဆွေးနွေးခဲ့ပါသည်။

**တိုင်ကြားစာများနှင့် စပ်လျဉ်းသည့်ဆောင်ရွက်ချက်များ**

၂၁။ ကော်မတီသည် စတင်ဖွဲ့စည်းပြီးသည့် အချိန်မှစတင်၍ နိုင်ငံတစ်ဝှမ်းလုံးရှိ လယ်ယာမြေသိမ်းဆည်းခံရသော တောင်သူလယ်သမားများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများ၊ အလုပ်သမားရေးရာကိစ္စများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများ၊ အခြားမြေကိစ္စများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများသည် ကော်မတီသို့ ရောက်ရှိလာပါသည်။ ကော်မတီသို့ ၁၆-၂-၂၀၁၇ ရက်နေ့အထိ တောင်သူလယ်သမားများနှင့်ပတ်သက်သည့် တိုင်ကြားစာပေါင်း(၅၀၆၇)စောင်၊ အလုပ်သမားများနှင့် ပတ်သက်သည့် တိုင်ကြားစာပေါင်း(၄၇)စောင်၊ ကော်မတီလုပ်ပိုင်ခွင့်နှင့်မသက်ဆိုင်သော ထူးခြားသည့်ကိစ္စများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာပေါင်း(၂၆)စောင်၊ စုစုပေါင်းတိုင်ကြားစာ (၅၁၄၀) စောင် ရောက်ရှိခဲ့ပါသည်။

၂၂။ ကော်မတီအနေဖြင့် အဆိုပါတိုင်ကြားစာများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးထံသို့တင်ပြပြီး လမ်းညွှန်မှု ခံယူခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်မှုများအရ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ အမြန်ဆုံး လွှဲပြောင်းပေးပို့နိုင်ရေးအတွက် ကော်မတီဝင်များက အဆိုပါတိုင်ကြားစာများအပေါ် ဖတ်ရှုလေ့လာစိစစ်ပြီး အကြံပြုခြင်းများ၊ မှတ်ချက်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

၂၃။ ကော်မတီအနေဖြင့် ရောက်ရှိလာသော တိုင်ကြားစာများကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီဝင်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နောက်ဆက်တွဲ(က)ပါအတိုင်း တာဝန်များ ခွဲဝေချထားပေးခဲ့ပါ သည်။သို့ရာတွင် ပြည်သူ့လွှတ်တော်၏ ၂၈-၁၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၁၈/၂၀၁၆အရ ကော်မတီဥက္ကဋ္ဌအပါအဝင် (၂)ဦးကို ပြောင်းလဲပြင်ဆင်၍ ဖွဲ့စည်းခဲ့ပါသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုင်ကြားစာများအား ဖတ်ရှုမှတ်ချက်ပြုရန်အတွက် ကော်မတီဝင်များကို နောက်ဆက်တွဲ(ခ)ပါအတိုင်း တာဝန်များ ထပ်မံ၍ ခွဲဝေချထားပေးခဲ့ပါသည်။

၂၄။ ကော်မတီသည် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကိစ္စရပ်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၆)၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကော်မတီ ဥက္ကဋ္ဌ ဦးဆောင်၍ ကော်မတီဝင်(၁၄)ဦးကို တောင်သူလယ်သမားရေးရာကဏ္ဍနှင့် အလုပ်သမားရေးရာကဏ္ဍများအလိုက် ဦးစားပေးဆောင်ရွက်နိုင်ရန် နောက်ဆက်တွဲ (ဂ)ပါအတိုင်း တာဝန်များခွဲဝေ သတ်မှတ်ပေးခဲ့ပါသည်။

**မူကြမ်း**

**လွှတ်တော်အတွင်း ဆောင်ရွက်ချက်များ**

၂၅။ ကော်မတီဝင်များသည် လွှတ်တော်ရပ်နားချိန်အတွင်း မိမိတို့၏ မဲဆန္ဒနယ်များတွင် ပြည်သူများအား လွှတ်တော်၏တာဝန်ဝတ္တရားများနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံရေးပါတီများ၊ CSO များနှင့် အစည်းအဝေးများ၊ Workshop များ ဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏ လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြပါသည်။ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဒေသခံပြည်သူများ၏ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြားလုပ်ငန်းများ တည်ဆောက်ပြုပြင်ရေးနှင့် အများပြည်သူများ အမှန်တကယ် လိုအပ်သောလုပ်ငန်းကိစ္စများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

၂၆။ ကော်မတီအဖွဲ့ဝင်များသည် ကော်မတီကပြဋ္ဌာန်းထားသော တာဝန်ဝတ္တရား များနှင့်အညီ တောင်သူလယ်သမားများ၏လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များအား ဖိတ်ကြားကာ လယ်ယာမြေဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးနှင့် မတရားသိမ်းဆည်းခံလယ်/ယာမြေပြဿနာများကို မှန်ကန်မျှတစွာ ဖြေရှင်းပေးနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂)ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

၂၇။ ထို့ပြင် ကော်မတီကပြဋ္ဌာန်းထားသော တာဝန်ဝတ္တရားများနှင့်အညီ အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ကော်မတီမှ စိစစ်ရမည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းနိုင်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးများပြုလုပ်ပြီးကော်မတီမှ စိစစ်ရမည့် ဥပဒေများအား ဥပဒေခေါင်းစဉ် တစ်ခုချင်းစီ အလိုက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများပြုလုပ်၍ ဆွေးနွေးခဲ့ကြပါသည်။

၂၈။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း (ပြင်ဆင်ချက်)နှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင် သည့်ဥပဒေ (မူကြမ်း)ပါရငွေသုံးငွေများ၊ ၂၀၁၆-၂၀၁၇ခုနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း စိစစ်ရေးပူးပေါင်းအဖွဲ့ (၄)တွင် ကော်မတီဝင်(၇)ဦးပါဝင်၍ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ

အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်နိုင်ရန် စိစစ်ရေးပူးပေါင်းအဖွဲ့(၄)တွင် ကော်မတီဥက္ကဋ္ဌမှ ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်း အဖွဲ့(၄)ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအတွက် စိစစ်ရေးပူးပေါင်းအဖွဲ့(၄)အနေဖြင့် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီတွင် ဘတ်ဂျက်အစည်းအဝေး(၁)ကြိမ်၊ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းများ စိစစ်နိုင်ရေးအတွက် ပူးပေါင်းအဖွဲ့(၄)မှ တာဝန်ယူစိစစ်ရသော ဝန်ကြီးဌာနများဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ကော်မတီတွင် ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေး(၄)ကြိမ်၊ စုစုပေါင်း ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေး (၅)ကြိမ် ကျင်းပပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ တတိယပုံမှန် အစည်းအဝေးအထိ ကော်မတီဝင်များ၏ အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများနှင့် မေးခွန်းမေးမြန်းခြင်း ဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမည် | အဆို | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | ဆွေးနွေး |
|---|---|---|---|---|---|
| ၁ | ဦးစိန်ဝင်း | - | - | ၅ | ၅ |
| ၂ | ဦးကျော်မြင့် | - | ၂ | ၁ | ၁ |
| ၃ | ဦးစောတင်ဝင်း | - | ၁ | ၁ | ၂ |
| ၄ | ဒေါက်တာစိုးမိုးသူ | - | ၁ | - | ၁ |
| ၅ | ဦးဇော်မင်းသိန်း | ၁ | ၁ | - | ၃ |
| ၆ | ဦးလဂန်ဇယ်ဂျူး | ၁ | - | ၆ | - |
| ၇ | ဦးရွှေလှကြိုင် | - | ၂ | - | ၂ |
| ၈ | ဦးကျော်မျိုးမင်း | - | - | - | - |
| ၉ | ဦးမြတ်လေးဦး | - | ၁ | ၉ | ၈ |
| ၁၀ | ဦးထွန်းထွန်းနိုင် | - | ၁ | ၂၀ | - |
| ၁၁ | ဦးဇော်မင်းလွင် | - | ၁ | - | ၂ |

မူကြမ်း

| | | | | | |
|---|---|---|---|---|---|
| ၁၂ | ဦးအောင်မြင့်ရှိန် | - | ၂ | ၂ | ၂ |
| ၁၃ | ဦးစိုင်းဘသိန်း | - | ၁ | ၃ | ၁ |
| ၁၄ | ဒေါ်နီနီမေမြင့် | - | ၃ | ၆ | ၅ |
| ၁၅ | ဦးဖေသန်း | - | ၆ | ၈ | ၂ |
| ၁၆ | ဗိုလ်မှူးချုပ်အောင်သီဟ | - | - | - | ၁ |
| ၁၇ | ဦးသိန်းထွန်း | - | ၃ | ၄ | ၄ |

**အလုပ်ရုံဆွေးနွေးပွဲများ**

၃၀။ ကော်မတီလုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာတစ်နှစ်အတွင်း ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် သက်ဆိုင်သော လွှတ်တော်ပြင်ပ အလုပ်ရုံဆွေးနွေးပွဲ (၃၆) ကြိမ်၊ လွှတ်တော်ပြင်ပ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၉)ကြိမ်၊ ကော်မတီသို့ ဖိတ်ကြားသော အခမ်းအနား(၈) ကြိမ်၊ ကော်မတီသက်တမ်း တစ်နှစ်အတွင်း ကော်မတီ ပြင်ပတွင် စုစုပေါင်း (၅၃) ကြိမ် တက်ရောက်ခဲ့ပါသည်။

**ပြင်ပအဖွဲ့အစည်းများတွင်ပါဝင်ဆောင်ရွက်ခြင်း**

၃၁။ ကော်မတီဝင်များအနေဖြင့် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ကော်မတီဝင် ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၂၁ တို့အရ ဖွဲ့စည်းခဲ့သော "လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့"တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကော်မတီဝင် ဦးစောတင်ဝင်း (ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ဖွဲ့စည်းသော "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေ ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့"တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**ကော်မတီဝင်များ၏ ပြည်ပခရီးစဉ်များ**

**မူကြမ်း**

၃၂။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ပြည်ပခရီးစဉ်များသွားရောက်ခဲ့ရာ ကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းသည် မြန်မာနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်များအတွက် အိန္ဒိယနိုင်ငံ Bureau of Parliamentary Studies & Trainin g ကဖိတ်ကြားသည့် လေ့လာရေးခရီးစဉ်တွင် အဖွဲ့ခေါင်းဆောင်အဖြစ် သွားရောက်လေ့လာခြင်းဖြင့်လည်းကောင်း၊ ကိုးရီးယားသမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ကော်မတီအတွင်းရေးမှူး ဦးသိန်းထွန်းသည် ကိုးရီးယားသမ္မတနိုင်ငံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သော ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါခြင်းဖြင့်လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်ဦးစောတင်ဝင်းသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ ကျင်းပပြုလုပ်သည့် HDP ဥပဒေရေးရာ အလုပ်ရုံ ဆွေးနွေးပွဲခရီးစဉ်တွင် လိုက်ပါခြင်းဖြင့်လည်းကောင်း၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီဝင်များအနေဖြင့် နိုင်ငံခြားခရီးစဉ် စုစုပေါင်း ( ၃ ) ကြိမ် သွားရောက်ခဲ့ပြီး ဖြစ်ပါသည်။

**ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ**

၃၃။ ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ ဒိန်းမတ်နိုင်ငံသံအမတ်ကြီးနှင့် (၂)ကြိမ်၊ UK နိုင်ငံ WFD၏ နည်းပညာအကြံ ပေးနှင့်(၁)ကြိမ်၊ အမေရိကန်၊ ဝါရှင်တန်ဒီစီအခြေစိုက် NAMATI အဖွဲ့နှင့်(၁)ကြိမ်၊ စုစုပေါင်း(၄)ကြိမ် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ လုပ်ငန်းစဉ်များနှင့် လွှတ်တော်မှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

၃၄။ ကော်မတီသည် ၁၇-၂-၂၀၁၆ ခုနှစ် မှ ၁၆-၂-၂၀၁၇ ခုနှစ်အထိ ကော်မတီ၏ တစ်နှစ်သက်တမ်းကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၃)ကြိမ်နှင့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းများ စိစစ်နိုင်ရေးအတွက် ကော်မတီမှစိစစ်ရမည့် ဝန်ကြီးဌာနနှင့် ဘတ်ဂျက်စိစစ်ရေးအစည်းအဝေး(၅)ကြိမ်၊ ကော်မတီအစည်းအဝေး စုစုပေါင်း(၁၈) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

**ဥပဒေပြုခြင်း**

၃၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းအတွင်း ကော်မတီအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကြီးကြပ်သော အလုပ်သမားရေးရာ

ဥပဒေစုစုပေါင်း (၁၈)ခုကို စိစစ်ရမည် ဖြစ်ပါသည်။ ထို့ပြင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဥပဒေ(၉)ခုအား ၃၁-၁-၂၀၁၇ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ လွှဲပြောင်းလက်ခံခဲ့ပါသည်။ ကော်မတီမှ စိစစ်ရမည့်ဥပဒေ စုစုပေါင်း(၂၇)ခုအနက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ စိစစ်ရသည့် ၁၉၅၁ခုနှစ်၊ ရေနံမြေ (အလုပ်သမားနှင့် သက်သာချောင်ချိရေး) အက်ဥပဒေကို ၉-၁၁-၂၀၁၆ ရက်စွဲပါစာဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ ဝန်ကြီးဌာနချင်း လွှဲပြောင်းပေးပို့ခဲ့ပါသဖြင့် ကော်မတီမှ အမှန်တကယ်စိစစ်ရမည့် ဥပဒေစုစုပေါင်းမှာ (၂၆)ခုသာ ကျန်ရှိပါသည်။

၃၆။ ကော်မတီမှ စိစစ်ရမည့် အလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အလုပ်သမားအဖွဲ့အစည်းဥပဒေ (ပြည်ထောင်စုဥပဒေအမှတ် ၇/၂၀၁၁)

(ခ) အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ (ပြည်ထောင်စုဥပဒေ အမှတ် ၅/၂၀၁၂)

(ဂ) ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ(ပြည်ထောင်စုဥပဒေအမှတ် ၁၅/၂၀၁၂)

(ဃ) ၂၀၁၃ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေ(ပြည်ထောင်စုဥပဒေအမှတ် ၇/၂၀၁၃)

(င) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (ပြည်ထောင်စု ဥပဒေအမှတ် ၂၉/၂၀၁၃)

(စ) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ (ပြည်ထောင်စုဥပဒေ အမှတ် ၃၀/၂၀၁၄)

(ဆ) ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ(ပြည်ထောင်စုဥပဒေအမှတ် ၁၂/၂၀၁၆)

(ဇ) ၂၀၁၆ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ (ပြည်ထောင်စုဥပဒေအမှတ် ၁၇/၂၀၁၆)

(ဈ) ၂၀၁၆ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ (ပြည်ထောင်စုဥပဒေအမှတ် ၁၈/၂၀၁၆)

(ည) ၁၉၄၈ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းကောက်ယူခြင်း အက်ဥပဒေ

(ဋ) ၁၉၅၉ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေ

(ဌ) ၁၉၂၃ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေ

(ဍ) ၁၉၉၉ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ

(ဎ) နိုင်ငံခြားသားအလုပ်သမားဆိုင်ရာဥပဒေ (အသစ်ထပ်မံရေးဆွဲ)

(ဏ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ (အသစ်ထပ်မံရေးဆွဲ)

(တ) ၁၉၃၄ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမား အက်ဥပဒေ

(ထ) ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စိစစ်ရေးအက်ဥပဒေ

တို့ဖြစ်ပါသည်။ ကော်မတီမှ စိစစ်ရမည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားနှင့် သက်ဆိုင်သည့် ဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) The Foreigners Act (India Act 3, 1864, Vol.I)

(ခ) The Registration of Foreigners Act (Myanmar Act 7, 1940, Vol.I)

(ဂ) The Foreigners (Extension) Act (Act II, 1947, Vol.XIII)

(ဃ) The Registration of Foreigners (Extension) Act (Act 20, 1949, Vol.XIII)

(င) The Myanmar Immigration (Emergency Provisions) Act (Myanmar Act 31, 1947, Vol.I)

(စ) The Myanmar Immigration (Emergency Provisions) (Extension) Act (Act 25, 1949, Vol. XIII)

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ (ဥပဒေအမှတ် ၄၁၊ ၁၉၄၉ ခုနှစ်၊ အတွဲ-၁)

(ဇ) မြန်မာနိုင်ငံသား ဥပဒေ (ဥပဒေအမှတ် ၄၊ ၁၉၈၂ ခုနှစ်)

(ဈ) လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ (ပထစ ဥပဒေအမှတ် ၁၉/၂၀၁၃) တို့ ဖြစ်ပါသည်။

**ရှေ့လုပ်ငန်းစဉ် နှင့် အကြံပြုသုံးသပ်ချက်များ**

၃၇။ ကော်မတီသည် ပြည်သူများတွင် အဓိကလူတန်းစားနှစ်ရပ်ဖြစ်သည့် တောင်သူလယ်သမားနှင့် အလုပ်သမားထုကို ကိုယ်စားပြုထားသော ကော်မတီဖြစ်သည့်အတွက် တိုင်ကြားစာအများအပြား လက်ခံရရှိလျက်ရှိပါသည်။ ထို့ပြင် လက်ရှိဥပဒေများ ကို သုံးသပ်ခြင်းနှင့် အလုပ်သမား၊ လယ်သမား၊ ပြည်တွင်း/ ပြည်ပပညာရှင်များ၊ စိတ်ပါဝင်စားသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အသိပညာဖလှယ်ခြင်း ကိစ္စရပ်များကို လွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်ချက်၊ ခွင့်ပြုချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီတွင်လည်း တောင်သူလယ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားရေးရာအဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ရေးရာကဏ္ဍများအလိုက် အထူးဦးစားပေး၍ ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများအပေါ် သုံးသပ်ချက်များ ရေးသားသည့်အခါ ကော်မတီအဖွဲ့ဝင်များသည် ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးရခြင်း မရှိပါသဖြင့် တိုင်ကြားစာများအပေါ် သုံးသပ်ချက်များမှာ မှားယွင်းနိုင်ပါသည်။ သို့ရာတွင် လက်ရှိအနေအထားအရ ကော်မတီအနေဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ခေါ်ပြီး ၎င်းတို့၏အကြံပြုချက်များကို အလေးထား၍ တိုင်ကြားစာများအပေါ် အကောင်းဆုံးသုံးသပ်ရေးသားသွားမည် ဖြစ်ပါသည်။

၃၈။ ကော်မတီသည် လွှတ်တော်ငယ်များအသွင်ဆောင်ရွက်ရပါသဖြင့် တောင်သူ လယ်သမားနှင့်အလုပ်သမားတို့၏ အကျိုးစီးပွားအတွက် လုပ်ဆောင်ရာတွင် ကော်မတီဝင်တစ်ဦးချင်းစီ၏ စိတ်ပါဝင်စားမှု၊ ကော်မတီလုပ်ငန်းများလုပ်ဆောင်မှု၊ ကော်မတီအပေါ် တာဝန်ယူမှု/တာဝန်ခံမှုများသည် ကော်မတီ၏လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အလွန်အရေးပါပါသည်။ သို့ဖြစ်ပါ၍ ကော်မတီ

အပေါ်စိတ်ဝင်စားမှုနည်းပါးပါက လွှတ်တော်ဥက္ကဋ္ဌထံသို့တင်ပြပြီး ကော်မတီပြောင်းလဲ၍ တာဝန်ပေးအပ်သွားမည်ဖြစ်ပါကြောင်း ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်လည်း ပြောကြားထားပြီးဖြစ်ပါသည်။ ကော်မတီဝင်များတွင် အားနည်းချက်များရှိပါကလည်း စည်းရုံးရေးအသွင်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကော်မတီ၏လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃၉။ ကော်မတီအနေဖြင့် အပတ်စဉ်ပုံမှန်အစည်းအဝေးများ ပြုလုပ်ကျင်းပခြင်း၊ တိုင်ကြားစာများအား ဖတ်ရှုလေ့လာပြီး သုံးသပ်အကြံပြုချက်များရေးသား၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခြင်း၊ ကော်မတီနှင့်သက်ဆိုင်သည့်ဥပဒေများကို ဖတ်ရှုလေ့လာသုံးသပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အချို့ တိုင်ကြားစာများသည် မြေပြင်ကွင်းဆင်း၍ ဆောင်ရွက်ပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါသဖြင့် ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နယ်မြေကွင်းဆင်း၍ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**နိဂုံး**

၄၀။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဝင်များအနေဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကော်မတီ စတင်ဖွဲ့စည်းသည့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစ၍ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ ကော်မတီသက်တမ်းတစ်နှစ်အတွင်း ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ အမြော်အမြင်ရှိမှု၊ သည်းခံစိတ်ရှည်မှု၊ စာနာမှုများဖြင့် ပြည်သူတို့အား အကျိုးစီးပွားရှိစေမည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

၄၁။ ကော်မတီဝင်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တောင်သူလယ်သမားနှင့်အလုပ်သမားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ဥပဒေများရေးဆွဲနိုင်ရေး၊ ပြင်ဆင်နိုင်ရေးတို့အားဆောင်ရွက်ခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းတို့ဖြင့် တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏ အကျိုးစီးပွားကို လွှတ်တော်မှတစ်ဆင့် အစွမ်းကုန် ဆောင်ရွက်လျက်ရှိပါသည်။

၄၂။ ကော်မတီများသည် လွှတ်တော်ကြီးထဲမှ လွှတ်တော်ငယ်ကလေးများဖြစ်သည့် အတွက် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က

ဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ မိမိတို့၏တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်အောင် ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

**နောက်ဆက်တွဲ(က)**

**တိုင်ကြားစာများ စိစစ်မှတ်ချက်ပြုနိုင်ပါရန် တာဝန်များခွဲဝေသတ်မှတ်ခြင်း**

| | | |
|---|---|---|
| ၁။ | ဦးစိန်ဝင်း(ဥက္ကဋ္ဌ) | နေပြည်တော်ကောင်စီနယ်မြေ |
| ၂။ | ဦးစောတင်ဝင်း | ကရင်ပြည်နယ် |
| ၃။ | ဒေါက်တာစိုးမိုးသူ | ဧရာဝတီတိုင်းဒေသကြီး |
| ၄။ | ဦးလဂန်ဇယ်ဂျုံး | ကချင်ပြည်နယ် |
| ၅။ | ဦးကျော်မြင့် | ရန်ကုန်တိုင်းဒေသကြီး |
| ၆။ | ဦးကျော်မျိုးမင်း | ပဲခူးတိုင်းဒေသကြီး |
| ၇။ | ဦးမြတ်လေးဦး | မကွေးတိုင်းဒေသကြီး |
| ၈။ | ဦးထွန်းထွန်းနိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးဇော်မင်းလွင် | မန္တလေးတိုင်းဒေသကြီး |
| ၁၀။ | ဦးအောင်မြင့်ရှိန် | ကယားပြည်နယ် |
| ၁၁။ | ဦးစိုင်းဘသိန်း | ရှမ်းပြည်နယ် |
| ၁၂။ | ဒေါ်နီနီမေမြင့် | ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် |
| ၁၃။ | ဦးဖေသန်း | ။ |
| ၁၄။ | ဗိုလ်မှူးကြီးအောင်သီဟ | မွန်ပြည်နယ် |
| ၁၅။ | ဦးသိန်းထွန်း(အတွင်းရေးမှူး) | နေပြည်တော်ကောင်စီနယ်မြေနှင့် တနင်္သာရီတိုင်းဒေသကြီး |

**နောက်ဆက်တွဲ(ခ)**

**မူကြမ်း**

**တိုင်ကြားစာများ စိစစ်မှတ်ချက်ပြုနိုင်ပါရန် တာဝန်များခွဲဝေသတ်မှတ်ခြင်း**

| | | |
|---|---|---|
| ၁။ | ဦးကျော်မြင့်(ဥက္ကဋ္ဌ) | ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ် |
| ၂။ | ဦးအောင်မြင့်ရှိန် | ။ |
| ၃။ | ဦးစောတင်ဝင်း | ကရင်ပြည်နယ် |
| ၄။ | ဦးလဂန်ဇယ်ဂျုံး | ကချင်ပြည်နယ် |
| ၅။ | ဦးကျော်မျိုးမင်း | ပဲခူးတိုင်းဒေသကြီး |
| ၆။ | ဦးမြတ်လေးဦး | မကွေးတိုင်းဒေသကြီး |
| ၇။ | ဦးထွန်းထွန်းနိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးဇော်မင်းလွင် | မန္တလေးတိုင်းဒေသကြီး |
| ၉။ | ဦးစိုင်းဘသိန်း | ရှမ်းပြည်နယ် |
| ၁၀။ | ဒေါ်နီနီမေမြင့် | ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ် |
| ၁၁။ | ဦးဖေသန်း | ။ |
| ၁၂။ | ဦးဇော်မင်းသိန်း | ဧရာဝတီတိုင်းဒေသကြီး |
| ၁၃။ | ဦးရွှေလှကြိုင် | ။ |
| ၁၄။ | ဗိုလ်မှူးချုပ်အောင်သီဟ | မွန်ပြည်နယ် |
| ၁၅။ | ဦးသိန်းထွန်း(အတွင်းရေးမှူး) | နေပြည်တော်ကောင်စီနယ်မြေနှင့် တနင်္သာရီတိုင်းဒေသကြီး |

**နောက်ဆက်တွဲ(ဂ)**

**တောင်သူလယ်သမားရေးရာကဏ္ဍကို ဦးစားပေးဆောင်ရွက်ရန် အဖွဲ့ဝင် (၈)ဦး**

| | | |
|---|---|---|
| (က) | ဦးသိန်းထွန်း | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးဖေသန်း | အဖွဲ့ဝင် |
| (ဂ) | ဦးစိုင်းဘသိန်း | ။ |

**မူကြမ်း**

| | | |
|---|---|---|
| (ဃ) | ဦးဇော်မင်းလွင် | ။ |
| (င) | ဦးလဂန်ဇယ်ဂျုံး | ။ |
| (စ) | ဦးမြတ်လေးဦး | ။ |
| (ဆ) | ဒေါ်နီနီမေမြင့် | ။ |
| (ဇ) | ဦးရွှေလှကြိုင် | ။ |

**အလုပ်သမားရေးရာကဏ္ဍကို ဦးစားပေးဆောင်ရွက်ရန် အဖွဲ့ဝင်(၆)ဦး**

| | | |
|---|---|---|
| (က) | ဗိုလ်မှူးချုပ်အောင်သီဟ | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးစောတင်ဝင်း | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်မျိုးမင်း | ။ |
| (ဃ) | ဦးထွန်းထွန်းနိုင် | ။ |
| (င) | ဦးအောင်မြင့်ရှိန် | ။ |
| (စ) | ဦးဇော်မင်းသိန်း | ။ |

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၇-၆-၂၀၁၇ ရက်နေ့(အင်္ဂါနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးအေးနိုင်(အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို စတင်ဖွဲ့စည်းတာဝန်ပေးခြင်းခံရတဲ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ကနေ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့အထိ တစ်နှစ်တာကာလအတွက် ဆောင်ရွက်ခဲ့မှုအစီရင်ခံစာကို ကော်မတီအတွင်းရေးမှူးဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအေးနိုင်က တင်ပြမှာဖြစ်ပါတယ်။ အစီရင်ခံစာမိတ္တူများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေပြီးဖြစ်တဲ့အတွက် ဆောင်ရွက်ချက်တချို့ကိုပဲ ရွေးချယ်တင်ပြသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးအနေနဲ့ ကော်မတီက ယနေ့တာဝန်ယူလေ့လာစိစစ်ရတဲ့ ဥပဒေ ၁၁ ရပ်ထဲက သစ်တောဥပဒေကို သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ အကြိမ်ကြိမ်ညှိနှိုင်းပြီး ခေတ်နှင့်ညီတဲ့၊ ဒီမိုကရေစီဈေးကွက်စီးပွားရေးနဲ့ကိုက်ညီတဲ့၊ ရေရှည်တည်တံ့တဲ့ သစ်တောစီမံခန့်ခွဲမှုဖြစ်ပေါ်လာစေဖို့အထိ ပြင်ဆင်ရေးဆွဲခဲ့ပြီး ယခုဆိုရင် စိစစ်အတည်ပြုနိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ရောက်ရှိနေပြီဖြစ်ပါတယ်။ အလားတူပါပဲ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဆိုင်ရာဥပဒေကိုလည်း အသစ်ပြင်ဆင်ရေးဆွဲနေပြီး မကြာမီရက်သတ္တပတ်အတွင်းမှာ လွှတ်တော်သို့ တင်သွင်းနိုင်ရေးပြင်ဆင်လျက်ရှိပါတယ်။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟာလည်း တင်သွင်းဖို့အသင့်ဖြစ်လုနီးပါး ဖြစ်နေပြီးတော့ မြေအောက်ရေဥပဒေအသစ်ရေးဆွဲဖို့လည်း ပြင်ဆင်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ တစ်နှစ်တာကာလအတွင်း ကော်မတီကိုရောက်ရှိလာတဲ့ တိုင်ကြားစာ ၇၈ စောင်အနက် အရေးယူဆောင်ရွက်ရန်လိုအပ်တဲ့ တိုင်ကြားစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေးများတွင် ဆွေးနွေးဖြေရှင်းခြင်း၊ စာဖြင့်ပေးပို့ကာ စစ်ဆေးစေခြင်းတို့ဖြင့် ဖြေရှင်းပေးခဲ့ရာ ဖြစ်ရပ်ပေါင်း ၆၅ ခုကို ဖြေရှင်းပေးပြီး ကာယကံရှင်ပြည်သူများထံ ပြန်ကြားပေးပို့ခဲ့ပါတယ်။ တိုင်ကြားစာများအပြင် ပြည်သူပေါ်အကျိုးသက်ရောက်တဲ့ အခြားသယံဇာတ

နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေအနေများအပေါ် ခိုင်လုံစိတ်ချရတဲ့ သတင်းအရင်းအမြစ်များက သိရှိရသမျှတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးဖြေရှင်းဆောင်ရွက်ခဲ့ပါတယ်။ အသစ်ပြန်လည်မဖြစ်ထွန်းနိုင်တဲ့ တွင်းထွက်သယံဇာတများနှင့်ပတ်သက်လို့ကတော့ ယနေ့ ဒီမိုကရေစီ ပြည်ထောင်စုနှင့် လိုက်လျောညီထွေဖြစ်တဲ့၊ ခိုင်ခိုင်ခံ့ခံ့ရှိတဲ့ မူဝါဒတစ်ရပ်ပေါ်ထွန်းလာဖို့ဆောင်ရွက် ရန် ရည်မှန်းပြီး ဒီမူဝါဒအပေါ်အခြေခံကာ ဥပဒေသစ်တွေဖြစ်ပေါ်လာဖို့ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းပြင်ဆင်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီဟာ ပြည်ထောင်စုလွှတ်တော်ရဲ့ ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့(၁၀)မှာပါဝင်ပြီး သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ နှစ်စဉ် ပုံမှန်နဲ့ ထပ်တိုးဘတ်ဂျက်တွေကို စိစစ်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းဖြစ်ပေါ်လာဖို့ ကြိုးစားနိုင်ခဲ့ပြီး ဒီအတွက်ဘတ်ဂျက်တွေလည်း စိစစ်ချပေးနိုင်ခဲ့ပါတယ်။ အစီရင်ခံစာကို ဖေဖော်ဝါရီလက တင်ပြခဲ့တာဖြစ်တဲ့အတွက် လွှတ်တော်မှ တင်ပြတဲ့ ဒီနေ့ထိ ကာလတွင်းမှာ ကော်မတီ အစည်းအဝေးပေါင်း (၃၅)ကြိမ်ကျင်းပခဲ့ပြီး တိုင်ကြားစာပေါင်း ၁၀၇ စောင်ကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်နှစ်ပြည့်တဲ့ကာလမှာ သယံဇာတနှင့် သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ဖြင့် ကော်မတီဝင်များနဲ့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ် များ၊ ညွှန်ကြားရေးမှူးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ စုံညီမိတ်ဆက်တွေ့ဆုံတဲ့အခမ်းအနား တစ်ရပ် ဒီလထဲမှာပဲ ဝန်ကြီးဌာနရုံးမှာ ကျင်းပဖြစ်ခဲ့ပြီး လွှတ်တော်အစည်းအဝေးတစ်ကြိမ်တိုင်းမှာ တစ်ကြိမ်စီတွေ့ဆုံပြီးတော့ ပြည်သူတွေရဲ့ပြဿနာအရပ်ရပ်ကို ရင်းနှီးပွင့်လင်းစွာဖြေရှင်းနိုင်ကြဖို့ သဘောတူညီခဲ့ကြပါတယ်။ ဝန်ကြီးဌာနက ဖိတ်ကြားလာခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြု ချက်အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင်၊ ကော်မတီဝင် ၁၀ ဦးအား ပဲခူးရိုးမက သစ်တော စီမံကိန်းတွေကို ပြီးခဲ့တဲ့အပတ်လွှတ်တော်ပိတ်ရက်တွေမှာ လှည့်လည်လေ့လာကြည့်ရှုခဲ့ကြပါတယ်။ ဒါဟာဆိုရင် လွှတ်တော်က အတည်ပြုပေးလိုက်တဲ့ စီမံကိန်းအပေါ် အကောင်အထည်ဖော် ဆောင်ရွက် နိုင်မှုနှင့် သက်ဆိုင်ရာဌာနရဲ့အခက်အခဲတွေကို သိရှိနိုင်ဖို့ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဟာ နိုင်ငံသူနိုင်ငံသားတို့အကျိုးစီးပွားနဲ့ လွှတ်တော်ရဲ့ဂုဏ်သိက္ခာအတွက် ညီညီညွတ်ညွတ်ချစ်ချစ်ခင်ခင်နဲ့

ဆက်လက်တာဝန်ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။ တာဝန်ကျရာကဏ္ဍဆိုင်ရာ ပြည်သူတွေရဲ့ အခက်အခဲတွေကို ကြိုးစားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး ကော်မတီဝင် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကလည်း မိမိတို့ကိုယ်စားပြုရာဒေသက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများရှိပါက ကူညီပံ့ပိုးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဝိုင်းဝန်းဖြေရှင်းပေးခြင်းများ ဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် ဝေဖန်အကြံပြုမှုများကိုလည်း ကြိုဆိုလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**

**နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သည် လွှတ်တော်၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမြဲတမ်းကော်မတီ ၄ ရပ်သာမက လုပ်ငန်းလိုအပ်ချက်အရ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အခြားကော်မတီများကို ထပ်မံဖွဲ့စည်းခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာကော်မတီသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

၂။ ကော်မတီဖွဲ့စည်းခဲ့သည်မှာ ၂၁-၂-၂၀၁၇ ရက်တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါ သည်။ ကော်မတီသည် ဖွဲ့စည်းမိန့်ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို လိုက်နာကျင့်သုံးပြီး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ တစ်နှစ်တာကာလအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိနိုင်ပါရန် အစီရင်ခံစာရေးသားပြုစုတင်ပြအပ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုသိရှိပြီး လိုအပ်ချက်များကို လမ်းညွှန်မှု ပြုနိုင်ပါရန်၊

**ဖွဲ့စည်းခြင်း**

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့ အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၂ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၂၇/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်(၁၅)ဦးကို အောက်ပါအတိုင်း တာဝန် ပေးအပ်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးစိုးသူရထွန်း | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်မြခွာညိုဦး | ရွှေတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးနေထက်ဝင်း | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးရည်မွန်(ခ)မောင်တင်သစ် | ပုဗ္ဗသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် | မိုးကုတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး | ညောင်ရွှေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမင်းနောင် | ပင်လည်ဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးသက်နောင် | လဟယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးမြတ်လေးဦး | ထီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမန်းညွန့်သိန်း | ပန်းတနော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးဂျီဖုန်ဆားရ် | နောင်မွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဒေါ်နန်းခင်စော | ကွန်ဟိန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးလာမာလေး | ဆော့လော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်ဝင်းဆွေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးအေးနိုင် | ဒဂုံမြို့သစ်(တောင်ပိုင်း) | အတွင်းရေးမှူး |

၅။ ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၆)ဖြင့် ကော်မတီအဖွဲ့ဝင် ဦးမြတ်လေးဦး၊ ထီးလင်းမဲဆန္ဒနယ်အစား ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေးမဲဆန္ဒနယ်ဖြင့် အစားထိုးဖွဲ့စည်းတာဝန်ပေးအပ် ခဲ့ပါသည်။

၆။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် အမိန့် ကြော်ငြာစာအမှတ် (၁၃/၂၀၁၇)ဖြင့် ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏သက်တမ်းကို နောက်ထပ်တစ်နှစ် တိုးမြှင့် သတ်မှတ်ပေးခဲ့ပါသည်။

၇။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)ဖြင့် ကြည်း ၂၄၃၁၁၊ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် ကြည်း ၂၈၂၆၃၊ ဒုတိယဗိုလ်မှူးကြီး တိုးလွင်တို့ကို ကော်မတီ၏ လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ ပါသည်။

၈။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် အမိန့်ကြော်ငြာ စာအမှတ် (၁၅/၂၀၁၇)ဖြင့် ကော်မတီအဖွဲ့ဝင် ဦးတိုးသောင်၊ မိုးမိတ်မဲဆန္ဒနယ်နှင့် ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်တို့ကို ထပ်မံဖြည့်စွက်ပြီး အောက်ပါအတိုင်း တာဝန်ပေးအပ်ခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးစိုးသူရထွန်း | ကွမ်းခြံကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဒေါ်မြခွာညိုဦး | ရွှေတောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးနေထက်ဝင်း | ဆင်ပေါင်ဝဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးရည်မွန်(ခ)မောင်တင်သစ် | ပုဗ္ဗသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် | မိုးကုတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( စ ) | ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး | ညောင်ရွှေမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမင်းနောင် | ပင်လည်ဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဇ ) | ဦးသက်နောင် | လဟယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဈ ) | ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး | ကလေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမန်းညွန့်သိန်း | ပန်းတနော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဋ ) | ဦးဂျီဖုန်ဆားရ် | နောင်မွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ဌ) | ဒေါ်နန်းခင်စော | ကွန်ဟိန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးလာမာလေး | ဆော့လော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်ဝင်းဆွေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးတိုးသောင် | မိုးမိတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးကျော်အောင်လွင် | စေတုတ္တရာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးအေးနိုင် | ဒဂုံမြို့သစ်(တောင်ပိုင်း) | အတွင်းရေးမှူး |
| (ဒ) | ဒုတိယဗိုလ်မှူးကြီး မြင့်ဆွေ | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |
| (န) | ဒုတိယဗိုလ်မှူးကြီး တိုးလွင် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |

**တာဝန်ယူဆောင်ရွက်ရမည့်ဥပဒေများ**

၉။ ပြည်သူ့လွှတ်တော်ရုံးသည် ၇-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမတ)/၂၀၁၆-၀၄ ဖြင့် ကော်မတီကတာဝန်ယူဆောင်ရွက်ရမည့် ဥပဒေများကို အောက်ပါအတိုင်း သတ်မှတ် ပေးခဲ့ပါသည် -

(က) The Explosives Act (India Act4.1884, Vol.V)

(ခ) The Explosives Substances Act (India Act6, 1908, Vol.II)

(ဂ) ဆားလုပ်ငန်းဥပဒေ(နဝတဥပဒေအမှတ် ၆/၁၉၉၂)

(ဃ) သစ်တောဥပဒေ(နဝတဥပဒေအမှတ် ၈/၁၉၉၂)

(င) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ(နဝတဥပဒေအမှတ် ၆/၁၉၉၄)

(စ) မြန်မာ့သတ္တုတွင်းဥပဒေ(နဝတဥပဒေအမှတ် ၈/၁၉၉၄)

(ဆ) မြန်မာ့ပုလဲလုပ်ငန်းဥပဒေ(နဝတဥပဒေအမှတ် ၇/၁၉၉၅)

(ဇ) မြန်မာ့ကျောက်မျက်ရတနာဥပဒေ(နဝတဥပဒေအမှတ် ၈/၁၉၉၅)

(ဈ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(ပထစဥပဒေအမှတ် ၉/၂၀၁၂)

မူကြမ်း

၁၀။ ထို့အပြင် ပြည်သူ့လွှတ်တော်ရုံး၊ အစည်းအဝေးနှင့်ကော်မတီဌာနကြီး၏ ၂၆-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမတ/၂၀၁၆-၆၇) အရ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီနှင့်ညှိနှိုင်းပြီး အောက်ဖော်ပြပါဥပဒေ ၂ ရပ်ကို လွှဲပြောင်းလက်ခံခဲ့ပါသည် -

(က) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (ဥပဒေအမှတ် ၈/၂၀၀၇)

(ခ) The Under Ground Water Act (India Act 4, 1930, Vol.VI)

**ဥပဒေများဆောင်ရွက်ထားရှိမှုအခြေအနေ**

၁၁။ ကော်မတီသည် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ညှိနှိုင်းချက်အရ သစ်တောဥပဒေနှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ၂ ရပ်ကို ဦးစားပေးဆောင်ရွက်ရန် သတ်မှတ်ခဲ့ပါသည်။

၁၂။ အဆိုပါဥပဒေများ ပြင်ဆင်ရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးများကို ကော်မတီတွင်း ၆ ကြိမ်၊ ဝန်ကြီးဌာနနှင့် ၅ ကြိမ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ၁ ကြိမ်၊ စုစုပေါင်း ၁၂ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်သို့ ပေးပို့တင်သွင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၃။ ထို့အပြင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကိုပြင်ဆင်သည့်ဥပဒေတွင် နိုင်ငံတော်အခွန်ဘဏ္ဍာရရှိမှုနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အားနည်းချက်များ၊ လိုအပ်ချက်များကို လေ့လာတွေ့ရှိရပါသဖြင့် ဒုတိယအကြိမ်ပြင်ဆင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစည်းအဝေး ၅ ကြိမ်ကျင်းပပြုလုပ်ဆွေးနွေးပြီးဖြစ်ပါသည်။ စတုတ္ထပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်သို့ ပေးပို့တင်ပြနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၄။ ဦးစားပေးစိစစ်ရမည့် ဥပဒေများဆောင်ရွက်ပြီးစီးပါက သတ်မှတ်တာဝန်ပေးအပ်ထားသည့် ဥပဒေများကို ဆက်လက်လေ့လာစိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကော်မတီအစည်းအဝေးများကျင်းပဆောင်ရွက်မှု**

၁၅။ ကော်မတီသည် စတင်ဖွဲ့စည်းသည့် ၂၂-၂-၂၀၁၆ ရက်မှ ၂၀-၂-၂၀၁၇ ရက်ထိ ကော်မတီတွင်းအစည်းအဝေး ၁၄ ကြိမ်၊ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ၁၁ ကြိမ်၊ ပြင်ပ

အဖွဲ့အစည်းနှင့် ၁ ကြိမ်၊ ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအစည်းအဝေး ၃ ကြိမ်၊ စုစုပေါင်းအစည်းအဝေး ၂၉ ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၆။ အစည်းအဝေးများတွင် ဥပဒေပြုရေး၊ တိုင်ကြားစာများဖြေရှင်းဆောင်ရွက်ရေး၊ လွှတ်တော်တွင်းအဆို၊ မေးခွန်းများမေးမြန်းနိုင်ရေး၊ ကော်မတီ၏လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်ရေး၊ ဘတ်ဂျက်စိစစ်ရေးနှင့် အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

**တိုင်ကြားစာများလက်ခံဆောင်ရွက်ထားရှိမှု**

၁၇။ ကော်မတီသည် စတင်ဖွဲ့စည်းသည့် ၂၂-၂-၂၀၁၆ ရက်မှ ယနေ့ထိ တိုင်ကြားစာ၊ တင်ပြစာ၊ အသနားခံစာ စုစုပေါင်း ၁၀၇ စောင်လက်ခံရရှိခဲ့ပါသည်။ အဆိုပါတိုင်ကြားစာများတွင် ကော်မတီသို့ လိပ်မူသည့်တိုင်ကြားစာ ၆၁ စောင်ဖြစ်ပြီး မိတ္တူပေးပို့သည့် တိုင်ကြား စာ ၄၆ စောင် ဖြစ်ပါသည်။

၁၈။ ကော်မတီသို့ပေးပို့သည့်တိုင်ကြားစာများအနက် ၄၅ စောင်ကို သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ စာဖြင့်ဆက်သွယ်ပေးပို့ မေးမြန်းခြင်းဖြင့်လည်းကောင်း၊ ၄၉ စောင်ကို ကော်မတီအစည်းအဝေးများတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအား မေးမြန်းဆွေးနွေးဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်တိုင်တွေ့ဆုံညှိနှိုင်းပေးခြင်းဖြင့်လည်းကောင်း၊ အရေးယူဆောင်ရွက်ပေးခဲ့ပါသည်။ ကျန်ရှိသည့်တိုင်ကြားစာ ၁၃ စောင်မှာ ကော်မတီ၏ လုပ်ငန်းတာဝန်နှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသည့်အတွက်လည်းကောင်း၊ အကြောင်းအရာတူကိစ္စရပ်များ ဖြစ်နေသည့်အတွက်လည်းကောင်း အရေးယူဆောင်ရွက်ခဲ့ခြင်းမပြုဘဲ မှတ်တမ်းတင်ထားရှိပါသည်။ တိုင်ကြားစာများ အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေအသေးစိတ်ကို သီးခြားအစီရင်ခံစာဖြင့် တင်ပြပြီးဖြစ်ပါသည်။

**လွှတ်တော်တွင်းမေးခွန်းများမေးမြန်းဆောင်ရွက်မှု**

၁၉။ ကော်မတီအဖွဲ့ဝင် ၁၀ ဦးသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၃ ခု၊ ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၁၃ ခုနှင့် တတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း ၉ ခု၊ စုစုပေါင်း ကြယ်ပွင့်ပြမေးခွန်း ၂၅ ခု မေးမြန်းခဲ့ပါသည်။

**ပြည်တွင်း၊ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု**

၂၀။ ကော်မတီသည် ပြည်တွင်း လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြားနာမှု ၆ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံမှု ၈ ကြိမ်၊ ပြည်တွင်းပြည်ပတွေ့ဆုံမှု စုစုပေါင်း ၁၄ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံမှုအသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် တင်ပြအပ်ပါသည်။

၂၁။ ပြည်တွင်းတွေ့ဆုံကြားနာမှုများမှ လူမှုအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိမှုများ၊ အကြံပြု တင်ပြချက်များ၊ ဒေသခံပြည်သူများ တွေ့ကြုံနေကြရသည့်အခက်အခဲများကို သိရှိနားလည်ခဲ့ရပါ သည်။ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှုများမှ အတွေ့အကြုံဗဟုသုတများ၊ အကြံဉာဏ်များ၊ သုတေသနပြုလေ့လာတွေ့ရှိချက်များသိရှိခဲ့ရပြီး ကော်မတီ၏မူဝါဒ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးနိုင်ခဲ့ပါသည်။

**ပြည်ပခရီးသွားရောက်မှု**

၂၂။ ကော်မတီဥက္ကဋ္ဌအပါအဝင် ကော်မတီဝင် ၃ ဦးသည် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးကာလမှ တတိယပုံမှန်အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်၏ အစီအစဉ်ဖြင့် ပြည်ပခရီး ၃ ကြိမ် သွားရောက်ခဲ့ပါသည်။ ပြည်ပခရီး သွားရောက်ခဲ့မှု အသေးစိတ်ကို အောက်ပါ အတိုင်းတင်ပြအပ်ပါသည် -

| စဉ် | အမည် | မဲဆန္ဒနယ် | နိုင်ငံ | အကြောင်းအရာ | ကာလ |
|---|---|---|---|---|---|
| ၁ | ဦးစိုးသူရထွန်း | ကွမ်းခြံကုန်း | အိန္ဒိယ | အိန္ဒိယနိုင်ငံ၏ "အစဉ်အဆက် မိုးခေါင်ရေရှားမှုကို တွန်းလှန်ခြင်း" အမျိုးသားရေးဆိုင်ရာ မျက်နှာ စုံညီဆွေးနွေးပွဲ တက်ရောက်ခြင်း၊ | ၁၀-၈-၁၆ မှ ၁၃-၈-၁၆ ထိ |
| ၂ | ဒေါ်ရှားမီး(ခ) ဒေါ်အေးအေးမူ | ကလေး | အင်္ဂလန် | အောက်စဖို့ဒ်တက္ကသိုလ်တွင် ကျင်းပပြုလုပ်သည့် သဘာဝ | ၁၃-၁၀-၁၆ မှ ၁၄-၁၀-၁၆ ထိ |

| | | | | | |
|---|---|---|---|---|---|
| | | | | ပတ်ဝန်း ကျင်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်ခြင်း။ | |
| ၃ | ဦးရည်မွန် | ပုဗ္ဗသီရိ | ဂျာမဏီ ထိုင်း | Media Exchange Program တက်ရောက်ခြင်း။ | ၂၆-၁၁-၁၆ မှ ၃-၁၂-၁၆ ထိ |

**ပြည်တွင်း အခမ်းအနား၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများတက်ရောက်မှု**

၂၃။ ကော်မတီအဖွဲ့ဝင်များသည် ပြည်တွင်း၌ကျင်းပပြုလုပ်သော အခမ်းအနား၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက် ခဲ့ကြပါသည်။ တက်ရောက်ခဲ့မှု အခြေအနေအသေးစိတ်ကို နောက်ဆက်တွဲ(ခ)ဖြင့် တင်ပြ အပ်ပါသည်။

**ရုံးအဖွဲ့၏ အထောက်အကူပြုနိုင်မှု**

၂၄။ ကော်မတီရုံးအဖွဲ့၏ လက်ရှိဝန်ထမ်းအင်အားမှာ အရာထမ်း ၁ ဦး၊ အမှုထမ်း ၆ ဦး၊ စုစုပေါင်း ၇ ဦးဖြင့် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂၅။ ရုံးအဖွဲ့သည် အစည်းအဝေးများစီစဉ်ခြင်း၊ ဧည့်သည်များဖိတ်ကြားခြင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် အထောက်အကူပြု စာရွက်စာတမ်းများ စုဆောင်းဖြန့်ဝေခြင်း၊ အစည်း အဝေးမှတ်တမ်းများ ပြုစုခြင်း၊ တိုင်ကြားစာ၊ တင်ပြစာ၊ ဖိတ်ကြားစာများလက်ခံခြင်း၊ အစီရင်ခံစာ၊ တင်ပြစာ၊ ပြန်ကြားစာများ တင်ပြပေးပို့နိုင်ရေးဆောင်ရွက်ခြင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အကြံဉာဏ်များပေးခြင်း၊ ကော်မတီဝင်များ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ရုံးနှင့် ညှိနှိုင်းဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေး လျက်ရှိပါသည်။

**နိဂုံး**

၂၆။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင်များသည် တစ်နှစ်တာကော်မတီသက်တမ်းကာလအတွင်း ဥပဒေပြုရေး၊ အပြန်အလှန်ထိန်းကျောင်းရေး၊ ကိုယ်စားပြုရေးဟူသည့်တာဝန်များကို ကြိုးစားထမ်းဆောင်ခဲ့ကြပါသည်။ သို့ရာတွင် လိုအပ်ချက်၊ အားနည်းချက်များ ရှိနေဦးမည်ဖြစ်ရာ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ဆထက်ထမ်းပိုး ကြိုးစား

ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၇-၆-၂၀၁၇ ရက်နေ့(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကပြင်ဆင်ဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၁၂-၆-၂၀၁၇ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က) အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၄-၆-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းသူကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များ

အနက် လေးချက်ကို သဘောတူသင့်ကြောင်းနှင့် သုံးချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်လေးချက်ကိုတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦး ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့စိစစ်တင်ပြချက်ကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်သည့် ၂၂-၂-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်များဖြင့် အတည်ပြုခဲ့ ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်မှ ၇-၆-၂၀၁၇ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ဖြစ်သည့် ၁၂-၆-၂၀၁၇ ရက်(တနင်္လာနေ့)တွင် လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၄-၆-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့သော်လည်း ပြင်ဆင်ချက် အဆို တင်သွင်းသူမရှိခဲ့ပါ။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၀-၆-၂၀၁၇ ရက်နေ့(အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက် အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြု ခဲ့သည့် အချက်များအနက်မှ အချက်လေးချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ ပြင်ဆင်ချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**မူကြမ်း**

[အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အောက်ဖော်ပြပါ အချက်(၄)ချက်မှာအောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဥပဒေခေါင်းစီး |
| (ခ) | ၂ | ၄ | အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၆ အပိုဒ်ခွဲ(ဂ)ကိုပယ်ဖျက်ခြင်း |
| (ဂ) | ၂ | ၅ | အသစ်ဖြည့်စွက်ချက် နောက်ဆက်တွဲဇယား (က) ၏ အမှတ်စဉ် ၁။ (ဠ) |
| (ဃ) | ၂ | ၇ | အသစ်ဖြည့်စွက်ချက် နောက်ဆက်တွဲဇယား (က) ၏ အမှတ်စဉ် ၇ |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ပြင်ဆင်အတည်ပြုချက်လေးချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်လေးချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်းတင်ပြသွားတဲ့ အချက်လေးချက်ကို အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီရဲ့ထပ်မံပြင်ဆင် ချက်တစ်ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့သဘောတူ ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်တစ်ချက်

မှာအောက်ပါအတိုင်းဖြစ်ပါတယ်။ ထပ်မံပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၁)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|
| ၂ | ၆ | အသစ်ဖြည့်စွက်ချက် နောက်ဆက်တွဲဇယား (က)၏ အမှတ်စဉ် ၁။ (ဍ) |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ရန်တင်ပြချက်တစ်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် တစ်ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်းသဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ထပ်မံ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကော်မတီနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များ အနက် တစ်ချက်ကိုသဘောမတူဘဲ ဥပဒေကြမ်းကော်မတီရဲ့ထပ်မံ ပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက်နှစ်ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့သဘောတူ ဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့ လွှတ်တော်၏အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက်နှစ်ချက်ကို လွှတ်တော်ကိုယ်စားလှယ် ထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**မူကြမ်း**

အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက်(၂)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၂ | အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ) |
| (ခ) | ၁ မှ ၂ | ၃ | အပိုဒ် ၂၃ အပိုဒ်ခွဲ(င) |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိမည့်အချက်နှစ်ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်နှစ်ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်နှစ်ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သုံးချက်ကိုသဘောမတူကြောင်း လွှတ်တော်ကအတည်ပြုပြီးဖြစ်ပါတယ်။

ဒါ့ကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ဖြစ်တဲ့ ၂၂-၂-၂၀၁၇ ရက်နေ့မှာ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်များဖြင့်အတည်ပြုပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၇-၆-၂၀၁၇ ရက်နေ့မှာ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် ထပ်မံပြင်ဆင်ရန်တင်ပြချက်တစ်ချက်အနေနဲ့ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်းထားရှိမည့်စုစုပေါင်း အချက်သုံးချက်တို့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထား ကွဲလွဲခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲသည့် အချက်သုံးချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်သို့ လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲချက်သုံးချက်ကို ပြည်ကြီးတံခွန်

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်းက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ရယူသင့်ကြောင်းကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ တင်သွင်းသွားသောအဆိုအား ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးနေမျိုးထွန်းက အလေးအနက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့သုံးချက်နဲ့ပတ်သက်ပြီး သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်းအဆို နှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲသည့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်သုံးချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ အစည်းအဝေးကို နေ့လယ် ၁း၀၀ နာရီမှာပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

အစည်းအဝေးကို ၁ နာရီခန့် ခေတ္တရပ်နားပါသည်။

**အချိန်၊ ၁၃း၀၀။**

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေမဲဆန္ဒနယ်က တင်သွင်းသည့် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၂၁-၆-၂၀၁၇ ရက်နေ့တွင် တင်သွင်းတဲ့ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ရှစ်ဦးရှိပါတယ်။ ပထမဦးစွာ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သန်းငွေ(တောင်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မက တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ဖြစ်ပါတယ်။ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦးရဲ့ အဆိုကို ထောက်ခံဆွေးနွေးပါမယ်။ ဥက္ကဋ္ဌကြီးရှင်။ အင်းလေးကန်ဟာ တောင်ကြီးခရိုင်အတွင်း နမ့်လတ်ချိုင့်ဝှမ်းနဲ့ ညောင်ရွှေချိုင့်ဝှမ်းရဲ့တောင်ဘက်အစွန်းမှာတည်ရှိတဲ့ ထုံးကျောက်ပျော်ကန်မြေ အမျိုးအစားဖြစ်ပါတယ်။ နှစ်သန်းချီသက်တမ်းရှိတဲ့ သက်တမ်းရင့်ကျောက်အမျိုးဖြစ်ပြီးတော့မှ ဘူမိဗေဒပညာရှင်တွေကတော့ သက်တမ်းရင့်ပြီးတော့မှ ကျောက်တုံးကျောက်လွှာတောင်တန်းများဖြစ်ပါတယ်လို့သတ်မှတ်ထားပါတယ်။ အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲ ဧရိယာပေါ်မှာမူတည်ပါတယ်။ ကန်ရဲ့ရေဝေရေလဲဧရိယာက ၂၂၀၀ စတုရန်းမိုင်ရှိပြီးတော့

ညောင်ရွှေမြို့နယ်၊ တောင်ကြီး၊ ရပ်စောက်၊ ပင်းတယ၊ ကလော၊ ပင်လောင်း၊ ဖယ်ခုံစတဲ့ မြို့နယ်တွေမှာ ပါဝင်နေပါတယ်။ အင်းလေးကန်ရေဝေရေလဲဒေသရဲ့ သစ်တောဖုံးလွှမ်းမှုကလည်း ၂၀၁၀ ခုနှစ်မှာ ၁၄၀ စတုရန်းမိုင်ရှိပြီး ၂၀၁၅ ခုနှစ်တိုင်းတာချက်အရ မိုင် ၁၂၀ သာကျန်ရှိပါတော့တယ်။

ဥက္ကဋ္ဌကြီးရှင်။ ရေဝေရေလဲဒေသ Catchment Area ဆိုတာ ရွာလိုက်တဲ့မိုးရေတွေကို စုစည်းပြီး သဘာဝအလျောက်မြင့်ရာမှနိမ့်ရာ မြစ်၊ ချောင်း၊ အင်းအိုင်ဆီကို စီးဝင်တဲ့အခါမှာ ဖြတ်သန်းရတဲ့ ကုန်းမြင့်ပိုင်းသစ်တောဧရိယာကို ခေါ်ပါတယ်။ ရေဝေရေလဲဒေသဟာ သစ်တောရေသယံဇာတတွေနဲ့ ဆက်နွှယ်နေပြီး မြစ်ချောင်းများရဲ့ အသက်သွေးကြောလည်းဖြစ်ပါတယ်။ ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကောင်းမွန်စေတယ်။ မြေပြိုမှုကာကွယ်တယ်။ ရေကောင်းရေသန့်ရရှိတယ်။ ရှုခင်းလှပတယ်။ မြေဆီလွှာထိန်းသိမ်းနိုင်တယ်။ သားငှက်တိရစ္ဆာန်တွေ ကာကွယ်ထိန်းသိမ်းနိုင်တယ်။ ရေဝေရေလဲလည်းထိန်းသိမ်းနိုင်ပြီးတော့ လေထုညစ်ညမ်းမှုကိုလည်း ကာကွယ်တယ်ဆိုတဲ့ အကျိုးကျေးဇူးတွေ ရရှိပါတယ်။ ရေဝေရေလဲသစ်တောများပျက်စီးရတဲ့ အကြောင်းများထဲမှ အချို့မှာ တိုးပွားလာတဲ့လူဦးရေကြောင့် စိုက်ပျိုးမြေတိုးချဲ့တဲ့အတွက် ရေထိန်းတောတွေလျော့နည်းလာခြင်း၊ စိုက်ပျိုးစနစ်နှင့်မြေအသုံးချမှုမမှန်ကန်ခြင်းကြောင့် ရေ၊ မြေတိုက်စားမှုများပြီး မြေနိမ့်ပိုင်းရှိ မြစ်၊ ချောင်း၊ အင်းအိုင်တွေမှာ သဲနုန်းအနည်အနစ်တွေပို့ချပြီး ရေတိမ်ကောခြင်းနှင့် ရေလမ်းကြောင်းများ ကျဉ်းမြောင်းလာခြင်းတို့ဖြစ်ပေါ်လာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ သစ်ပင်သစ်တောရဲ့အသစ်သွေးကြောဟာ မြေဆီလွှာဖြစ်ပြီးတော့ ရေဝေရေလဲဧရိယာရဲ့အသက်သွေးကြောက သစ်ပင်သစ်တောဖြစ်ပါတယ်။ မြစ်၊ ချောင်းများရဲ့ အသက်သွေးကြောကလည်း ရေဝေရေလဲသစ်တောများဖြစ်တဲ့အတွက် တစ်ခုနှင့်တစ်ခုနှီးနွှယ်နေပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါက အင်းလေးကန်စိမ်းလန်းစိုပြေရေးအတွက် ရေဝေရေလဲတွေမှာထိန်းသိမ်းကာကွယ်ဖို့တောအခြေအနေဖြစ်ပါတယ်။ ဒီတောတွေပြုန်းတီးလာတဲ့အတွက်ကို ကျွန်မတို့ အခုဒီလအတွင်းမှာ သဘာဝသယံဇာတနှင့်သစ်တောဌာနကနေ ကူညီပံ့ပိုးမှုနဲ့ ကျွန်မတို့ သစ်ပင်အပင်ပေါင်း ၅၀၀၀၀ စိုက်ပျိုးဖို့စနေပါပြီ။ ဒါကတော့ အင်းလေးကန်အတွင်းမှာရှိတဲ့ ချောင်း ၂၉ ချောင်းကနေ အင်းလေးကန်ထဲကို ရေတွေဝင်ရောက်နေပါတယ်။ ဒါပေမဲ့ တစ်နှစ်ပတ်လုံးစီးဆင်းဖို့ကတော့ ချောင်းလေးချောင်းပဲရှိပါတယ်။ အဲဒါကြောင့်မို့လို့ အင်းလေးအင်းအင်းလေးလို့ ခေါ်ပါတယ်။ နမ့်လတ်ချောင်း၊ ရေပယ်ချောင်း၊ ကလောချောင်း၊ အထက်ဘီးလူးချောင်းတို့ဖြစ်ပါတယ်။ အဲဒီရေတွေကနေ ဘီးလူးချောင်းကနေ တစ်ခါမိုးဗြဲရေထဲကို စီးဝင်ပြီးတော့မှ

မိုးပြဲရေထဲကနေ လောပိတရေအားလျှပ်စစ်စက်ရုံအထိ သွားရောက်တဲ့အတွက် ဒီအင်းလေးရဲ့ရေတွေဟာ တစ်နိုင်ငံလုံး ရဲ့လျှပ်စစ်ရရှိမှုအတွက်ကို အကျိုးပြုနေတာဖြစ်ပါတယ်။ အဲဒါ ရေဝေရေလဲဧရိယာ သစ်တော ဖုံးလွှမ်းမှုပါ။ အင်းလေးကန်ရေဝေရေလဲဧရိယာဟာ ပြောင်းလဲနေပေမဲ့ ကျွန်မတို့ အခုနောက်ထပ် စိုက်ပျိုးတဲ့စိုက်ပျိုးမြေတွေက များလာတဲ့အတွက် သူ့ဧရိယာက ပြောင်းလဲမှုမရှိပါဘူး။ ဒါကတော့ ရေဝေရေလဲဧရိယာကို ထိန်းသိမ်းထားတဲ့ ၁၉၁၉ ခုနှစ်ကနေ ၂၀၁၅ ခုနှစ် နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့တာကို ပြတာဖြစ်ပါတယ်။ သစ်တောတွေကိုလည်း ပူးပေါင်းပြီးတော့မှ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့လည်းပူးပေါင်းပြီးတော့မှ လုပ်နေတာလည်းရှိနေပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ ကိစ္စကတော့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ငါးနှစ်စီမံကိန်းလုပ်နေပါတယ်။ အဲဒါကြောင့်မို့လို့ လက်ရှိဆောင်ရွက်နေတဲ့ သစ်တောလုပ်ငန်းတွေကိုလည်း ဖော်ပြထားပါတယ်။ ဒါက ရေနှင့်မြေဆီလွှာတိုက်စားမှုတွေကို ထိန်းသိမ်းတဲ့ပုံတွေပါ။ ဒါက အသိပညာပေးလုပ်ငန်းတွေကို မှတ်တမ်းတင်ထားတာပါ။ နောက် ဆည်မြောင်းဌာနက ပါဝင်ပြီးတော့မှ ထိန်းသိမ်းနေပါတယ်ဆိုတာပြတာပါ။ ဒါဟာနမ့်လတ်ချောင်းက သဲနုန်းတွေတူးဖော်နေတာကို ပြပါတယ်။ ဒါက နုန်းထိန်းတဲ့တမံတွေပြုလုပ်တာတွေ ပြထားပါတယ်။ ဒါကလည်း သဲနုန်းတွေတူးဖော်တာကို ပြပါတယ်။ နောက် အင်းလေးကန်ကနေ ရေတွေစီးလာတဲ့အခါမှာ ကျဉ်းမြောင်းတဲ့ဧရိယာမှာရှိတဲ့နေရာတွေကို ထိန်းတဲ့ဟာကိုပြပါတယ်။ ဒါတွေက အကုန်လုံးလုပ်နေတယ်ဆိုတာကို ကျွန်မကသိစေချင်လို့ Power Point နဲ့ပြတာဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးရှင်။ ရှည်ကြာလှတဲ့ကာလကတည်းက ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်နိုင်ငံလုံးအပေါ်မှာ တာဝန်ကျေစွာ အကျိုးပြုလာတဲ့အင်းလေးကန်ကြီးဟာ ယခုအချိန်မှာ ဂရုပြုစုစောင့်ရှောက်မှု မပီပြင်တာ၊ အားနည်းတာကြောင့် အိုမင်းမစွမ်းအခြေအနေကို ရောက်ရှိလာပါပြီ။ ဒါကြောင့် တစ်ဦးတစ်ယောက်တစ်စုံတစ်ခု တစ်ဖွဲ့တည်းက စိတ်ဝင်စားကာမျှနှင့်၊ ကုနေရုံနှင့်မလုံလောက်တော့ပါဘူး။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၄၅၊ အခန်း(၈) ပုဒ်မ ၃၉၀ ပုဒ်မခွဲ(ခ)တွေမှာလည်း နိုင်ငံတော်နှင့် နိုင်ငံသားတိုင်းက သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရမယ်လို့ ပါရှိတဲ့အတွက် ယခုကိစ္စမှာလည်း အစိုးရ၊ လွှတ်တော်၊ လူမှုရေးအသင်းအဖွဲ့များတွေ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ရှာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုးမင်း(ရှာငံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ

အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန်ဟာ မြန်မာနိုင်ငံရဲ့ ဒုတိယမြောက် တောင်ပေါ်ရေချိုအိုင်ကြီးတစ်ခု ဖြစ်ပြီးတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်တွင်တည်ရှိ၍ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၂၉၀၀ ကျော်မှာရှိပါတယ်။ မိုးရာသီမှာ အင်းလေးကန်ရဲ့အကျယ်အဝန်းဟာ ၁၄၅ စတုရန်း ကီလိုမီတာသာရှိပြီးတော့ နွေရာသီမှာ ၁၀၀ စတုရန်းကီလိုမီတာသာရှိတော့သည့်အတွက် အင်းလေး ကန်၏ အနာဂတ်ဟာ စိုးရိမ်စရာအခြေအနေဖြစ်ပါတယ်။ အင်းလေးကန်ပျက်စီးဆုံးရှုံးပါက ဇီဝမျိုးကွဲ ငှက်များ၊ ငါးများ၊ အပင်များပျက်စီးသွားမည်ဖြစ်ပြီးတော့ ဘီးလူးချောင်းနှင့်ဆက်စပ်နေတဲ့အတွက် လောပိတမှ ရေအားလျှပ်စစ်ရရှိရေးကိုပါထိခိုက်သွားမှာဖြစ်ပါတယ်။ အင်းလေးကန်ပျက်စီးမှုမှာ သဘာဝအရင်းအမြစ်တွေ ပျက်စီးဆုံးရှုံးသွားတာတစ်ခုတည်းမဟုတ်ပါဘူး။ ရှားပါးလှတဲ့ ယဉ်ကျေးမှု နှင့် ဓလေ့ထုံးစံတွေပါပျောက်သွားနိုင်တဲ့အတွက် အရေးတကြီးပြုပြင်ထိန်းသိမ်းဖို့လိုအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန်တည်တံ့ထိန်းသိမ်း ရေးလုပ်ငန်းများကို ၁၉၁၅ ခုနှစ်မှာ မြေဆီလွှာပြုန်းတီးခြင်းမရှိစေဘဲ ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် စိုက်ပျိုးရေးစမ်းသပ်ကွက်များ တည်ထောင်ဆောင်ရွက်ခြင်း၊ ၁၉၃၇ ခုနှစ်မှာ မြေယာထိန်းသိမ်းရေး အဖွဲ့ဖွဲ့စည်း၍ မြေဆီလွှာတိုက်စားမှုအခြေအနေများစောင့်ကြည့်လေ့လာခြင်းနှင့် လိုအပ်သော ထိန်းသိမ်းကာကွယ်မှုများ ဆောင်ရွက်ခြင်း၊ ၁၉၉၂ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အင်းလေးကန် ရေဝေရေလဲဒေသ သဘာဝတောပြုစုထိန်းသိမ်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ ကမ်းပါးပြိုထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ခုနှစ်အထိ အင်းလေးကန် မိုင် ၂၀ ပတ်ဝန်းကျင် သစ်တောရေမြေသားငှက် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများကို၊ ထိန်းသိမ်းရေး လုပ်ငန်းများကို ငါးနှစ်စီမံကိန်းများရေးဆွဲ၍ ဆောင်ရွက်ခဲ့ပါတယ်။ ထို့အပြင် နှစ်ပေါင်း ၃၀ လောက် UNDP၊ နော်ဝေအပါအဝင် နိုင်ငံများမှ အကူအညီတွေရယူပြီး ဒေါ်လာသန်းပေါင်းများစွာ အသုံးပြုပြီး တော့ ပြည်တွင်းပြည်ပပညာရှင်ပေါင်းစုံနဲ့ အင်းလေးကန်တည်တံ့ရေးအတွက် ဆောင်ရွက်ခဲ့ကြပါ တယ်။ ဒီလိုဆောင်ရွက်ခဲ့ကြပေမယ့် အရင်က တောင်နှင့်မြောက် ၁၅ မိုင်ရှိတဲ့ အင်းလေးကန်ကြီးဟာ ယခုအချိန်မှာ အဆိုရှင်တင်ပြသလို ၁၀.၉ မိုင်သာရှိတော့တဲ့အတွက် သုံးပုံတစ်ပုံလောက် လျော့ကျသွား

ပါတယ်။ အဲဒီလိုပဲ ယခင်က အရှေ့နှင့်အနောက် ခုနစ်မိုင်ကျယ်ဝန်း တဲ့အင်းလေးကန်ကြီးဟာ ယခုအခါမှာတော့ ၃.၉ မိုင်သာရှိတော့တဲ့အတွက် ဒီအခြေအနေကိုကြည့်ရင် အရင်နှစ်ပေါင်းများစွာ ငွေကြေးများစွာ အကုန်အကျခံပြီး ဆောင်ရွက်ခဲ့တဲ့စီမံကိန်းတွေဟာ အောင်မြင်မှုမရှိဘူး။ အလုပ်မဖြစ်ဘူးဆိုတာ လက်ရှိအင်းလေးကန်ရဲ့အခြေအနေက သက်သေပြနေပါတယ်။ ယခုအချိန်မှာ အင်းလေးကန်ရေလျော့ကျမှုနှင့် ရေထုညစ်ညမ်းမှုဟာ စိုးရိမ်စရာအခြေအနေရှိပါပြီ။ ယခုအခါမှာလည်း အင်းလေးကန်တည်တံ့ရေးအတွက် ၂၀၁၅-၂၀၂၀ အထိ ငါးနှစ်စီမံကိန်း ရေးဆွဲထားပါတယ်။ စောစောက တောင်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် Power Point Slide ထဲမှာပါပါတယ်။ ရည်ရွယ်ချက်ကိုးချက်ချမှတ်ထားပါတယ်။ ရည်ရွယ်ချက်လုပ်ငန်းစဉ်တွေ အင်မတန်မှကောင်းပါတယ်။ ဆက်စပ်အကောင်အထည်ဖော်မယ့်ဌာနတွေကလည်းပဲ အစိုးရဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအများဆုံးထည့်သွင်းထားတာ တွေ့ရပါတယ်။ အစိုးရပိုင်းမှာ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ စုံလင်ပေမဲ့ ဒေသခံပြည်သူလူထုပါဝင်မှုရာခိုင်နှုန်းက အင်မတန်နည်းနေတာကို တွေ့ရပါတယ်။ အဆိုရှင်တင်ပြသလို အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်မယ်ဆိုရင် ဒေသခံပြည်သူလူထုရဲ့အခန်းကဏ္ဍကို ဒီထက်ပိုပြီးတော့ မဖြစ်မနေ လုပ်ပိုင်ခွင့်၊ ပါဝင်ခွင့်ပေးသင့်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးနေမျိုးရဲ့အဆိုဟာ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများကို တင်ပြချင်တာက ပြည်ထောင်စုဘတ်ဂျက်ကနေပြီးတော့ ငွေတောင်းတဲ့အဆို မဟုတ်ပါဘူး။ အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်းလုပ်ငန်းများချမှတ်ပေးရန်အဆိုဖြစ်ပါတယ်။ ယခုနှစ်အတွင်း အင်းလေးကန်ရဲ့နိုင်ငံခြားဝင်ခွင့်ဇုန်ဝင်ကြေးတစ်ခုတည်းမှ သိန်းပေါင်းသုံးသောင်းကျော်ရရှိပါတယ်။ ရရှိထားတဲ့ငွေထဲက ရှမ်းပြည်နယ်အစိုးရ အတွက် ၄၅ ရာခိုင်နှုန်းပေးဆောင်ရပြီးတော့ အင်းလေးဒေသဖွံ့ဖြိုးရေးအတွက် ၄၅ ရာခိုင်နှုန်းရပါတယ်။ အင်းလေးကန်အတွက်ရရှိတဲ့ ၄၅ ရာခိုင်နှုန်းကို အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့မှ စီမံခန့်ခွဲပါတယ်။ ဒီနေရာမှာ အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ကို ပြည်သူဗဟိုပြုတဲ့အဖွဲ့အဖြစ် အသစ်ပြန်လည်ဖွဲ့စည်းသင့်ပြီး တိကျတဲ့ငွေကြေးသုံးစွဲမှုမူဝါဒလည်း ချမှတ်သင့်ပါတယ်။ ယခုအချိန်မှာ အင်းလေးကန်ဟာ အရှိန်အဟုန်နဲ့တကွ ပျက်စီးနေတဲ့အတွက် ဇုန်ဝင်ကြေးတစ်ခုတည်းက အခြားဝင်ငွေမပါပါဘူး။ ဝင်ငွေများစွာရှိပါတယ်။ ဇုန်ဝင်ကြေးတစ်ခုတည်းကရတဲ့ ငွေတွေထဲကနေပြီးတော့ ၄၅ ရာခိုင်နှုန်း

အစား ၁၀၀ ရာခိုင်နှုန်းအပြည့် အင်းလေးကန်အတွက် အသုံးပြုပြီး အင်းလေးကန်ကြီးကို အချိန်မီ ကယ်တင်သင့်ပါတယ်။

နိဂုံးချုပ်အနေဖြင့် နှစ်ပေါင်းများစွာ ပြည်သူတွေရဲ့အခန်းကဏ္ဍကို ချန်လှန်ပြီးတော့ ရေးဆွဲခဲ့တဲ့ စီမံကိန်းတွေကြောင့် ယခု အင်းလေးကန်ကြီးဟာ တစ်နှစ်ထက်တစ်နှစ် တိမ်ကောဆုတ်ယုတ်လာပါပြီ။ ယခုအချိန်မှာလည်း အင်းလေးကန်ကြီးအတွက် ကျွန်တော်တို့က လုပ်နေပါပြီ။ စီမံကိန်းတွေ ရည်မှန်းချက်တွေ၊ မူဝါဒတွေချထားပါတယ် စတဲ့ စာရွက်ပေါ်က စီမံကိန်းတွေမဖြစ်စေဖို့ ဒေသခံပြည်သူများ ပါဝင်ပြီးတော့ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ တကယ်အလုပ်ဖြစ်မယ့် အစိုးရနှင့်ပြည်သူအားလုံး ပါဝင်နိုင်အောင် စဉ်ဆက်မပြတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ပေးနိုင်ဖို့အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ထောက်ခံရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်(မိုးကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မိုးကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုကို နှစ်ပိုင်းခွဲပြီးတော့ မြင်မိပါတယ်။ ပထမတစ်ပိုင်းက အင်းလေးကန်ကြီးရေရှည်တည်တံ့ဖို့အတွက် (၁)ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ချမှတ်ရန်နှင့် (၂) အစိုးရနှင့်ပြည်သူ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်းဆိုတဲ့ အပိုင်းနှစ်ပိုင်းကို တွေ့ရပါမယ်။ အင်းလေးကန်ကြီးသာယာလှပဖို့လို့ပြောရင် ယေဘုယျအားဖြင့် ကျွန်တော်တို့တစ်တွေဟာ အင်းလေးကန်ကြီးနဲ့ ကန်အနီးအနားပတ်ဝန်းကျင်ကိုပဲ ကျွန်တော်တို့မြင်မိကြပါတယ်။ တကယ်တော့ အင်မတန်မှကျယ်ပြန့်တဲ့လုပ်ငန်းဖြစ်ပါတယ်။ ခုနက ဒေါက်တာဒေါ်သန်းငွေ တင်ပြသွားတဲ့အတိုင်း အင်းလေးကန်ရဲ့ ရေဝေရေလဲဧရိယာကို ထိန်းသိမ်းရမှာ ဖြစ်ပါတယ်။ စတုရန်းမိုင် ၂၂၀၀ ရှိပြီးတော့ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်းမှာ စတုရန်းမိုင် ၂၀ ပတ်ဝန်းကျင်လောက် သစ်တောတွေပြုန်းတီးသွားတဲ့အတွက် ဒီရဲ့သစ်တောပြုန်းတီးမှုကို များစွာသတိထားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့သစ်တောတွေက မိုးရေတွေထိန်းပေးတယ်။ မြေဆီလွှာထိန်းပေးတယ်။ မြေအောက်ရေထိန်းပေးတယ်။ နောက်ပြီး သစ်ပင်အမြစ်တွေက မြေဆီလွှာကိုကုပ်ထားတဲ့အတွက် တောင်ပြိုမှုတွေ၊ တောပြုန်းတီးမှုတွေကို ကာကွယ်ပေးတဲ့ကျေးဇူးတွေရှိတဲ့အတွက် ကျန်နေတဲ့ သစ်တောနဲ့သစ်ပင်တွေကို ကျွန်တော်တို့တစ်တွေမပြုန်းတီးအောင် ကာကွယ်စောင့်ရှောက်ပေးမှ

သစ်ပင်တွေကို ထပ်မံစိုက်ပျိုးပြီး သစ်တောကို ပြန်လည်ပျိုးထောင်ဖို့ လိုအပ်ပါတယ်။ တရားမဝင် သစ်ခုတ်မှုတွေကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရမှာဖြစ်ပြီး သစ်တောအတွင်းကျူးကျော်ဝင်ရောက်မှုကိုလည်း စနစ်တကျဖြေရှင်းရမှာဖြစ်ပါတယ်။ သစ်တောမြေတွေကို တခြားနည်းအသုံးပြုခြင်းများကိုလည်း သတိထားဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသတိပြုရမယ့်အချက်ကတော့ ဒေသခံတိုင်းရင်းသားကျေးလက်နေပြည်သူများရဲ့ လူနေမှုဘဝဖြစ်ပါတယ်။ အဆိုပါဒေသခံများရဲ့ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများအပေါ်မှီခိုမှုကို လျှော့ချရန်လိုအပ်ပါတယ်။ ၎င်းတို့ချက်ပြုတ်ဖို့အတွက် ထင်း၊ မီးသွေး၊ အသုံးပြုခြင်းများဟာလည်း သစ်တောပြုန်းတီးမှုရဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင်တင်ပြသွားတဲ့အတိုင်း အင်းလေးကန်ရဲ့ရေကို အခြေပြုပြီးမှ လောပိတရေအားလျှပ်စစ်ထုတ်ယူခဲ့သော်လည်း ၎င်းဓာတ်အားကို အင်းလေးဒေသကျေးရွာများ မသုံးစွဲရသေးကြောင်းနဲ့ လျှပ်စစ်မီးရရှိပါက သစ်တောပြုန်းတီးမှုကို လျော့ကျစေမှာဖြစ်ကြောင်း တင်ပြသွားတာကို တွေ့ရပါတယ်။ ဒါ့အပြင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးနေသူများကို စိုက်ပျိုးရေးအသိပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် သက်သာချောင်ချိရေး၊ ဖွံ့ဖြိုးရေးများကိုလည်း စနစ်တကျဖော်ဆောင်ပေးရန် လိုအပ်ပါတယ်။ ရေဝေရေလဲဧရိယာအတွင်းမှာ ဖော်ဆောင်မယ့်စီမံကိန်းများကိုလည်း စနစ်တကျဖြင့် EIA၊ SIA၊ HIA များနှင့်အညီ လုပ်ဆောင်ရန်နှင့် နိုင်ငံတော်ရဲ့မြေအသုံးချမှုမူဝါဒဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ကျွန်တော်တို့ အင်းလေးကန်အတွင်းကို စီးဝင်နေတဲ့မြစ်ချောင်းများကိုပိတ်ပြီးမှ ဆည်များတည်ဆောက်ခြင်းလုပ်ပြီးမှ တခြားနေရာကို ရေလွှဲပို့ခြင်းများ မပြုလုပ်မိစေရန်လည်း လိုအပ်ပါတယ်။ အင်းလေးကန်ဟာ ဇီဝမျိုးစုံပြီး ငှက်ကြည့်သူများရဲ့ စိတ်ကြိုက်နေရာဖြစ်တဲ့အတွက် ရေဝေရေလဲဧရိယာအတွင်းမှာရှိတဲ့ ဇီဝမျိုးကွဲများ၊ သားငှက်တိရစ္ဆာန်တွေကို ထိန်းသိမ်းဖို့ရာလည်း အရေးကြီးပါတယ်။ အင်းလေးကန်ရေရှည်တည်တံ့ရေး၊ ကာကွယ်ထိန်းသိမ်းရေးအတွက် ကျွန်တော်တို့ကန်တွင်းကို အမှိုက်တွေစွန့်ပစ်တာ၊ စွန့်ပစ်ပစ္စည်းတွေ၊ အညစ်အကြေးတွေကို တိုက်ရိုက်စွန့်ပစ်ခြင်းမပြုလုပ်ဖို့နဲ့ ဗေဒါပင်တွေ၊ ကျွန်းမျောဟောင်းတွေကို စနစ်တကျပြန်လည်ပြီးမှ ပစ်ဖို့ရန်လိုအပ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်လာတဲ့ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းများနှင့်အတူပါလာတဲ့ ဘေးထွက်ဆိုးကျိုးတွေနဲ့ အမှိုက်စွန့်ပစ်မှုကို စနစ်တကျထိန်းချုပ်စီမံဖို့လိုအပ်ပါတယ်ခင်ဗျား။ ကန်အတွင်းမှာ နုန်းပို့ချမှုကို လျော့ကျစေမယ့်၊ ကန်အတွင်းကိုဝင်လာတဲ့ ချောင်းတွေ၊ မြောင်းတွေမှာ နုန်းဖမ်းဆည်တွေ တည်ဆောက်ပြီးမှ အနည်ထိုင်၊ အနည်ထိုင်ပြီးတဲ့သဲနုန်းတွေကိုလည်း စနစ်တကျစွန့်ပစ်ဖို့၊

နောက်ပြီး ကန်ရေထိန်းရေချိန်ညှိတဲ့ ရေတားကားထစ်တန်းတွေကို စသည်များကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က အင်းလေးကန်ကြီးရေရှည်တည်တံ့ဖို့အတွက် အစိုးရနဲ့ပြည်သူအားလုံး အဖွဲ့အစည်းပေါင်းစုံပါဝင်ဆောင်ရွက်ပေးဖို့ တင်ပြသွားတာကို တွေ့ရပါတယ်။ အစိုးရဆိုတဲ့နေရာမှာ ပြည်ထောင်စုအစိုးရရဲ့ကဏ္ဍက အဓိကကျသလို ပြည်နယ်အစိုးရရဲ့ကဏ္ဍကလည်း ချန်ထားလို့မရပါဘူး။ ပြည်ထောင်စုနဲ့ ပြည်နယ်အစိုးရ ဟန်ချက်ညီညီလက်တွဲဆောင်ရွက်မှ အောင်မြင်မှာ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြခဲ့သလို အစိုးရသာမက ပြည်သူများရဲ့ကဏ္ဍကလည်း များစွာအရေးကြီးပါတယ်။ ကျွန်တော်တို့ ပြည်သူလို့ဆိုရာမှာလည်း ဒေသခံတိုင်းရင်းသားပြည်သူများမှသည် ဒေသခံလုပ်ငန်းရှင်လေးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပအသိပညာရှင်၊ အတတ်ပညာရှင်များ၊ အစိုးရမဟုတ်သောပြည်တွင်းပြည်ပအဖွဲ့အစည်းများဟာ နိုင်ငံတကာအကူအညီနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ အင်းလေးကန်ကြီး မုချလှပစွာ ရေရှည်တည်တံ့ပြီးမှ အနာဂတ်မျိုးဆက်သစ်တွေကို ကျွန်တော်တို့ လက်ဆင့်ကမ်းပေးနိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးထောက်ခံတင်ပြမယ့်အကြောင်းအရာကတော့ ညောင်ရွှေမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုး တင်သွင်းတဲ့ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်တဲ့ စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ Power Point ကိုတော့ ကျွန်တော်နောက်ဆုံးမှတင်ပြပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ၁၀-၃-၂၀၁၇ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာလည်းပဲ နယ်သာလန်နိုင်ငံ UMG ကုမ္ပဏီကဝယ်တဲ့ Bell 250 Dredging Pump အမျိုးအစား၊ သောင်တူးစက်နှင့် ဆက်စပ်ပစ္စည်းတွေအတွက် ပေးဖို့ကျန်တဲ့ငွေ ကျပ်သန်း ၆၀၀ ကို သီးသန့်ရန်ပုံငွေက ကျခံဖို့ကိစ္စဆွေးနွေးတင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။ ယခင်က အင်းလေးကန်ကြီး

ဟာ အရှည် ၂၂ ကီလိုမီတာနဲ့ အကျယ် ၁၀ ကီလိုမီတာ၊ မိုင်အားဖြင့် အရှည် ၁၃.၇၅ မိုင်နဲ့ အကျယ် ၆.၂၅ မိုင်ကျယ်ဝန်းကြောင်းသိရပေမဲ့ လက်ရှိအနေအထားအရ ရာသီဥတုဖောက်ပြန်မှု၊ သစ်တော ပြုန်းတီးမှု၊ ရေဝင်နည်းမှု၊ သဲနုန်းတွေပြည့်လာမှုနဲ့ လူတွေရဲ့မဆင်မခြင်ပြုလုပ်မှု၊ အမှိုက်သရိုက် အညစ်အကြေးတွေ စွန့်ပစ်မှုတွေကြောင့် ကန်ရေဟာ တဖြည်းဖြည်းတိမ်ကောလာတာ၊ ရေတွေ ခမ်းခြောက်လာတာ၊ ရေပြင်ဧရိယာကျယ်လာတာတွေ ဖြစ်လာတာတွေ့ရပါတယ်။ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာ အင်းလေးကို ကျွန်တော်ရောက်လာတဲ့အချိန်က ဒီစက်လှေတွေမှာ မောင်းလို့မရ တဲ့အနေအထား တွေ့ရှိခဲ့ရပါတယ်။ ၂၇-၄-၂၀၁၇ ရက်နေ့ RFA တီဗွီရုပ်သံလိုင်းကထုတ်လွှင့်ချက်အရ အင်းလေးကန်ကရေတွေက ချောင်း ၁၁ ခုက စီးဝင်လာတဲ့ရေတွေက ရလာတာဖြစ်ပြီးတော့ အဓိက အများဆုံးရတဲ့ရေက ဟဲဟိုးအနီးက အင်းကောင်းဆည်ချောင်းကရတာဖြစ်ပြီးတော့ ဆည်ကိုတော့ ၁၉၆၂ ခုနှစ်လောက်က တည်ဆောက်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ဒီချောင်းကရေတွေကိုတော့ ရေထွက်ပေါက် ၉၉ ပေါက်ကနေရတဲ့ စိမ့်စမ်းရေတွေက ရတာဖြစ်ကြောင်း သိရပါတယ်။ လက်ရှိ အနေအထားမှာတော့ သစ်တောတွေပျောက်ဆုံးကုန်တာ၊ ရာသီဥတုတွေဖောက်ပြန်တာ၊ ရေဝေရေလဲ တွေပျောက်ဆုံးကုန်တာ၊ မြေဆီလွှာတွေပျက်စီးပြီး သဲနုန်းတွေပိတ်ဆို့လာတာတွေကြောင့် ရေထွက် နည်းလာပြီးတော့ ဆည်ရေနည်းလာတာနှင့်အမျှ အင်းလေးရေလည်း တဖြည်းဖြည်းနည်းလာကြောင်း သိရပါတယ်။ ပြီးတော့လည်း လက်ဝဲဘက် သဲပေါချောင်းနဲ့ လက်ယာဘက် မိုးကောင်းချောင်းတွေက စီးဝင်လာတဲ့ရေတွေထဲက သဲနုန်းတွေကလည်းပဲ အများဆုံးပါဝင်လာတဲ့အတွက်ကြောင့်မို့လို့ အင်းလေးကန်ကြီး ပျက်စီးတိမ်ကောရတဲ့အကြောင်းအရင်းကတစ်ခုဖြစ်ကြောင်း သိရပါတယ်။ အင်းလေးကန်ဆိုတာ ကမ္ဘာမှာထင်ရှားကျော်ကြားတဲ့ နိုင်ငံရဲ့(Image)ပုံရိပ်၊ ရှမ်းပြည်နယ်ရဲ့ အထင်ကရဂုဏ်ယူစရာဖြစ်ပြီးတော့ ရှမ်းပြည်နယ်မှာရှိပေမဲ့ တနသာ်ရီ ထားဝယ်စကားနဲ့ဆင်တဲ့ ထူးခြားတဲ့ဘာသာစကားပြောတဲ့ဒေသ၊ ရိုးရာဓလေ့အရ လှေကိုလက်နဲ့မလှော် ထူးထူးခြားခြားခြေနဲ့ လှော်တဲ့နေရာ၊ ကျွန်းမျောတွေအပေါ် အိမ်ဆောက်နေကြတဲ့နေရာ၊ ရှေးဟောင်းအမွေအနှစ်တွေရှိတဲ့ နေရာ စတဲ့ထူးခြားတဲ့ဝိသေသတွေနဲ့ ပြည့်စုံနေပြီးတော့ ကမ္ဘာကစိတ်ဝင်စားပြီး ခရီးသွားလုပ်ငန်း အတွက် အားထားရတဲ့နေရာဖြစ်ပါတယ်။ ပြီးတော့ လှေတွေနဲ့ဈေးရောင်းတဲ့ရေပေါ်ဈေးနဲ့ နှစ်စဉ် ကျင်းပတဲ့ ဖောင်တော်ဦးဘုရားလှည့်လည်ပွဲနဲ့ ရိုးရာလှေလှော်ပြိုင်ပွဲတွေကလည်း အထူးစည်ကားပြီး တော့ ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်နိုင်စွမ်းရှိတဲ့နေရာလည်း ဖြစ်ပါတယ်။ အင်းလေးကန် ရေရှည်တည်တံ့ဖို့က ရှမ်းပြည်နယ်အတွက်သာမကဘဲနဲ့ နိုင်ငံတော်အတွက်လည်း အလွန်အရေးကြီး

ပါတယ်။ နိုင်ငံရဲ့ဝင်ငွေရှာပေးပြီးတော့ ဒေသခံပြည်သူတွေအလုပ်အကိုင်အဆင်ပြေစေတဲ့၊ ခရီးသွားလုပ်ငန်းအတွက်အားထားစရာလုပ်ငန်းဖြစ်တဲ့အပြင် သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်တွေရှိတဲ့နေရာဖြစ်ပြီးတော့ နိုင်ငံရဲ့လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ ဘီလူးချောင်းလောပိတရေအားလျှပ်စစ်ထုတ်လုပ်ဖို့ အဓိကရေသိုလှောင်ရာ ပင်မနေရာဖြစ်ပါတယ်။ အင်းလေးကန်သာရေမရှိဘူးဆိုရင် လောပိတဓာတ်အားထုတ်လုပ်မှုကလည်း ရပ်ဆိုင်းသွားမှာဖြစ်လို့ နိုင်ငံအတွက်အလွန်အရေးကြီးတဲ့နေရာဖြစ်ပါတယ်။ ဒါကြောင့် အင်းလေးကန်ကြီးရေရှည်တည်တံ့နေဖို့အတွက် နိုင်ငံတော်အစိုးရမှာသာမကပြည်သူပြည်သားအားလုံးမှာလည်း တာဝန်ရှိပါတယ်။ ဒါကြောင့် အင်းလေးကန်တစ်ခုတည်းသာမကဘဲ ကျွန်တော်တင်ပြခဲ့သလို ဆက်စပ်ပတ်သက်နေတဲ့ အကြောင်းအရာများကိုလည်းပဲ လေ့လာထိန်းသိမ်းပြင်ဆင်ဆောင်ရွက်သင့်ကြောင်း ထင်မြင်ယူဆတဲ့အတွက် ဒီအဆိုကို ထောက်ခံတင်ပြရခြင်းဖြစ်ပါတယ်။ Power Point နဲ့တင်ပြချင်ပါတယ်။

ဒါကတော့ ရေထွက်ပေါက်တွေရှိတဲ့နေရာ ဖြစ်ပါတယ်။ ဒါကတော့ အင်းကောင်းဆည်နှင့်ရေထွက်ပေါက်တွေရှိတဲ့နေရာဖြစ်ပါတယ်။ ဒါကတော့ အင်းကောင်းဆည်နှင့် နုန်းတွေတူးဖော်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ လှေလှော်ပြိုင်ပွဲနှင့် ရိုးရာဓလေ့ပုံတွေဖြစ်ပါတယ်။ ဒါကတော့ ရှေးဟောင်းအမွေအနှစ်တွေရှိတဲ့နေရာ ဖြစ်ပါတယ်။ ဒါကတော့ အင်းလေးကန်ကြီးရေခမ်းခြောက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ဖောင်တော်ဦးဘုရားပူဇော်ပွဲဖြစ်ပါတယ်။ ဒါကတော့ ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံဖြစ်ပါတယ်။ ဒါက ဘီလူးချောင်းရေအားလျှပ်စစ်ထုတ်လုပ်တဲ့နေရာဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာကတော့ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးတင်သွင်းတဲ့ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန်သည် ပင်လယ်ရေမျက်နှာပြင်အမြင့် မီတာ ၉၀၀ ကျော်ရှိကာ မီတာ ၁၅၀၀ ကျော်မြင့်သော တောင်တန်းနှစ်ခုကြားတွင်တည်ရှိပြီး ညောင်ရွှေ

မြို့နယ်အတွင်း ကျရောက်နေပါတယ်။ ကန်၏အကျယ်အဝန်းမှာ ရာသီကိုလိုက်ပြီးတော့ ကမ်းဘေးရှိ ကိုင်းတောမြေများအပါအဝင် ၁၁၀ စတုရန်းကီလိုမီတာမှ ၁၇၀ စတုရန်းကီလိုမီတာအထိရှိပါတယ်။ အင်းလေးကန်အတွင်းရှိတဲ့ ဘေးမဲ့တောတွင်ရှိတဲ့ နို့တိုက်သတ္တဝါ ကိုးမျိုး၊ ရေပျော်၊ ကုန်းပျော် ငှက်မျိုးစိတ် ၃၄၅ မျိုး၊ ငါးမျိုးစိတ် ၅၉ မျိုး၊ လိပ်ပြာ ၉၄ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၂၅ မျိုး၊ လိပ်သုံးမျိုး မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပါတယ်။ ပေါက်ရောက်သောအပင်များအနေဖြင့် သစ်မျိုးသစ်ပင် ၈၆ မျိုး၊ သစ်ခွ ၁၈၄ မျိုး၊ ဆေးဖက်ဝင်အပင် ၅၂၇ မျိုး၊ ဝါး ၁၁ မျိုး၊ ရေညှိရေမှော် ၁၂ မျိုးနှင့် ရေတိမ်ဒေသမှာပေါက်ရောက်တဲ့အပင်က ၄၁ မျိုးရှိပါတယ်။ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ ရရှိထားသော စာရင်းတွင်ကျေးရွာ ၁၂၀ သည် ကမ်းစပ်မှာရှိပြီးတော့ ရေပေါ်မှာရှိတဲ့ရွာကတော့ ၁၂ ရွာရှိကြောင်းသိရပါတယ်။ အင်းလေးကန်ဒေသသည် အင်ဒို-မြန်မာ ဇီဝမျိုးကွဲစုံရာဒေသအတွင်းထဲ ကျရောက်နေသည့်အပြင် ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံတွေ့ရှိနေထိုင်သောနေရာ ၃၄ ခုတွင်လည်း ပါဝင်နေပါတယ်။ အင်းလေးကန်ဘေးမဲ့တောကို ၁၉၈၅ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီး အာဆီယံအမွေအနှစ်စာရင်းဝင်ဒေသတစ်ခုဖြစ်ပါတယ်။ ရှုမောဖွယ်ကောင်းတဲ့ ရေပေါ်ကျွန်းမျောစိုက်ခင်းများသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရုံမျှမက ဒေသခံအင်းသူအင်းသားများ၏ အသက်မွေးဝမ်းကျောင်းအတွက်လည်း အထောက်အပံ့ဖြစ်စေပါတယ်။ အင်းသားများသည် ထိုကျွန်းမျောပေါ်တွင် ဟင်းသီးဟင်းရွက်အမျိုးမျိုးနှင့် ပန်းအမျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝှမ်းလုံး ရောင်းချနိုင်စွမ်းရှိပါတယ်။ အင်းသီးဟုပြောလိုက်လျှင် အင်းခရမ်းချဉ်သီးကို လူတိုင်းမသိမရှိပါဘူး။ လက်မှုပညာအနေဖြင့် ပန်းပဲ၊ ပန်းတိမ်၊ ပန်းချီ၊ ပန်းပု စတာတွေအပြင် ရိုးရာယက်ကန်းရုံတွေကထွက်ရှိတဲ့ အင်းပိုးထည်မှသည် လွယ်အိတ်၊ ပင်နီ၊ ဖျင်ထည်များအဆုံး မြန်မာတွင်သာမက ကမ္ဘာမှာတွင်ပါ ထင်ရှားလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာတော့ အင်းလေးကန်အတွင်းတွင် စွန့်ပစ်ပစ္စည်းများနှင့် အညစ်အကြေးများကို ကန်အတွင်းသို့ တိုက်ရိုက်လွှင့်ပစ်ခြင်း၊ ကျွန်းမျောဟောင်းများ စနစ်တကျ မထားရှိခြင်း၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စွန့်ပစ်ပစ္စည်းများ များပြားလာခြင်း၊ ရွှံ့နွံထူထပ်သော ကိုင်းတောများဖုံးလွှမ်းလာခြင်းတို့ကြောင့် ကန်၏ရေမျက်နှာပြင်မှာလည်း နှစ်ပေါင်း ၂၀၀ အတွင်း စတုရန်းကီလိုမီတာ ၆၀ နှင့် ၄၀ အထိ သိသိသာသာ တိမ်ကောလာနေခြင်းကို ဂျပန်နိုင်ငံရှိ Japan Society for promotion of Science နှင့် စင်ကာပူနိုင်ငံအမျိုးသားတက္ကသိုလ်တို့က ပူးတွဲထုတ်ဝေလိုက်သည့် အစီရင်ခံစာတစ်ခုမှာ ဖော်ပြထားတာကိုတွေ့ရှိရပါတယ်။ ရေပေါ်ကျွန်းမျောစိုက်ခင်းများတွင် စိုက်ပျိုးလုပ်ကိုင်နေကြသူများအသုံးပြုရန် ပိုးသတ်ဆေးများ၊ မှိုသတ်ဆေးများ၊ ဓာတ်မြေ

ဩဇာများ၊ အင်းလေးကန်ရေပြင်နှင့် ရေထဲတွင်နေထိုင်ကျက်စားနေသော သတ္တဝါများကို အဆိပ်သင့်စေပါတယ်။ လူတို့၏သုံးရေလည်း မသန့်ရှင်းဖြစ်စေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် အထက်တွင်ဖော်ပြခဲ့သော အင်းလေးကန်ကြီး ပျက်စီးနိုင်သည့်အခြေအနေများကြောင့် ထိုကန်ကြီး အန္တရာယ်ရှိနေသည်မှာ ပေါ်လွင်ထင်ရှားနေပါတယ်။ အိုင်ထွန်းဗွက်ပေါက်နေသော ရေသေကွက်များ၊ ဒိုက်၊ ရေညှိ၊ ရေမှော်၊ ဗေဒါပင်များ ပြည့်ကြပ်နေမှု၊ ရေထု၊ လေထု ညစ်ညမ်းမှု၊ မူရင်းဒေသမျိုးစိတ်အပင်များမရှိတော့မှု၊ ငါးမျိုးစိတ်များ မျိုးတုံးလာမှု၊ ရေပြင်ကျယ်များ ကျဉ်းမြောင်းလာမှု၊ ခရုများပေါများလာမှု၊ ဂေဟစနစ်များပျက်စီးမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးနေသည့်နေရာကြီး ဖြစ်လာနေပါတယ်။ အင်းရေပြင်ညစ်ညမ်းပြီး ကန်၏ရေရှည်တည်တံ့မှုမရှိပါက ထိုကန်ကိုအားထားနေရသော အင်းသူအင်းသား၊ ကျေးရွာသူကျေးရွာသားများမှာ ဒုက္ခရောက်နိုင်ပါတယ်။ ကမ္ဘာလှည့်ခရီးသည်များကိုလည်း အင်းလေးကန်၏ဆွဲဆောင်နိုင်မှု ကျဆင်းသွားနိုင်ပါတယ်။ ယခုအချိန်အခါတွင် အင်းလေးကန် ရေပြင်ကျယ်ပြန့်လာရေး၊ ရေညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုလျှော့ချရေး၊ မူလရေတွင် ပေါက်ရောက်သော အပင်များ၊ ဒေသရှိငါးမျိုးစိတ်များ ရှင်သန်ရေးစသည်တို့ကို ယနေ့မှစပြီးတော့ ကျွန်တော်တို့ ကျားကုတ်ကျားခဲ ဆောင်ရွက်ကြမှသာလျှင် မြန်မာနိုင်ငံ၏ပုံရိပ်ဖြစ်တဲ့ အင်းလေးကန်ကြီးဟာ နဂိုမူလအတိုင်း ဖြစ်လာစေရန် ဒေသခံတိုင်းရင်းသားများနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းမှသာ အောင်မြင်မည်ဖြစ်ကြောင်းနှင့် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ညောင်ရွှေမဲဆန္ဒနယ်က တင်သွင်းသောအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်စော(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စော ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်(ခ)ဦးနေမျိုး တင်သွင်းထားတဲ့ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်တဲ့ စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ဖို့ အစိုးရကိုတိုက်တွန်းကြောင်းအဆိုအပေါ်မှာ ရှမ်းပြည်နယ်ရဲ့အလှတရားကို ချစ်မြတ်နိုးသူတစ်ဦးအနေနဲ့ရော၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိန်းသိမ်းကာကွယ်လိုသူတစ်ဦးအနေနဲ့ပါ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါ

တယ်။ ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ အင်းလေးကန်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၅၂ ပေအမြင့်မှာ တည်ရှိနေတဲ့ မြန်မာနိုင်ငံရဲ့ ဒုတိယအကြီးဆုံး ကုန်းတွင်းရေချိုကန်တစ်ခုဖြစ်သလို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်ဖြစ်တဲ့ ရေတိမ်ဒေသဂေဟစနစ် (Wet Land Eco System) အတွက် အရေးပါတဲ့ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ ဒါ့အပြင် အင်းလေးဒေသဟာ စိုက်ပျိုးရေး လုပ်ငန်း၊ အိမ်တွင်းလက်မှုပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများနှင့် စည်ပင်ဝေစည်နေ တဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။ သဘာဝကဖန်တီးပေးတဲ့ ရှုခင်းအလှအပတွေနဲ့ ပြည့်နှက်နေပြီး ပြည်တွင်းပြည်ပခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ ရှမ်းပြည်နယ်ရဲ့ ဂုဏ်ဆောင်နေရာတစ်ခုဖြစ်သလို နိုင်ငံတော်ရဲ့ခရီးသွားလုပ်ငန်းဝင်ငွေများကိုလည်း အများဆုံးရှာဖွေပေးတဲ့ ကမ္ဘာကျော်ဒေသတစ်ခု လည်းဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီလိုတန်ဖိုးထားချစ်မြတ်နိုးစရာကောင်းတဲ့ အင်းလေးကန်ကြီးဟာ ယနေ့အချိန်မှာ လူတွေရဲ့ပယောဂတွေကြောင့် တစ်နေ့ထက်တစ်နေ့ ယိုယွင်းတိမ်ကောပျက်စီးလာနေ တာကို မျက်ဝါးထင်ထင်မြင်တွေ့နေရတာဟာ စိုးရိမ်စရာအလွန်ကောင်းပြီး အင်မတန်မှပဲ ဝမ်းနည်း စရာကောင်းတဲ့ အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကို အချိန်မီမကယ်တင်နိုင်ခဲ့လျှင် ကာကွယ်ပေးဖို့ နှောင့်နှေးနေခဲ့ကြမယ်ဆိုရင် နောင်လာမယ့်မျိုးဆက်တွေက ကျွန်မတို့ကို ကြေကွဲစွာနဲ့ အပြစ်တင်နေကြတော့မှာဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါမှန်သမျှ ပတ်ဝန်းကျင်ကို အမှီသဟဲ ပြုပြီးနေကြရပါတယ်။ ဒီလို သက်ရှိသက်မဲ့ အပြန်အလှန် အမှီသဟဲပြုနေကြခြင်းကိုပဲ ဂေဟစနစ်လို့ ခေါ်ဆိုပါတယ်။ လူသားတွေရဲ့ လူမှုစီးပွားဘဝကောင်းမွန်တိုးတက်ရေးနဲ့ သာယာဝပြောရေးဟာ ကောင်းမွန်သန့်ရှင်းတဲ့ပတ်ဝန်းကျင်ပေါ်မှာ အခြေခံလျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အမျိုးမျိုးသော ပတ်ဝန်းကျင်ဂေဟစနစ်များ တည်ရှိနေတဲ့အတွက် အာရှဒေသမှာ သားငှက်တိရစ္ဆာန်နဲ့ ဇီဝမျိုးစုံမျိုး ကွဲများပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံသားတွေအနေနဲ့လည်း ဒီလို အလှတရားတွေနဲ့ပြည့်စုံပြီး ဇီဝမျိုးစုံမျိုးကွဲအပြည့်အစုံရှိနေတဲ့ နိုင်ငံမျိုးမှာ ရှင်သန်နေထိုင်ခွင့်ရခြင်း ဟာ ထူးကဲတဲ့အခွင့်အရေးဖြစ်သလို သဘာဝမိခင်က လူသားတွေကိုပေးအပ်ထားတဲ့ တန်ဖိုးဖြတ်လို့ မရတဲ့ လက်ဆောင်ကိုလည်း ရရှိထားတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၈၅ ခုနှစ်မှာ အင်းလေး ဒေသကို ဧရိယာစတုရန်းကီလိုမီတာ ၆၄၀.၉၁ ကို အင်းလေးကန် သဘာဝတောရိုင်းတိရစ္ဆာန်ဘေးမဲ့ တောအဖြစ် သတ်မှတ်ခဲ့တယ်လို့ သိရှိခဲ့ရပါတယ်။ အင်းလေးကန်ထဲမှာဆိုရင် အခြားဒေသမှာမတွေ့ နိုင်တဲ့ ငါးမျိုးစိတ်တွေကို တွေ့ရှိနေရသလို ဆောင်းခိုငှက်များကို ဒေသတွင်းငှက်မျိုးစုံတို့ဟာလည်း မှီခိုကျက်စားလျက်ရှိနေကြပါတယ်။ ဒါတင်မကသေးပါဘူး။ အင်းသားတွေရဲ့ လူမှုဘဝဖြစ်တဲ့

ခြေနဲ့လှေလှော် ခတ်တာတွေ၊ ကျွန်းမျောတွေကို ဖန်တီးအသုံးပြုပြီး ရေပေါ်မှာစိုက်ပျိုးတာတွေ၊ လှေတွေနဲ့ရောင်းဝယ် ကြတဲ့ရေပေါ်ဈေးတွေ၊ အနုပညာမြောက်တဲ့ ယက္ကန်းအတတ်ပညာတွေဟာလည်း သူများနဲ့မတူကွဲ ပြားတဲ့ထူးခြားတဲ့ရိုးရာဓလေ့ ဖြစ်နေပါတယ်။ ဒီလိုမျိုးထူးခြားတဲ့ ဝိသေသလက္ခဏာတွေနဲ့ ပြည့်နှက်နေတဲ့ ဒေသဖြစ်နေတာကြောင့်လည်း ၂၀၀၃ ခုနှစ်မှာ အာဆီယံအမွေအနှစ်ဖြစ်တဲ့ ASEAN Heritage Park အဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ပထမဦးဆုံးသော ဇီဝအဝန်း နယ်မြေ (Biosphere Reserve) အဖြစ် UNESCO က အတည်ပြုသတ်မှတ်ခဲ့ပါတယ်။ သို့ပေမဲ့လည်း ယခုအခါ လူသားများရဲ့ မဆင်မခြင် လုပ်ရပ်များကြောင့် အင်းလေးဒေသရဲ့ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များဟာ တဖြည်းဖြည်း ယိုယွင်းပျက်စီးလာနေရပါတယ်။ ခရီးသွားလုပ်ငန်းတိုးတက် ကြီးထွားလာတာနဲ့အတူ စီးပွားရေး လုပ်ငန်းရှင်တွေရဲ့ ကိုယ်ကျိုးတစ်ခုနဲ့ ဦးစားပေးမှုကြောင့် သဘာဝပတ်ဝန်းကျင်များ ညစ်နွမ်းပျက်စီး လာတာဟာ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ဓာတ်မြေဩဇာနဲ့ ဓာတုပိုးသတ်ဆေးများ မဆင်မခြင်အသုံး ပြုမှုကြောင့် ရေထုညစ်ညမ်းအဆိပ်သင့်နေတာ၊ သစ်တောပြုန်းတီးမှုကြောင့် မြေများရေတိုက်စားပြီး ယင်းအတွင်းသို့ နုန်းများအနည်ထိုင်ပို့ချလာတာ စတဲ့အကျိုးတရားတွေကြောင့် အင်းလေးကန်ကြီးရဲ့ သုံးပုံတစ်ပုံဟာ တဖြည်းဖြည်းနဲ့ တိမ်ကောလာခဲ့ရပြီဖြစ်ပါတယ်။ ဒါတွေကိုကြည့်ရင် အဓိကအားဖြင့် လူ့ပယောဂကြောင့် ပျက်စီးသွားရခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများရဲ့ သုတေသနပြု လေ့လာတွေ့ရှိချက်အရ အာဏာပိုင်အဖွဲ့အစည်းများရဲ့ မှားယွင်းတဲ့စီမံခန့်ခွဲမှု၊ အစိုးရဘဏ္ဍာငွေများနဲ့ နိုင်ငံတကာမှအကူအညီများကို ပွင့်လင်းမြင်သာစွာနဲ့ ထိရောက်စွာအသုံးမချနိုင်မှု၊ ဝန်ကြီးဌာန အချင်းချင်းအကြား ပူးပေါင်းချိတ်ဆက်ကာ ဆောင်ရွက်နိုင်မှု အားနည်းခြင်းတို့ကြောင့် အင်းလေးကန် ရဲ့အခြေအနေဟာ ပိုမိုပြီးဆိုးရွားလာနေတယ်ဆိုတာ ထင်ရှားနေပါတယ်။ သို့ဖြစ်ပါ၍ အင်းလေးကန် ကြီးရှိတစ်နေ့ထက်တစ်နေ့ တိမ်ကောပျက်စီးလာမှုကို အရေးတကြီးထိန်းသိမ်းကာကွယ်ရန် လိုအပ်နေ ပါသဖြင့် အစိုးရအနေဖြင့် ပြည်သူများနှင့်လက်တွဲ၍ မဖြစ်မနေဆောင်ရွက်ပေးရန် တိုက်တွန်းကာ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး တင်သွင်းလာတဲ့အဆိုအား အလေးအနက်ထောက်ခံ ပါကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်မှ

ဦးသောင်းအေး ပါ။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်မှာ တည်ရှိတဲ့ အာဆီယံယဉ်ကျေးမှုအမွေအနှစ် ဥယျာဉ်၊ ကမ္ဘာ့ဇီဝအဝန်းနယ်မြေတစ်ခုဖြစ်တဲ့ အင်းလေးကန်ရေရှည်တည်တံ့စေဖို့အတွက် အကြံပြု ဆွေးနွေးတင်ပြပါမယ်။ Power Point နဲ့ တင်ပြခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန်နဲ့ မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တောရေမြေ၊ သားငါးတိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးဆိုတဲ့စီမံကိန်းကို အဲဒီအချိန်တုန်းက နိုင်ငံတော်ကိုတာဝန်ယူ ခဲ့တဲ့ အကြီးအကဲရဲ့လမ်းညွှန်ချက်နဲ့ ၂၀၀၀ ပြည့်နှစ်မှာ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းရဲ့ ဦးတည်ချက်တွေကတော့ တင်ပြပါအတိုင်းပဲ ဖြစ်ပါတယ်။ ဒါတွေဟာ အခုနက အဆိုရှင်လိုလားတဲ့ အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်ချက်တွေပဲ ဖြစ်ပါတယ်။ ဒီအတွက် စီမံကိန်းကြီးကြပ်မှုကော်မတီတွေကို ပြည်နယ်အဆင့်မှာ ၁၇ ဦးဖွဲ့စည်းထားပြီးတော့ မြို့နယ်အဆင့်မှာ ၁၂ ဦး ဖွဲ့စည်းထားပါတယ်။ ဒီစီမံကိန်းအရ သတ်မှတ်နယ်မြေဟာ မူလက ၁၀ မြို့နယ်၊ အကျယ်အဝန်း အားဖြင့် ဧက ၂၄ သိန်းကျော် ရှိပါတယ်။ ၂၀၀၂ ခုနှစ်နောက်ပိုင်းမှာတော့ ၁၁ မြို့နယ်ဖြစ်ပြီး အကျယ် အဝန်းအားဖြင့် ဧကသိန်း ၆၀ ကျော် တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းကို ၂၀၀၀ ပြည့်နှစ်ကနေ စတင်ခဲ့တာဖြစ်ပြီးတော့ ငါးနှစ်စီ ကာလသတ်မှတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီကန်ကြီး ရေရှည် တည်တံ့ဖို့ရာမှာ အင်းလေးကန်နှင့် ညောင်ရွှေမြို့နယ်တစ်ခုတည်း ကုစားရမယ့်၊ ရေတိုလုပ်ရမယ့်ကိစ္စ မဟုတ်တဲ့အတွက် လုံလောက်တဲ့နယ်မြေအဝန်းအဝိုင်းအတွင်းမှာ စဉ်ဆက်မပြတ်ကျယ်ပြန့်စွာအကျိုး ဖြစ်ထွန်းအောင် ဆောင်ရွက်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန်ရေရှည်တည်တံ့ဖို့ အဓိကလိုအပ်ချက် နှစ်ချက်ရှိပါတယ်။ (၁) ကတော့ ရာသီဥတုမျှတပြီးတော့ မိုးမှန်မှန်ရွာသွန်းပြီး ရေများများစီးဝင်ဖို့ ဖြစ်ပါတယ်။ (၂) စီးဝင်လာ တဲ့ ဒီရေတွေကို သန့်ရှင်းစွာနဲ့ လုံလောက်တဲ့သိုလှောင်ထိန်းသိမ်းနိုင်စွမ်းရှိရန်ပဲ ဖြစ်ပါတယ်။ ဒီဆောင်ရွက်ခဲ့တဲ့စီမံကိန်းမှာ တာဝန်ရှိတဲ့သူတွေဟာ ဒီနှစ်ချက်ကို အလေးထားပြီးဆောင်ရွက်ခဲ့ကြပါ တယ်။ ဒါကြောင့်မို့လို့ ဒေသန္တရဆိုင်ရာတားမြစ်ချက် (၁၂)ချက်ကို တင်ပြပါအတိုင်း ထုတ်ပြန်ထားပါ တယ်။ အဲဒီအထဲမှာ (ဇ)အချက်ကတော့ အဆုံးသက်ရောက်တဲ့တားမြစ်ချက် ဖြစ်ပါတယ်။ (က)ကနေ (ဈ)အထိကတော့ အခုနက ပထမအချက်ကို အကောင်အထည်ဖော်ထားတဲ့တားမြစ်ချက်တွေဖြစ်ပြီး (ည)ကနေ (ဋ)အချက်အထိကတော့ ဒုတိယအချက်ကို တားမြစ်ထားတဲ့ ဆောင်ရွက်ချက်တွေပဲဖြစ်ပါ တယ်။ ဒီ(၁၂)ချက်ကို လက်ရှိညောင်ရွှေစက်လှေဆိပ်မှာ ဆိုင်းဘုတ်ရေးသားစိုက်ထူထားဆဲပဲ ဖြစ်ပါ တယ်။ ဒါ့အပြင် ဒီအထဲမှာ အဲဒီအချိန်က ဟိုတယ်၊ မိုတယ်၊ အင်းစားသောက်ဆိုင်ပေါင်း ၅၆ ခုရှိပါ

တယ်။ ဒါတွေကိုလည်းပဲ အင်းလေးကန်ထိန်းသိမ်းနိုင်ဖို့အတွက် ဟိုတယ်တွေအတွက် သီးခြား ညွှန်ကြားချက် အချက်(၂၀)ကို တင်ပြပါအတိုင်း ထုတ်ပြန်ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနောက်မှာ သစ်တောရေးရာ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ၂၀၁၀-၂၀၁၁ ကနေပြီး ငါးနှစ်စီမံကိန်းနဲ့ အင်းလေးကန်စိမ်းလန်း စိုပြည်ရေးကို ဆောင်ရွက်ခဲ့တယ်လို့သိပါတယ်။ ဒီငါးနှစ်စီမံကိန်း အကောင်အထည်ဖော်တဲ့နေရာမှာ နော်ဝေနိုင်ငံနဲ့ UNDP တွေရဲ့ အကူအညီနဲ့ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနဲ့ ပြန်လည်ထူထောင် ရေး နှစ်နှစ်အတွင်းမှာ ၂၀၁၂ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂.၆ သန်းနဲ့ အကောင်အထည်ဖော်ခဲ့ တယ်လို့ သိရပါတယ်။ အခုနောက်ပိုင်းမှာလည်းပဲ ၂၀၁၉-၂၀၂၀ အထိ စီမံချက်တွေရေးဆွဲပြီးတော့ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဆောင်ရွက်ချက်တွေကို ကျွန်တော်တို့ လွှတ်တော်အနေနဲ့ စောင့်ကြည့်ထိန်းကျောင်းသွားဖို့ လိုမယ်လို့လည်း ကျွန်တော်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲဖို့ရာ ကျွန်တော် အထက်တင်ပြခဲ့သလို ရာသီဥတုကောင်းမွန်ဖို့၊ မိုးများများရွာဖို့၊ ရေများများစီးဝင်ဖို့၊ ရေသိုလှောင်နိုင်အောင် အင်းမြေ အသုံးချမှုတွေ လျှော့ချဖို့၊ ဟိုတယ်အဆောက်အဦတွေ၊ ကျွန်းမျောမြေတွေ တိုးချဲ့တာတွေ တားဆီးဖို့။ ဒါတွေကို ကျွန်တော်တို့လုပ်ရမှာဖြစ်သလို ဒီကန်ထဲကို စီးဝင်နေတဲ့ အခုနကကိုယ်စားလှယ်ကြီးတွေ တင်ပြတဲ့ချောင်းပေါင်း ၂၉ ချောင်းအပြင် ရေထွက် ၁၄၉ ခု ရှိပါတယ်။ ဒါတွေအားလုံးကို ကျွန်တော်တို့ ထိန်းသိမ်းရမှာဖြစ်ပါတယ်။ သစ်တောသစ်ပင်တွေ ပြန်လည်ရှင်သန်လာအောင် ကျွန်တော်တို့ လုပ်ရပါ မယ်။ မြန်မာပြည်အလယ်ပိုင်းမှာ မိုးခေါင်၊ ရေရှားရပ်ဝန်းဒေသတွေမှာ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး၊ ၁၁ ခရိုင် စိမ်းလန်းစိုပြည်ရေးတွေ လုပ်ခဲ့တာရှိပါတယ်။ ဒါတွေကို အတုယူသင့်ရင်လည်း အတုယူရပါ မယ်။ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနဲ့ပတ်သက်ပြီးတော့ ဒီလုပ်ငန်းစီမံချက်မှာ လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ထားပါတယ်။ တင်ပြပါအတိုင်းပဲ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေဟာ မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းစဉ်တွေဖြစ်ပါတယ်။ ဒါ့အပြင် ရေပြင်မညစ်နွမ်းအောင် စိုက်ပျိုးရေးဌာနကနေပြီးတော့ သဘာဝမြေသြဇာ၊ မြေဆွေး၊ ပိုးသတ်ဆေး၊ ပိုးနှင်ဆေးတွေကို ထုတ်လုပ်သုံးစွဲမှုတွေ လက်တွေ့ပြသ ဆောင်ရွက်ခဲ့ရပါတယ်။ ဒါ့အပြင် ရေကန်အတွင်းမှာ မိလ္လာစွန့်ပစ်မှုမရှိအောင် ဇီဝမိလ္လာကန်အသုံးပြု မှုတွေ၊ စိမ့်စမ်းရေသွယ်မှုတွေ၊ ထင်းအစားထိုးလောင်စာထုတ် စက်ရုံ ၁၂ ရုံတည်ထောင်ပြီးတော့ ကျွန်တော်တို့လုပ်ဆောင်ပေးခဲ့ပါတယ်။ အရေးကြီးတဲ့လုပ်ငန်းတစ်ခုကတော့ အင်းသူအင်းသားတွေ သေဆုံးတဲ့အခါမှာ ရုပ်ကလာပ်ကို အင်းထဲမှာ သဂြိုလ်တဲ့စနစ်ကို ပြောင်းလဲအောင် အင်းအရှေ့ဘက်

နှင့် အနောက်ဖက် နမ့်ပန်ရွာနှင့် ငါးဖယ်ချောင်းရွာမှာ မီးသပြိုလ်စက်တစ်လုံးစီ တည်ပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုဒီစက်နှစ်လုံးဟာ အခုချိန်မှာ အိုဟောင်းယိုယွင်းနေပါပြီ။ ဒါတွေကိုလည်း သစ်လွင်ခေတ်မီတဲ့ စက်တွေနဲ့အစားထိုးဆောင်ရွက်ဖို့ လိုအပ်တယ်လို့ တင်ပြလိုပါတယ်။ နောက်တိုးတက်လာတဲ့ လူဦးရေအရလည်း မိုင်းသောက်ရွာနှင့် ကျွန်းကြီးရွာတွေမှာ ဒီလိုစက်တွေ ထပ်ပြီးတော့ တည်ပေးမယ်ဆိုရင် နာရေးကိစ္စအတွက် အင်းရေညစ်ညမ်းမှုဟာ ကင်းဝေးလာမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်အခုနက တင်ပြခဲ့တဲ့ UNDP ရဲ့ နှစ်နှစ်တာ စီမံချက်ကလည်းပဲ အစပိုင်းမှာဆောင်ရွက်ခဲ့တဲ့ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးလုပ်သလိုပါပဲ။ ဇီဝမိလ္လာကန်တွေ၊ ထင်းအစားအသုံးချလျှော့နည်းတဲ့မီးဖိုတွေ၊ စိမ့်စမ်းရေသွယ်တာတွေ၊ သဘာဝမြေဆွေးမြေသြဇာ အသုံးပြုမှုစနစ်တွေ၊ သစ်တောသစ်ပင်စိုက်ပျိုးမှုတွေ ဒါတွေပဲ ထုတ်နုတ်ပြီးတော့ ကျေးရွာအလိုက် လုပ်ဆောင်သွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကို ကျွန်တော်တို့တွေ ပြန်လည်ဆန်းစစ်ပြီးတော့ လုပ်ဆောင်သွားကြဖို့လိုပါတယ်။

ဒါကြောင့်နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ စီမံကိန်း၊ စီမံချက်ဆိုတာဟာ နိုင်ငံတစ်နိုင်ငံရဲ့အသက်ပါ။ ဘယ်အစိုးရမှအားလုံး အလုံးစုံကောင်းမွန်အောင်လုပ်ဆောင်နိုင်ခြင်းမရှိပါဘူး။ မကောင်းတာ၊ အကျိုးမဖြစ်တာတွေ ရှိကြစမြဲပဲဖြစ်ပါတယ်။ ဒါတွေရှိတာနဲ့ စီမံကိန်းတွေ ဖျက်မယ်၊ ပြင်မယ်၊ ပြောင်းမယ်လို့လုပ်ရင် ကျွန်တော်တို့နိုင်ငံ ရှေ့တိုးတက်မှာမဟုတ်ပါဘူး။ စီမံကိန်းတစ်ခု၏ရေးဆွဲတယ်ဆိုတာဟာ အဘက်ဘက်က သေချာစွာစနစ်တကျတွက်ချက်လေ့လာပြီးမှ လုပ်ကြရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ငါနှင့်မတူ ငါ့ရန်သူလို့ သဘောမထားကြဘဲနဲ့ မတူကွဲပြားမှုတွေကိုဘေးမှာထားပြီး နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအတွက် ရှေးရှုကာ ရှေ့လူ၊ နောက်လူ ဝိုင်းကူပေါင်းစပ်ဆောင်ရွက်ကြစေချင်ပါတယ်။ အင်းလေးကန်ကြီးဟာလည်းပဲ ပညာရှင်တွေသုံးသပ်သလိုကုစားဖို့လိုနေပြီဖြစ်တဲ့အတွက် ယခင်ဆောင်ရွက်ခဲ့တဲ့စီမံချက်တွေ၊ စီမံကိန်းတွေကို ပြန်လည်သုံးသပ်ပြီး ဒေသခံပြည်သူများနှင့်အတူ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ အင်းလေးကန်ဟာ ရှမ်းကုန်းပြင်မြင့်ရှိ ရပ်စောက်-ရွှေညောင်လွင်ပြင်အတွင်းမှာတည်ရှိသော သဘာဝ အားဖြင့်

ရေဝင်ရေထွက်ရှိတဲ့ ရေရှင် ရေချိုကန် ဖြစ်ပါတယ်။ အင်းလေးကန်မှာ လက်ရှိနှစ်များအတွင်း ရေအများဆုံးကာလဖြစ်တဲ့ စက်တင်ဘာလ၊ အောက်တိုဘာလများမှာ ကန်အနက်ဆုံးအပိုင်းရဲ့ရေ အနက်ဟာ ၁၀ ပေမှ ၁၂ ပေခန့်အတွင်းရှိပြီး ပျမ်းမျှရေအနက်ဟာ ငါးပေမှ ခုနစ်ပေခန့်အတွင်း ရှိပါ တယ်။ ရေအနည်းဆုံးဖြစ်တဲ့ ဧပြီလ၊ မေလများမှာတော့ ပျမ်းမျှရေအနက်ဟာ သုံးပေမှ ငါးပေခန့်အထိ ကျဆင်းသွားပါတယ်။ ထိုလများမှာ ရေအတိမ်ဆုံးအပိုင်းများကတော့ ကုန်းမြေအဖြစ်ထွက်ပေါ်လာပါ တယ်။ အင်းလေးကန်ဟာ ဂုဏ်ဖြစ်တည်လာတဲ့ သဘာဝအရပင် ရေတိမ်ရေကန်လည်းဖြစ်ပါတယ်။ အင်းလေးကန်တည်ရှိနေခြင်းကြောင့် အင်းသားဆိုတဲ့ မျိုးနွယ်စုတစ်ခုပေါ်ထွန်းလာခဲ့သလို အင်းလေး ကန်ရဲ့ သဘာဝအပေါ်အမှီပြုလို့ ကမ္ဘာကပင် အာရုံစိုက်အလေးဂရုပြုရသော ထူးခြားတဲ့ဂေဟစနစ်နဲ့ လူမှုစီးပွားပုံစံတို့ ဖြစ်တည်လာရပါတယ်။ ထင်ရှားကျော်ကြားလှတဲ့ ဖောင်တော်ဦးဘုရားပွဲခလေ့ဟာ လည်း အင်လေးကန်အပေါ် အမှီပြုပြီး ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ အင်းလေးကန်အတွင်း သဘာဝကျွန်းမျောများဖြစ်တည်နေခြင်းနဲ့ အဲဒီကျွန်းမျောမြေတွေကို အသုံးပြုပြီး ခရမ်းချဉ်းသီး အဓိက ဖြစ်တဲ့ ရာသီသီးနှံများကို ရေခြံဖြင့်စိုက်ပျိုးခြင်း၊ ရေပေါ်တွင် ခြေတံရှည်အိမ်ဖြင့်နေထိုင်ခြင်း၊ ခြေထောက်အသုံးပြုပြီး လှေလှော်ခတ်ခြင်းအလေ့အထတွေဟာ အင်းလေးဒေသရဲ့ ထူးခြားတဲ့ ဝိသေသတွေဖြစ်ပါတယ်။ ဘေးနံရံက ညိုမှောင်မြင့်မားတဲ့ တောင်တန်းနဲ့ ကျဉ်းမြောင်းတဲ့လွင်ပြင် အတွင်းမှာ စိမ်းလဲ့တဲ့အင်းလေးရေပြင်ကျယ်တို့ တွဲဖက်နေတဲ့သဘာဝအလှကိုလည်း အင်းလေးဒေသ ကပိုင်ဆိုင်ထားပါတယ်။ ဒီလိုထူးခြားချက်တွေကြောင့် အင်းလေးဒေသဟာ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များလာရောက်လည်ပတ်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသောဒေသအဖြစ် ရောက်ရှိနေပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်းနဲ့အတူ လက်ယက္ကန်း၊ ငွေထည်လုပ်ငန်း စတဲ့အိမ်တွင်းမှုလုပ်ငန်း ထုတ်ကုန်များရဲ့ ဈေးကွက်လည်း ဖြစ်လာပါတယ်။ အဲဒီဈေးကွက်ဟာ အင်းဒေသအတွင်းအတွက် သာမက မြန်မာနိုင်ငံတစ်နှံ့တစ်လျှားရှိ အလျှားတူဆက်စပ်လုပ်ငန်းများအတွက်ပါ မှီခိုရာဖြစ်လာပါ တယ်။ ဥပမာတစ်ခုပြောရရင် အင်းလေးထွက် ကြာချည်နဲ့ယက်လုပ်တဲ့ အထည်များအတွက် ကုန်ကြမ်း ကို မုံရွာ၊ စံလင်း၊ ကျောက်ဆည်၊ ပြည် စတဲ့ဒေသတွေကနေ တင်ပို့နေတာဖြစ်ပါတယ်။ ဒါ့အပြင် အင်းလေးကန်ကို အမှီပြုလို့ ဖြစ်ပေါ်လာတဲ့ အင်းသားလူမျိုးစုဟာလည်း လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအတွေးအခေါ်၊ နိုင်ငံရေးဖြစ်စဉ်တွေကြောင့် လူမျိုးစုကို အခြေခံတဲ့နိုင်ငံရေး ရည်မှန်းချက် များထားရှိလာတာ အထင်အရှားဖြစ်ပါတယ်။ လူမျိုးစုများစွာ အခြေခံပြီး ပေါင်းစပ်ဖွဲ့စည်းထားတဲ့ မြန်မာ့နိုင်ငံရေးရဲ့လှုပမှုမှာ အင်းလေးဒေသက တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးထားတယ်လို့ဆိုရင်

လည်း မှားမယ်မဟုတ်ပါဘူး။ ပြည်သူတွေအတွက် လူမှုရေးအားဖြင့်လည်းကောင်း၊ စီးပွားရေး အားဖြင့် လည်းကောင်း၊ နိုင်ငံရေးအားဖြင့်လည်းကောင်း တန်ဖိုးရှိတဲ့ အင်းလေးကန်ဟာ ဂေဟစနစ် ပျက်ယွင်း လာခြင်းရဲ့ဒဏ်ကို ကာလရှည်ကြာဆိုးရွားစွာခံစားနေရပါတယ်။

ဂေဟစနစ်ယိုယွင်းလာခြင်းဟာ လူနေမှုစနစ်ပြောင်းလဲလာခြင်းနှင့်အတူ တစ်ပါတည်းပါဝင် လာတဲ့ လူတွေရဲ့လုပ်ဆောင်ချက်တွေမှာ အဓိကတာဝန်ရှိနေတယ်ဆိုတာ ငြင်းလို့မရပါဘူး။ လူတွေလို့ ဆိုလိုက်တာနဲ့ နိုင်ငံတော်အစိုးရရဲ့မူဝါဒ၊ ပါဝင်ပတ်သက်နေတဲ့ ဌာနဆိုင်ရာများရဲ့အကောင်အထည် ဖော်ဆောင်ရွက်နေမှုများအပြင် ၎င်းဂေဟစနစ်တစ်ခုလုံးအတွင်းမှာ တစ်နည်းမဟုတ် တစ်နည်းအား ဖြင့် ပါဝင်နေကြတဲ့ပြည်သူများအားလုံးကို ဆိုလိုခြင်းဖြစ်ပါတယ်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်း သို့မဟုတ် အစိုးရဌာနဆိုင်ရာတစ်ခုတည်းနဲ့ ပျက်ယွင်းနေတဲ့ဂေဟစနစ်ကို ထိရောက် အောင်မြင်အောင် ပြုပြင်လို့မရနိုင်ဘူးဆိုတာကို အားလုံးနားလည်လက်ခံဖို့လည်း လိုပါတယ်။ နိုင်ငံတော်ရဲ့မှန်ကန်လက်တွေ့ကျတဲ့မူဝါဒ၊ ပတ်သက်ရာဌာနဆိုင်ရာများရဲ့မြေပြင်မှာ အမှန်ပူးပေါင်း ဆောင်ရွက်မှု၊ ပြည်သူများရဲ့ပါဝင်ပတ်သက်မှု ဒီအချက်အားလုံးဟာ ချန်လှပ်ထားခဲ့လို့မရအောင် အရေးပါနေတယ်ဆိုတာလည်း အထင်အရှားဖြစ်ပါတယ်။ အခုပြဿနာဟာ နိုင်ငံရေးအရ လိုအပ်ချက် တစ်ခုတည်းကြောင့်မဟုတ်ပါဘဲ ဘာသာရပ်ဆိုင်ရာ အသိအမြင်နည်းပါးမှုနဲ့ ပြည်သူအများရဲ့သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးနိမ့်ပါးမှုများအပေါ်မှာလည်း အကြောင်းရင်းခံရှိလို့နေပါ တယ်။ အင်းလေးကန်ဂေဟစနစ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ရေး မှာ ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်ကြောင့်ဆိုတာထက် လူအများရဲ့တွေးခေါ်မြော်မြင်ပုံနဲ့ ရပ်တည်ချက် တို့ဟာလည်း ပိုအရေးကြီးကြောင်း အတိတ်ကာလဖြစ်စဉ်များကို သုံးသပ်ခြင်းအားဖြင့် ကျွန်မတို့ ကောက်ချက်ချနိုင်ပါတယ်။ ဒီဂေဟစနစ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဟာ အချိန်နှင့်အမျှ စဉ်ဆက် မပြတ် ဆောင်ရွက်ရမှာဖြစ်တာကြောင့် လူတစ်ဦးချင်းစီရဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိုယ်ရည် ကိုယ်သွေးဟာ အချိန်ကာလကြာလာတာနှင့်အမျှ ပို၍ပို၍ အရေးပါလာမယ်ဆိုတာလည်း သတိပြုရပါ မယ်။ အင်းလေးကန်ရေရှည်တည်တံ့ရေးနဲ့ဂေဟစနစ် မပျက်သုဉ်းရေးအတွက် အထက်ဖော်ပြပါ လိုအပ်ချက်တွေကို ထိရောက်အောင်မြင်အောင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကဏ္ဍများအလိုက် အင်းလေးကန်ဒေသထိန်းသိမ်းရေးဆိုင်ရာ သီးခြားဥပဒေများ ပြဋ္ဌာန်းပေးရေးဟာ အရေးကြီးဆုံး လိုအပ်ချက် ဖြစ်ပါတယ်။ ပြည့်စုံထိရောက် ကျန်းမာကြံ့ခိုင်တဲ့ သီးခြားဥပဒေတွေမရှိပါဘဲ ကာကွယ် စောင့်ရှောက်ထိန်းသိမ်းရန် ဆိုတာမဖြစ်နိုင်ပါဘူး။ ဥပမာ လက်ရှိဓာတ်မြေဩဇာလို၊ သစ်တောလို

ဥပဒေမျိုးဟာ အင်းလေးကန်ဒေသအတွက် မလုံလောက်ပါဘူး။ လုံလောက်တဲ့ အင်းလေးကန်ဒေသန္တရဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရေးနှင့် လုပ်ငန်းဆောင်တာအရပ်ရပ်တို့ ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းပေးနိုင်ရေးအတွက် အာဏာအပြည့်အဝအပ်နှင်းထားသော အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ကို ဥပဒေနှင့်အညီ အတည်ပြုပြီး လုပ်ငန်းများကို ကြန့်ကြာမှုမရှိဘဲ ဦးစားပေးဆောင်ရွက်ကြရန် အရေးတကြီးလိုအပ်နေပြီဖြစ်ကြောင်းကိုလည်း ထောက်ပြလိုပါတယ်။ အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့မှာ ပါဝင်ကြသူများနဲ့ ဖွဲ့စည်းတည်ဆောက်ပုံတို့ဟာ လုပ်ငန်းလည်ပတ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဖြစ်စေရမယ့်အပြင် နောင်အစိုးရအဆက်ဆက်တို့ရဲ့ လက်အောက်မှာအရှည်တည်တံ့နိုင်မှုအတွက်လည်း ရေရှည်မြော်မြင်ပြီး ဖွဲ့စည်းသင့်ပါကြောင်း အကြံပြုလိုပါတယ်။ ရေဝေရေလဲအပါအဝင် အင်းလေးဒေသရဲ့ဂေဟစနစ်ထိန်းသိမ်းခြင်းနှင့် ၎င်းရဲ့သဘာဝအရင်းအမြစ်ကို ထုတ်ယူသုံးစွဲရာမှ ဖြစ်တည်လာတဲ့ လူမှုစီးပွားပုံစံတို့အကြား အပြန်အလှန်ထိခိုက်မှုအနည်းပါးဆုံးဖြစ်စေမယ့် မျှခြေတစ်ခု တည်ဆောက်ရန် အစိုးရ၊ ပြည်သူ၊ လူမှုအဖွဲ့အစည်းအားလုံး ပါဝင်ကြိုးစားနိုင်ကြဖို့သာ လိုရင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အင်းလေးကန်ရဲ့ သဘာဝအားဖြင့် ကျန်းမာစွာတည်ရှိနေမှုကို ခြိမ်းခြောက်နေခြင်းဟာ အင်းသားလူမျိုးစုရဲ့စရိုက်လက္ခဏာကို ခြိမ်းခြောက်နေခြင်းဖြစ်သလို မြန်မာတို့ပိုင်ဆိုင်ထားတဲ့ သဘာဝအမွေအနှစ်ကို ခြိမ်းခြောက်လာခြင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် အခုပြုစုလျက်ရှိတဲ့ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေဟာ စာရွက်ပေါ်က ဝတ္တရားကျေဥပဒေမဟုတ်ဘဲ လက်တွေ့အသုံးချအသက်ဝင်လာဖို့အတွက် ဒီအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်

များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုးရဲ့ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်သော စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့စပ်လျဉ်းပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

ကနဦးအနေနဲ့ အင်းလေးကန်ကြီးရေရှည်တည်တံ့ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများကနေပြီးတော့ အချက်အလက်ပြည့်စုံစွာနဲ့ တင်ပြဆွေးနွေးသွားတဲ့အတွက်ကြောင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ တင်ပြချက်များမှာ ပါဝင်ပြီးဖြစ်တဲ့ အချို့အချက်အလက်များကို ကျွန်တော် မဖော်ပြဘဲနဲ့ ကျွန်တော့်ရဲ့ သီးခြားတင်ပြချက်ကို တင်ပြပါ့မယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။

အင်းလေးကန်ကြီးဟာ ကန်းရဲ့သက်တမ်းကြာမြင့်လာခြင်း၊ အင်းလေးကန်ရေဝေရေလဲအတွင်း နေထိုင်သူတိုးပွားလာခြင်းနှင့်အတူ သစ်နှင့်ထင်းလောင်စာများ မြင့်မားတိုးတက်လာခြင်း၊ စိုက်ပျိုးမြေ တိုးချဲ့ခြင်း၊ ဓာတုဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးများ အလွန်အကျွံအသုံးပြုခြင်း၊ ရေနှင့်မြေဆီလွှာ ထိခိုက်စေတဲ့နည်းလမ်းများ ကျင့်သုံးခြင်း၊ ဌာနဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းစသည် တို့ကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများဖြစ်လာပြီးတော့ ကန်ရေပြင်တိမ်ကောလာခြင်း၊ နှစ်စဉ် ရေခမ်းခြောက်လာခြင်းအန္တရာယ်ကြုံတွေ့ရခြင်း၊ ရေအရည်အသွေးကျဆင်းလာခြင်းစတဲ့ ယိုယွင်း ပျက်ဆီးမှုများ ဖြစ်ပေါ်လာတာတွေကို တွေ့ရှိခံစားရမှာဖြစ်ပါတယ်။ ၁၉၉ဝ ခုနှစ်၊ ၂ဝဝ၅ ခုနှစ်၊ ၂ဝ၁ဝ ခုနှစ်၊ ၂ဝ၁၅ ခုနှစ်၊ ၂ဝ၁၇ ခုနှစ်များရဲ့ အင်းလေးကန်ရေပြင်ဧရိယာ ပြောင်းလဲမှုကို ပုံမှာတင်ပြတဲ့ အတိုင်းတွေ့ရပါတယ်။ တဖြည်းဖြည်းနဲ့ ကျဉ်းမြောင်းလာပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အင်းလေးကန်နဲ့ပတ်သက်ပြီးတော့ ပြုပြင်တဲ့နေရာမှာ အခုမှမဟုတ်ပါဘူး။ ဟိုးလွန်ခဲ့သော နှစ်ပေါင်း ၁၅ဝ ကတည်းက ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ နှစ်ပေါင်း ၁၅ဝ ခန့်က ညောင်ရွှေ စော်ဘွားကြီးဟာ အဲဒီအင်းလေးကန်ထဲကို နုန်းတွေမကျရန်အတွက် ကန်ပေါင်း ကိုးခုတည်ဆောက်ခဲ့ ကြောင်း တွေ့ရပါတယ်။ ဒီညောင်ရွှေအနားမှာရှိတဲ့ သာစုကန်၊ နဒီကန်၊ တောင်ကြီးအနားမှာရှိတဲ့ ကျီးဖြူကန်အစရှိတဲ့ ကန်ပေါင်းကိုးခန်ကို တည်ဆောက်ခဲ့တာ တွေ့ရပါတယ်။ အဲဒီကန်ထဲကို

ကျွန်တော်တို့ သိရသလောက် ကွဲမျှားကို ဆင်းပြီးတော့ကူးခိုင်းပါတယ်။ ကူးပြီးလို့ရှိရင် ဒီကွဲတွေကို အပြင်မှာထုတ်ပြီးတော့ ခါခိုင်းပါတယ်။ တစ်နည်းအားဖြင့် ကွဲနှင့်အတူပါလာတဲ့ နုန်းများကို အပြင်မှာဆည်တဲ့သဘောဖြစ်ပါတယ်။ ဘာကြောင့်လုပ်ရသလဲဆိုတော့ ညောင်ရွှေမြို့နဲ့ ၃ မိုင် ၅ ဖာလုံဝေးတဲ့နေရာ၊ ညောင်ရွှေနဲ့ ရွှေညောင်လမ်းဆုံကနေပြီးတော့ ၃ မိုင် ၃ ဖာလုံကွာဝေးတဲ့ ပေါရိသတ်ဆိုတဲ့မြို့ဟောင်းဖြစ်ပါတယ်။ ပုံမှာပြထားပါတယ်။ အဲဒီ ပေါရိသတ်မြို့ဟောင်းဟာ မြို့ဟာ နှစ်ပေါင်း ၈၀၀ ကျော်ကတည်းက ပုဂံနှင့်အတူ ကြီးပွားခဲ့တဲ့၊ ဖွံ့ဖြိုးခဲ့တဲ့ မြို့တော်ကြီးဖြစ်ပါတယ်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့တဲ့အခါမှာ ဒီမြို့တော်ကြီးမှာ လူသူကင်းမဲ့သွားပါတယ်။ အဲဒီမှာနှစ်ပေါင်း ၂၀၀ အတွင်း အင်းလေးကန်ထဲကျလာတဲ့နုန်းတွေကြောင့် အဲဒီ ပေါရိသတ်မြို့ဟာ သူ့မြို့ရိုးပဲမြင်ရပါတယ်။ ခုနက Power Point လေးပဲ ပြန်ပြပါခင်ဗျား။ အဲဒါကို ၁၉၆၀ ခုနှစ်လောက်က သစ်တောမင်းကြီးဦးအောင်မြင့်ကနေပြီးတော့၊ အပေါ်ကနေပြီးတော့ ကောင်းကင်ဓာတ်ပုံဖြင့် ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ အခုထိလည်းပဲ အဲဒီပေါရိသတ်မြို့ဟာ မြို့ရိုးလေး ပေါ်ရုံးလေးပဲဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ညောင်ရွှေစော်ဘွား အဆက်ဆက်ဟာ ခုနကကန်များကို တည်ဆောက်ပြီးတော့ ရှေးကကတည်းက အင်းလေးကန်ကြီးအတွင်းနုန်း မကျအောင်ဆိုပြီးတော့ ပြုပြင်ထိန်းသိမ်းခဲ့ပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးများတင်ပြတဲ့ အတိုင်းပါပဲ ၁၉၁၅ ခုနှစ်မှာ အင်းလေကန်မှာစပြီးတော့ မြေပြိုတိုက်စားမှုတွေနည်းအောင်ဆိုပြီးတော့ ညောင်ရွှေမြို့မှာ စိုက်ပျိုးရေး ဌာနကနေပြီးတော့ စမ်းသပ်ကွက်များကို တည်ထောင်ခဲ့ပါတယ်။ အဲဒီနည်းတူပဲ ၁၉၃၇ ခုနှစ်မှာ သစ်တောအရာရှိတစ်ဦးကိုခန့်အပ်ပြီးတော့ ပင်းတယ-ပင်လောင်း-ကလော မှာမြေပြိုတိုက်စားမှု တွေကိုလည်းပဲ ကာကွယ်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၄၄ ခုနှစ်မှာ ထုတ်ခဲ့တဲ့ Deputy Conservator of Forest Mr. TS. Thompson ရဲ့ Soil Erosion and Its Control in the Shan States, Burma ဆိုတဲ့ စာအုပ်ထဲမှာလည်းပဲ မြန်မာပြည်မှာ ခုနကပေါ့လေ အစဆုံး မြေဆီလွှာတိုက်စားမှုကို ဘယ်လို ဆောင်ရွက်ခဲ့လဲဆိုတာကို သေသေချောချာဖော်ပြထားပါတယ်။ သို့သော်လည်းပဲ ဒီလုပ်ငန်းများဟာ ဂျပန်ခေတ်မှာ ရပ်ဆိုင်းသွားပါတယ်။ ၁၉၄၇ ခုနှစ်မှ ၁၉၄၉ ထိကိုတော့ Soil Conservation Officer တစ်ယောက်မြေယာထိန်းသိမ်းရေးအရာရှိများခန့်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ ငါးနှစ် စီမံကိန်းချပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၅၀ ကနေပြီးတော့ သစ်တောဌာနနှင့်စိုက်ပျိုးရေးဌာနတို့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီနောက် ၁၉၆၂ ခုနှစ်မှာ Special Soil Conservation

Unit ဆိုပြီး တည်ထောင်ခဲ့တာ ၁၉၈၄ ခုနှစ်မှာ အဲဒီဌာနကြီးဟာ ဘတ်ဂျက်အခက်အခဲကြောင့် ပြန်လည်ပြီးတော့ရုပ်သိမ်းခဲ့ရပါတယ်။

ဒါကြောင့်မို့ အဲဒီကစပြီးတော့ ၁၉၇၀ ခုနှစ်ကျော်ကစပြီးတော့ သစ်တောဦးစီးဌာနအနေနဲ့ ကတော့ နီးစပ်ရာတွေမှာ Soil Conservation အလုပ်တွေကို လုပ်ကိုင်ခဲ့ပါတယ်။ အင်းလေးကန် အတွက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ယခင်က ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို Power point မှာ အကျဉ်းတင်ပြပါ့မယ်။ ဒါဟာလည်းပဲ ကိုယ်စားလှယ်တော်ကြီးများ တင်ပြပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်အထူးပြောစရာမလိုပါဘူး။ ထို့အပြင် ၂၀၁၀ ခုနှစ်မှာ ဖြစ်ပေါ်လာခဲ့တဲ့ အင်မတန်ထူးခြားတဲ့ အင်းလေးကန်အတွင်း ရေခမ်းခြောက်မှုကြောင့် အင်းလေးကန်ရေရှည်တည်တံ့ ရေးနဲ့ သဘာဝပတ်ဝန်းကျင်အခြေအနေများ ထိန်းသိမ်းရေးစီမံချက် ၂၀၁၀ -၂၀၁၁ ကနေပြီးတော့ ၂၀၁၄-၂၀၁၅ ငါးနှစ်စီမံကိန်းကို ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ Power Point မှာ တွေ့မြင်တဲ့ပုံဖြစ်ပါတယ်။ အဲဒီတော့ အင်းလေးကန်ဒေသမှာ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန် အင်းလေးကန်ရဲ့အရေးပါမှုနှင့် နိုင်ငံတကာ အရေးကြီးထိန်းသိမ်းကာကွယ်ရမည့် နယ်မြေအဖြစ်ဆက်စပ်ပါဝင်သူများအကြား ပိုမိုနားလည်မှုသိရှိ လာရန်၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်အတွက် UNDP ရဲ့အကူအညီနဲ့ အင်းလေးကန် ရေရှည်တည်တံ့ရေးအလုပ်ရုံးဆွေးနွေးပွဲ Stakeholders Consultation Workshop on Sustainable Conversation of Inlay Lake ကို သစ်တောဦးစီးဌာန ရှမ်းပြည်နယ်၊ တောင်ကြီးမှာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နှင့် ၂၉ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီအစည်းအဝေးမှာ တက်ရောက်ခဲ့ပါတယ်။

အင်းလေးကန်ဒေသပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်ရေးအတွက် အင်းလေးကန် ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများကို ထိန်းသိမ်းရေး ငါးနှစ်လုပ်ငန်းစီမံချက် များကို ၂၀၁၅-၂၀၁၆ ကနေပြီးတော့ ၂၀၁၉-၂၀၂၀ ထိကို ဆက်စပ်ပါဝင်သူများနှင့် အကောင်အထည် ဖော်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ ငါးနှစ်တာစီမံချက်မှာဖြင့် အင်းလေးကန် အုပ်ချုပ်ရေးအဖွဲ့ကဦးဆောင်ပြီးတော့ သက်ဆိုင်ရာလုပ်ငန်းစဉ်၊ ခေါင်းစဉ်များအလိုက် ဒေသအာဏာ ပိုင်တွေ၊ အထွေထွေအုပ်ချုပ်ရေး၊ သစ်တော၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆည်မြောင်း၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ ကျေးလက်ဖွံ့ဖြိုးရေး၊ မြေစာရင်း၊ ဟိုတယ်နှင့်ခရီး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ တောင်ကြီးတက္ကသိုလ်၊ INGO၊ NGO၊ CSO၊ CVO၊ ဟိုတယ်လုပ်ငန်းရှင်များ၊ မြို့နယ်ဖွံ့ဖြိုးရေး

အထောက်အကူပြုကော်မတီများ၊ အင်းသားစာပေအသင်း၊ ကျွန်းမျှောတောင်သူများ၊ ခရမ်းချဉ်သီး ထုတ်လုပ်သူများအသင်းစတဲ့ ဆက်စပ်အဖွဲ့အစည်းများနဲ့ အသီးသီးကနေပြီးတော့၊ ပူးပေါင်းပြီးတော့ အဲဒီမှာ အင်းလေးကန်ကြီးအတွက်ကို အင်းလေးကန်ပြန်လည်ထိန်းသိမ်းရေးအတွက်ကို ကျွန်တော်တို့ ဆွေးနွေးကြပါတယ်။ ဆွေးနွေးပြီးတော့ အင်မတန်ကောင်းမွန်ပြည့်စုံတဲ့၊ ခုနက ကျွန်တော်တင်ပြတဲ့ ငါးနှစ်စီမံကိန်းကို ရေးဆွဲခဲ့ပါတယ်။ အဲဒီစီမံကိန်းမှာပါတဲ့အတိုင်းကိုတော့ ခုနက ပထမနေ့မှာ ဦးနေမျိုး(ခ)ဦးဝင်းမြင့်ဦး ပြောတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ အချက်ကိုးချက်ကို လုပ်ငန်းကြီးကိုးချက် နဲ့ဆွဲပြီးတော့ လုပ်ကိုင်ခဲ့ပါတယ်။ လုပ်ဖို့အတွက် ကျွန်တော်တို့ ရေးဆွဲခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရ အနေနဲ့ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ဖွဲ့စည်းရာမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဆောင်ပြီးတော့ ဝန်ကြီးများ၊ ပြည်သူ့ကိုယ်စားလှယ်တော်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်တဲ့ဒေသဆိုင်ရာ၊ သက်ဆိုင်တဲ့ဌာနအဖွဲ့အစည်းများ၊ ဒေသခံများပါဝင်တဲ့ အဖွဲ့အစည်းများနဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒီအဖွဲ့အစည်းများကို UNDP အကူအညီနဲ့ထောက်ပံ့မှုများပေးပြီးတော့ ပွင့်လင်းမြင်သာမှုကို ချပြဖို့အတွက် အင်းလေးကန်ရေရှည် တည်တံ့ရေးနဲ့ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ဖို့အတွက် ဆက်စပ်တဲ့ဌာနတွေ၊ လူမှုရေးအဖွဲ့ အစည်းတွေ ဒေသခံပြည်သူများရဲ့သဘောထားကို ရယူပြီးတော့ စီမံကိန်းအဆိုပြုလွှာများကို ခေါ်ယူခဲ့ ပါတယ်။ ခေါ်ယူပြီးတော့ အဲဒီစီမံကိန်းကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေနှင့် နည်းဥပဒေ၊ မူကြမ်းများကိုလည်းပဲ ရှမ်းပြည်နယ်အစိုးရကနေပြီးတော့ ပြဋ္ဌာန်းနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်တဲ့ဌာနများ၊ လူမှုရေးအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် သဘော ထားရယူပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ပုံကတော့ မူကြမ်းဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ သဘောထားကိုလည်းပဲရယူပြီးတော့ ဆွေးနွေးနေဆဲဖြစ်ပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ အင်းလေးကန်ရေရှည်တည်တံ့စေရေးနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၁၈-၁၀-၂၀၁၆ ရက်နေ့စာအရ အင်းလေးကန်အာဏာပိုင်အဖွဲ့ဆိုတဲ့အစား အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီးတော့ အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်များကိုလည်းပဲ ချမှတ်ခဲ့ပါတယ်။ ကျွန်တော့်ကို Power Point ဖြင့်တင်ပြခွင့်ပြုပါ။

အဲဒီမှာဘာတွေပါလည်းဆိုလို့ရှိရင် အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့မှာ (က)လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ (ခ) နည်းပညာဆိုင်ရာအကြံပေးကော်မတီ၊ (ဂ) ဘဏ္ဍာငွေကြီးကြပ်ရေး လုပ်ငန်းကော်မတီဆိုပြီးတော့ ကော်မတီသုံးခုကို ဖွဲ့စည်းထားပါတယ်။ တဖန် အင်းလေးကန်ကရရှိလာ တဲ့ Trust Fund နဲ့ပတ်သက်ပြီးတော့ အင်းလေးကန် Trust Fund Management Committee ဆိုပြီးတော့ သုံးမျိုးခွဲထားပါတယ်။ (က) သစ်တောပြန်လည်ထူထောင်ရေးနှင့် ထိန်းသိမ်းရေးအဖွဲ့ ကော်မတီ၊ (ခ) ကန်ရေပြင်နှင့် နုန်းပို့ချမှုထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ (ဂ) ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးကော်မတီဆိုပြီးတော့ ကော်မတီသုံးခုခွဲထားပါတယ်။ အားလုံး အင်းလေးကန် အုပ်ချုပ်ရေးအဖွဲ့ကို စနစ်ကျစွာနဲ့ ဖွဲ့စည်းထားကြောင်းကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အင်းလေး ကန်ရေရှည်တည်တံ့ရေးအတွက် Trust Fund ရန်ပုံငွေတည်ထောင်ထားမှုနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ရရှိတဲ့ Data အရဆိုရင် ၁၃-၆-၂၀၁၇ နေ့အထိဆိုလို့ရှိရင် ဝင်ငွေပေါင်း ကျပ်သိန်းပေါင်း တစ်သောင်းကျော်ရရှိပြီးတော့ ထုတ်ယူသုံးစွဲတဲ့ငွေပေါင်းကလည်း ကျပ်သိန်းပေါင်း ၄၀၀၀ ကျော် ထုတ်ယူသုံးစွဲခဲ့ပါတယ်။ လက်ကျန်ငွေစုစုပေါင်းကလည်း ကျပ်သိန်းပေါင်း ၈၇၀၀ ကျပ်ရှိကြောင်းကို လည်းပဲ တွေ့ရှိရပါတယ်။ ဝင်ငွေအသေးစိတ်ကိုတော့ Power Point မှာ သုံးစွဲပုံများကို ရရှိငွေနဲ့ Power Point မှာ တင်ပြထားပါတယ်။ အဆိုပါသုံးစွဲငွေများဟာ အင်းလေးကန်ရေရှည်တည်တံ့ရေး အတွက် ဆောင်ရွက်ခဲ့ပြီးတော့ ဒေသခံများက တင်ပြလာတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်းလေး ကန်အုပ်ချုပ်ရေးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်များနဲ့ အကောင် အထည်ဖော်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အင်းလေးကန်ဇုန်ဝင်ကြေးရဲ့ ၅၀ ရာခိုင်နှုန်းကို တော့ Trust Fund ငွေထည့်ဝင်ပြီးတော့ အင်းလေးကန်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိကြောင်း သိရပါတယ်။ တစ်နည်းအားဖြင့်ပြောမယ်ဆိုလို့ရှိရင်တော့ အင်းလေးကန်ကို တစ်နှစ် သုံးစွဲတဲ့ငွေဟာ အမေရိကန်ဒေါ်လာအားဖြင့် တစ်သန်းခန့်ရှိတယ်လို့ ကျွန်တော်တို့ ဒီလိုပြောလို့ရပါ တယ်။

ဒါကြောင့်မို့လို့ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးကနေပြီးတော့ ညောင်ရွှေမြို့နယ်မှာရှိတဲ့ အင်းလေးကန်ကြီးရေရှည်တည်တံ့ ရေးအတွက် အစိုးရ၊ ပြည်သူအားလုံးပါဝင်တဲ့ စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများချမှတ် ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီးတော့ လက်ရှိရေးဆွဲထားတဲ့ ထိန်းသိမ်းရေးငါးနှစ်လုပ်ငန်းစီမံချက်ပါ ကျွန်တော်ခုနက ဖော်ပြထားခဲ့တဲ့ ကိုယ်စားလှယ်တော်ကြီး

များလည်းတင်ပြပြီးလည်းဖြစ်တဲ့ လုပ်ငန်းကြီးကိုးရပ်ကို ဆက်စပ်သူအားလုံး ဆက်စပ်ဝန်ကြီးဌာန အဖွဲ့အစည်းများရဲ့ လုပ်ငန်းအစီအစဉ်များမှာ ထည့်သွင်းဆောင်ရွက်ခြင်း၊ အင်းလေးကန်အုပ်ချုပ်ရေး အဖွဲ့တွင် ပြည်နယ်အစိုးရဝန်ကြီးချုပ်အဆင့်ကနေပြီးတော့ ဦးဆောင်၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေ ခြင်း၊ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် အင်းလေးကန်ထိန်းသိမ်းရေး၊ ကာကွယ်ရေးနှင့် နည်းဥပဒေမူကြမ်းများကို ပြဋ္ဌာန်းနိုင်ရန် ရှမ်းပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်နေသည်ကို နိုင်ငံနှင့် ပြည်တွင်းပြည်ပတို့ကနေပြီးတော့ ရန်ပုံငွေအထောက်အပံ့များဖြင့် ထိထိရောက်ရောက် အကောင် အထည်ဖော်နေခြင်းတို့ကြောင့် အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် ဆက်လက်ဆောင်ရွက် ပါက ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ သို့ကြောင့်မို့ ကျွန်တော့်အနေနဲ့ ကတော့ ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့အဆိုကို မှတ်တမ်းတင်ထားရှိ ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ အားလုံးကိုလေးစားပါတယ်။ အခုလို ပြည့်ပြည့်စုံစုံရှင်းပြသွားတဲ့ ပြည်ထောင်စုဝန်ကြီးနှင့် ကျွန်တော့်ရဲ့အဆိုကို ထောက်ခံဆွေးနွေး သွားတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဒီအဆိုကို တင်သွင်းရ ခြင်းရဲ့ရည်ရွယ်ချက်ကိုက ကျွန်တော်တို့ သားဆိုးကြီးတွေကို အိုမင်းမစွမ်းအထိလုပ်ကျွေးနေရတဲ့ အင်းလေးကန်ကြီးဟာ အိုမင်းမစွမ်းရုံအပြင် ကုလို့မှရပါ့မလားဆိုတဲ့ ကင်ဆာရောဂါအခြေအနေထိ ဖြစ်နေလို့ အချိန်နဲ့တစ်ပြေးညီ စဉ်ဆက်မပြတ် အစိုးရ၊ ပြည်သူပူးပေါင်းဆောင်ရွက်စေချင်လို့ ဒီအဆို တင်သွင်းရခြင်းဖြစ်ပါတယ်။ နောက်ကျွန်တော့် အဆိုမှာ ဒါလုပ်နေပါတယ်။ အရင်ကလည်း အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် လုပ်နေပါတယ်။ အခုလည်းလုပ်နေပါတယ်။ ဒါပေမဲ့ ဒီနေ့ဒီအချိန်ထိ အရှိန်အဟုန်နဲ့ကို အင်းလေးကန်ကြီးဟာ ပျက်စီးယိုယွင်းနေတာဖြစ်ပါတယ်။ မလုပ်ဘူးလို့ ကျွန်တော်လည်းမပြောပါဘူး။ ထို့အတူပဲ ဒီလို ထိရောက်အောင်လုပ်ဖို့ ခုနကပြောတဲ့ Lake Authority လို့ခေါ်တဲ့ အင်းလေးကန်အုပ်ချုပ်ရေးအဖွဲ့ကြီးလည်း ဖွဲ့စည်းထားပါပြီ။ အစည်းအဝေးလည်း အကြိမ်ကြိမ်ခေါ်ပါတယ်။ အစိုးရရုံးမှာလည်း ခေါ်တယ်။ ကျွန်တော်တို့ ညောင်ရွှေမှာလည်း အစည်းအဝေးပေါင်းများစွာခေါ်ပါတယ်။ လက်တွေ့ဘာမှမထွက်လာသေးပါဘူး။ ပြည်သူတွေရဲ့အမြင်က Lake Authority ဆိုတဲ့အဖွဲ့ကြီးက ဖြူလား၊ မည်းလားလဲ မဲဆန္ဒရှင်တွေက သိချင်နေပါတယ်။ ထို့အတူပဲ Lake Authority ဆိုတဲ့အဖွဲ့ကြီးဟာ သာရေးနာရေးအသင်းလောက်

တောင် အသုံးမဝင်ဘူးလားဆိုပြီးတော့ ပြည်သူတွေက ကျွန်တော်တို့ကို ဝေဖန်နေပါတယ်။ ထို့အတူပဲ အရင်လကပဲ ခြိမ့်ခြိမ့်သဲ ကျွန်တော်တို့ Lake Authority ရုံးကြီးကို ဖွင့်ခဲ့ပါတယ်။ နောက်တစ်နေ့ ကစပြီး ဒီနေ့အထိ သော့ခတ်ထားပါတယ်။ အင်းလေးကန်ရေရှည် တည်တံ့ရေးဥပဒေကိုလည်း လွန်ခဲ့တဲ့သုံးလက အားလုံးပါဝင်ပြီးတော့ ခုနက ဝန်ကြီးပြောသလို ရေးဆွဲခဲ့ပြီးပါပြီ။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုလည်း တင်ထားပါပြီ။ အဲဒီထဲမှာလည်း Lake Authority ရုံးခန်းမှာ ထိုင်ဖို့ ရုံး Staff တွေ၊ အထွေထွေမန်နေဂျာတွေအတွက်လည်း ဒီဥပဒေထဲမှာထည့်ဆွဲထားပြီးပါပြီ။ ရုံးထိုင်ဖို့က ခုထက်ထိတော့ မရွေးချယ်ရသေးပါဘူး။ ဒါကြောင့် ဒီဥပဒေကြီးကပြင်ရင်း၊ ဆင်ရင်းနဲ့ လွှတ်တော်မှာ ကြာဦးမယ်။ ဖြည်းဖြည်းလုပ်ရမယ်လို့ ကျွန်တော်တို့ကိုပြောပါတယ်။ အဲဒီဥပဒေကြီးပြီးမှ ရုံးကြီးက ဖွင့်ရမှာလား၊ တကယ်လို့ အဲဒီဥပဒေကြီးပြီးသွားရင် အင်းလေးကြီးကကောသွားလောက်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်စိုးရိမ်ပူပန်တဲ့အတွက်ကြောင့် ဒီအဆိုကိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ နောက်အစိုးရရုံးမှာပဲ ဒါနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ကိုယ်တွေ့မျက်မြင်ဖြစ်သွားတဲ့ အတွက်ကြောင့် သူနိုင်ငံ တကာသွားတဲ့အချိန်မှာ အဲဒီရဲ့အကျိုးဆက်ကြောင့် ချက်ချင်း JACA ကနေ အရင်လကပဲ ကျွန်တော်တို့ အစိုးရရုံးမှာ တွေ့ပါတယ်။ ရှင်တို့တွေအများကြီးလုပ်ခဲ့တယ်ဆိုတဲ့၊ ကျွန်မတို့ အင်းထဲကိုသွားကြတာ ဘာမှလုပ်ဆောင်ထားတာမတွေ့ဘူးဆိုပြီး ဝေဖန်ခံရပါတယ်။ ဒါအစိုးရရုံးမှာ ဝန်ကြီးချုပ်အပါအဝင်ပါပဲ။ ဒီလို ကျွန်တော်တို့အကောင်အထည်မပြနိုင်တဲ့ လုပ်ဆောင်မှုတွေရှိခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ တကယ်ထိရောက်တဲ့အလုပ်တွေလုပ်ချင်လို့ ဒီအဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ နောက်ဧည့်ဝတ်ကျေပွန်လွန်းတဲ့ ကျွန်တော်တို့ကို ပြပြီးတော့ ဒေါ်လာတွေယူသွားပေမဲ့ ကျွန်တော်တို့ဘဝကတော့ အမှိုက်ရှင်း၊ အညစ်အကြေးရှင်းဘဝကနေ ပိုမိုထိရောက်ပြီးတော့ လက်တွေ့လုပ်ငန်းမှာ ပါဝင်ဆောင်ရွက်ချင်ပါတယ်။ အခု ဥပဒေတွေကလည်း အရင်က အင်းလေးကန်ပတ်ပတ်လည်မှာ ဟိုတယ်တွေဆောက်ခဲ့လို့ အုတ်ကန်ကြီးသာသာဖြစ်သွား ပေမဲ့ ဒီအစိုးရလက်ထက်မှာ ဟိုတယ်ကို အငှားအနေနဲ့ပဲ ၂၃ နှစ်အငှားနဲ့ ပေးဆောက်ပါတယ်။ ဒါပေမဲ့ ၂၃ နှစ်ပြည့်ရင် အင်းလေးကောတော့မှာပဲ။ အဲဒီတော့ အရင်ကဥပဒေတွေ ဘယ်လိုပဲတင်းကြပ် တင်းကြပ် ငွေမြင်ရင်မူပြင်ပြီးလုပ်ခဲ့တာတွေ အများကြီးကြောင့် ယနေ့ထက်အထိ ပျက်စီးသွားတာကို ကျွန်တော် ဆိုလိုရင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ Impact တွေစဉ်းစားကြရင် ကျွန်တော်တို့ ငါးတွေပွားရမယ်။ ရေကန်ကြီးကျယ် ရမယ်။ သစ်ပင်တွေကိုချစ်ရမယ်။ ဇီဝမျိုးစိတ်တွေများအောင်လုပ်ရမယ်။ ဒါပေမဲ့ ကျွန်တော်တို့

အင်းထဲမှာနေတဲ့ လူတွေကြတော့ ပွားလို့မရ။ တကယ့်လူမှုအခက်အခဲနဲ့ တွေ့ရှိနေပါတယ်။ သူတို့မှာ အိမ်ဆောက်လို့လည်းမရ။ ဆွေစဉ်မျိုးဆက် နှစ်ပေါင်းရာကျော်နေလာတဲ့ အင်းသားကြီးတွေဟာ ကျူးကျော်ဖြစ်လို့ဖြစ် ဒီလို Impact တွေကိုလည်း ရှောင်ရှားစေချင်လို့ ကျွန်တော် ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ရေရှည် ကျွန်တော်တို့အင်းလေးဒေသကြီးကို မနက်ဖြန်ပဲ ကျွန်တော်တို့က စလုပ်ချင်နေပါပြီ။ အဲဒီအတွက်ကြောင့် ထိရောက်တဲ့လုပ်ငန်း၊ စဉ်ဆက်မပြတ်လုပ်ငန်း မိုးရာသီမှာဘာလုပ် မယ်။ နွေရာသီမှာဘာလုပ်မယ်။ ချက်ချင်းလုပ်မှ ဘတ်ဂျက်ကိုစောင့်နေလို့ ရေကြီးသွားမှ လုပ်ရတာ၊ ဖောင်တော်ဦးဘုရားပွဲနီးမှ အရေးပေါ်လုပ်ရတဲ့ ခေါက်ရိုးကျိုးနည်းတွေကို ကျွန်တော်တို့ ကျော်ချင်လို့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် လွှတ်တော်ကြီးက ကျွန်တော့်ရဲ့အဆိုကို မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်ရှစ်ဦးက ဆွေးနွေးပြီး သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်(အင်္ဂါနေ့) နံနက် ၁၀

နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၀၇။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၄း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ (၂၆.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးတင်နု(ခ)ဦးတင်နုအောင်
(မာန်အောင် မဲဆန္ဒနယ်)



ဒေါ်တင်တင်ရီ
(ကျွန်းစု မဲဆန္ဒနယ်)




ဒေါ်မာမာခိုင်
(သထုံ မဲဆန္ဒနယ်)



ဒေါ်နန်းခမ်းအေး
(နမ္မတူ မဲဆန္ဒနယ်)



ဦးသန်းစိုး
(သာစည် မဲဆန္ဒနယ်)



ဦးခင်အေး
(နတ်တလင်း မဲဆန္ဒနယ်)



ဦးအုန်းခင်
(ပုလော မဲဆန္ဒနယ်)



ဒေါ်ဇင်မာအောင်
(ရန်ကင်း မဲဆန္ဒနယ်)



ဗိုလ်ချုပ်အောင်စိုး (ဒုဝန်ကြီး)
ပြည်ထဲရေးဝန်ကြီးဌာန



ဒေါက်တာထွန်းနိုင် (ဒုဝန်ကြီး)
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်